www.burmeseclassic.com



www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# အရှေ့ကျွန်းမှပလွေရှင်

BURMESE CLASSIC .com

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## မရဏာမြေ

ပြာလွင်လွင်ကောင်းကင်အောက်တွင် စိမ်းလန်းသော တောအုပ်များနှင့် မှိုင်းညို့သော တောင်ကုန်းတောင်တန်းများ ပျပ်ပျပ်ဝပ်ဝပ်ရှိနေသည်။

တောင်ကြားလမ်းသို့ဦးတည်နေသော မြေနီလမ်းလေးသည် မြွေတစ်ကောင် ဝပ်စင်းနေသည့်ပမာ ကွေ့ကွေ့ကောက်ကောက်ရှိနေသည်။

ထိုမြေနီလမ်းလေးအတိုင်း တောင်ကြားဆီသို့ မြင်းလှည်းတစ်စီး ဦးတည်မောင်းနှင်လျက်ရှိသည်။ လေအဟုန့်တွင် ...

'ဟီး .. ဟီး .. ဟီး'

မြင်းခွာသံ၊ မြင်းဟီသံများ ပျံ့လွင့်လာ၏။ ထွားကျိုင်းသန်မာလှသော အုန်းခွံရောင် မြင်းကြီးနှစ်ကောင်က မြင်းလှည်းကိုဆွဲကာ ဒုန်းစိုင်းနှင်နေခြင်း ဖြစ်လေသည်။

မြင်းလှည်းသမားမှာ အသက် နှစ်ဆယ်ခန့်သာ ရှိသေးသော လူငယ်တစ်ယောက် ဖြစ်သည်။ ယောကျ်ားပီသသော ဥပမိရုပ်ရှိပြီး အရွယ်ငယ်သော်လည်း ဘဝအတွေ့အကြုံ ရင့်ကျက်နေသည့်အသွင်

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်မျိုး ရှိလေသည်။

မြင်းလှည်းသမား လူငယ်၏အမည်မှာ 'ယင်ကျင်း' ဖြစ်သည်။ ယင်ကျင်းသည် ဟန်ကျူးမြို့ဇာတိဖြစ်ပြီး မိအိုဖအိုနှစ်ပါးအား မြင်းလှည်းမောင်းကာ ရှာဖွေကျွေးမွေးနေသူဖြစ်လေသည်။

ခါတိုင်းဆိုလျှင် ယင်ကျင်းသည် သူ၏မြင်းလှည်းဖြင့် ဟန်ကျူးမြို့အနီး ပတ်ဝန်းကျင်ဒေသများသို့သာ အငှားလိုက်ခဲ့သော်လည်း ယခုတစ်ကြိမ်၌မူ ငွေအတော်များများရသဖြင့် ဆယ်ရက်ခရီး လိုက်လာခဲ့ခြင်း ဖြစ်သည်။

မြင်းလှည်းငှားရမ်းခဲ့သူမှာ အဘိုးအိုတစ်ယောက်ဖြစ်သည်။ သူ့ကိုယ်သူ ကုန်သည်ပွဲစားတစ်ယောက်ဟု ပြောခဲ့သော်လည်း တကယ်တမ်းတွင် စာပေသမားတစ်ယောက်နှင့်တူသည်ဟု ယင်ကျင်း ထင်မိလေသည်။

အသက်ဆယ့်သုံးနှစ်သားအရွယ်ကပင် မြင်းလှည်းမောင်းလာခဲ့သည်မို့ လူပေါင်းစုံနှင့် အထိအတွေ့ရှိကာ ထိုသို့အကဲခတ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

အဘိုးအိုသည် ခရီးဝေးသွားမည့်သူ ဖြစ်သော်လည်း အထုပ်အပိုးများ ယူဆောင်မလာပါချေ။ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ရှိနေသည်။

အလွန်အရေးကြီးသည့် အမှုအရာလည်း ရှိသည်။ ယင်ကျင်း၏မြင်းလှည်းကို ငှားရမ်းစဉ်က ...



"သူငယ် ...ကျုပ်ကို စန်းတုံးနယ်ကို လိုက်ပို့ပေးပါ၊ သူများတွေ ပေးတာထက် သုံးဆပိုပေးပါ့မယ်၊ လမ်းခရီးမှာ သူငယ် စားသောက်ဖို့ ကိစ္စအဝဝကိုလည်း ကျုပ်ပဲ တာဝန်ယူပါ့မယ်၊ အဲဒါ သဘောတူတယ်ဆိုရင် ခုချက်ချင်း ငွေပေးမယ်၊ ခုချက်ချင်းသွားကြမယ်"

ဟု ပြောလာခဲ့လေသည်။

စန်းတုံးနယ်သို့သွားရသောခရီးက ဝေးလံလှသည်။ သာမန်လမ်းရိုးလမ်းစဉ်အတိုင်း သွားမည်ဆိုလျှင် လနှင့်ချီပြီး သွားရလိမ့်မည်ဖြစ်ပါသည်။ သို့သော် မြင်းလှည်းသမားများသည် မည်သည့်အရပ်ဒေသကိုမဆို အမြန်ဆုံးအရောက်သွားနိုင်သည့် ဖြတ်လမ်းခရီးများကို သိရှိထားကြပေသည်။

ယင်ကျင်းသည်လည်း ဖြတ်လမ်းခရီးအတော်များများကို သိရှိထားပြီး သူ မသွားဖူးသေးသော ခရီးလမ်းကြောင်းများကို အခြားသောမြင်းလှည်းမောင်းသမားများထံမှ ကြားသိထားပြီး ယဉ်ပါးနေပြီဖြစ်၍ စန်းတုံးနယ်မှာ ဝေးလံသဖြင့် မလိုက်လိုပါ။

မိအိုဖအိုကြီးနှစ်ပါးအား ထားရစ်ခဲ့ရမည်ကိုလည်း စိတ်မချပါ။ ခါတိုင်းဆိုလျှင် ခရီးဝေးလာငှားလျှင် ချက်ချင်းငြင်းလိုက်သည်ချည်းဖြစ်သော်လည်း ယခုတစ်ကြိမ်တွင် အဘိုးအိုပေးမည့်ငွေက မက်မောစရာကောင်းနေသဖြင့် ယင်ကျင်း တွေဝေသွားရလေသည်။

အဘိုးအိုက ...

"ကျုပ်က အခြားမြင်းလှည်းတွေကို ငှားသွားလို့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကြည့်ရတာ ငယ်ရွယ်ပြီး သွက်လက်ဖျတ်လတ်မယ့်အသွင်ရှိလို့ သဘောကျမိလို့ပါ၊ ဘယ်လိုလဲ ... မင်း လိုက်မလား"

သူ မလိုက်လျှင်လည်း အခြားမြင်းလှည်းသမားများက လိုက်ကြမည်သာ ဖြစ်ပါသည်။ ယင်ကျင်းသည် ငွေအတော်များများ ရမည့်ကိစ္စမို့ လက်လွှတ်မခံလိုတော့ပါ။

"ကျွန်တော်လိုက်ပါ့မယ် ... ဒါပေမဲ့ ခရီးဝေးသွားမယ့်အကြောင်း ကျွန်တော့်မိဘတွေကိုတော့ အသိပေးခဲ့ပါရစေ ခင်ဗျာ"

အဘိုးအိုအား အကျိုးအကြောင်း ရှင်းပြလိုက်သည်။ အဘိုးအိုကလည်း သဘောတူလေသည်။ သို့ဖြင့် ... ယင်ကျင်းသည် အဘိုးအိုအား စန်းတုံးနယ်သို့ ပို့ဆောင်ပေးရန် ဖြတ်လမ်းခရီးကိုအသုံးပြုကာ မြင်းလှည်းမောင်းနှင်နေရခြင်း ဖြစ်ပါတော့သည်။

*

မြေနီလမ်းကလေးသည် အနောက်ဘက်တွင် တစ်စထက်တစ်စ ကျန်ရစ်ခဲ့သည်။ တောင်ကြားလမ်းနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

ယင်ကျင်းသည် ထိုတောင်ကြားလမ်းကို အမြန်ဆုံး ဖြတ်ကျော်သွားရန် ဆုံးဖြတ်ထားလေသည်။



အမှန်တော့ ယင်ကျင်းအဖို့ စန်းတုံးနယ်သို့ တစ်ကြိမ်တစ်ခါမှ သွားခဲ့ဖူးသည် မဟုတ်ပါ။ ခရီးဝေးရှောင်သူတစ်ယောက်အဖို့ စန်းတုံးနယ်သို့ ရောက်စရာအကြောင်း မရှိချေ။

ယခုလည်း ခရီးထွက်ခါနီးမှ ခရီးဝေးနယ်စုံသွားလာဖူးသည့် မြင်းလှည်းသမားအိုကြီးတစ်ယောက်ထံတွင် လမ်းခရီးစုံစမ်းခဲ့ခြင်း ဖြစ်လေသည်။

နှစ်ရက်ခန့် ခရီးနှင်ခဲ့ကြပြီးမှ တောင်ကြားလမ်းတစ်ခုသို့ ရောက်လာကြခြင်း ဖြစ်လေသည်။ တောင်ကြားလမ်းသည် အဝင်နေရာတွင် ကျဉ်းမြောင်းသော်လည်း အတွင်းဘက်သို့ ရောက်လာလေလေ ကျယ်ဝန်းလာလေလေပင်။

ဝဲယာတစ်ဖက်တစ်ချက်၌ ကာရံထားသော မြင့်မားမတ်စောက်လှသည့် တောင်နံရံကြီးများသည် ဝေး၍ဝေး၍သွားပြီး မြင်ကွင်းမှာ တစ်စထက်တစ်စ ကျယ်ဝန်းလှလေသည်။

သစ်ပင်ချုံနွယ်များ၊ တောအုပ်များ၊ ကျောက်တုံးကျောက်ခဲများက နေရာယူထားသည်။ တောင်ကြားအတွင်းဘက်၌ သာသာယာယာ ရှိလှပေသည်။ ယင်ကျင်းက မြင်းလှည်းကို အသေ့နှင်လိုက်လေသည်။

"ဟေး ဟေး ... ဖွေသားကြီးတွေ ပြေးလိုက်စမ်း"

ယင်ကျင်းက မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်လိုက်ရာ လမ်းပေါ်တွင် ဖုန်တထောင်းထောင်းထသွားလေတော့သည်။ သို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားလမ်းအတွင်းသို့ သုံးပုံနှစ်ပုံခန့် ဝင်လာမိလေတော့သည်။

ယင်ကျင်းက ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။ နေဝန်းနီမှာ ကောင်းကင်အလယ်ဗဟိုတည့်တည့်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

"အင်း ... ဒီအတိုင်းဆိုရင် နေမဝင်ခင် တောင်ကြားထဲက ထွက်နိုင်မယ် ထင်ပါရဲ့"

ဟု တွေးလိုက်မိသည်။

မြင်းနှစ်ကောင်ကား ဒုန်းစိုင်းနေကြပါသည်။ မြင်းလှည်းသည် ရိပ်ခနဲရိပ်ခနဲ ရွေ့လျားသွားလေသည်။

ယင်ကျင်းမှာ တောင်ကြားအတွင်းဘက်၏ ပြောင်းလဲလာသောအနေအထားကို သတိမပြုမိခဲ့ပါချေ။

တောင်ကြား၏ဝဲယာတစ်ဖက်တစ်ချက်တွင် ရောင်စုံပန်းများ ဖူးပွင့်နေသည့်ပန်းခင်းများ ရှိနေသည်။ ပန်းခင်းများအနောက်ဘက်တွင် စိမ်းလန်းသောတောအုပ်များ ရှိနေသည်။

အရောင်အသွေးစုံလင်လှသော ကျေးငှက်သာရကာလေးများသည် ဟိုမှသည် ပျံဝဲနေကြသည်။ ယုန်ကလေးများ၊ သမင်ကလေးများကိုလည်း တွေ့နေရသည်။ အဝေးမှ တောင်နံရံကြီးများသည်လည်း ပန်းချီကားပမာ သာယာလှပနေပါတော့သည်။

မြင်းလှည်းသည် စိမ်းလန်းသောတောအုပ်တစ်ခု၏ရှေ့သို့ ရောက်ရှိလာသောအခါ ရှေ့တွင် လမ်းဆုံလမ်းခွတစ်ခုရှိနေသည်ကို



တွေ့မြင်လိုက် ရ၏။

"သူငယ် ... ယာဘက်လမ်းကို သွားပါ"

အဘိုးအိုသည် မြင်းလှည်းအိမ်ထဲမှ ခေါင်းပြူးထွက်လာကာ အော်ပြောလာလေသည်။ မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ဆူညံနေသဖြင့် ယင်ကျင်း ရုတ်တရက် မကြားလိုက်ရပါချေ။

"သူငယ် ... ယာဘက်လမ်းကိုသွားပါ"

အဘိုးအိုက ထပ်မံအော်ပြောလာပြန်လေသည်။ နှစ်ကြိမ်တိုင်တိုင်အော်ပြောလိုက်မှ ယင်ကျင်း သတိပြုမိသွားပြီး မြင်းလှည်းကို အရှိန်လျှော့ချလိုက်လေသည်။ အဘိုးအိုကို ပြန်လည်စောင်းငဲ့ကြည့်ရင်း ...

"ဘဘ ... ဘာပြောတာလဲ"

ဟု မေးလိုက်သည်။ အဘိုးအိုက ...

"ယာဘက်လမ်းကိုသွားပါ"

ဟု ပြောလာလေသည်။ ယင်ကျင်း အံ့သြသွားလေသည်။

"ယာဘက်လမ်းကိုသွားရမယ် ...ဟုတ်လား ဘဘ၊ လမ်းမှားသွားလိမ့်မယ်၊ ဝဲဘက်လမ်းကသွားမှ စန်းတုံးနယ်ကို ရောက်လိမ့်မယ်"

အဘိုးအိုက ...

"ကျုပ်မှာ ကိစ္စလေးနည်းနည်းရှိလို့ ယာဘက်လမ်းက သွားပါကွယ်၊ ပြီးမှ စန်းတုံးနယ်ကို သွားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းသည် အဘိုးအို၏တောင်းဆိုမှုကို မလိုက်လျော၍ မသင့်ကြောင့် စဉ်းစားမိလိုက်လေသည်။ ထို့ကြောင့် ...

"ကောင်းပါပြီ ခင်ဗျာ"

မြင်းလှည်းကို အရှိန်သတ်ကာ ရပ်လိုက်သည်။ တစ်ဖန် နောက်သို့ပြန်ဆုတ်လိုက်ပြီး ယာဘက်လမ်းအတိုင်း မောင်းဝင်လိုက်လေသည်။

အခြားသော မြင်းလှည်းသမားဆိုလျှင် အဘိုးအို၏တောင်းဆိုမှုကို လိုက်လျောလိမ့်မည်ဟု ယင်ကျင်း ယုံကြည်ထား၏။ သူ့အား ထိုက်သင့်သည်ထက် သုံးဆပေးကာ ငှားရမ်းလာသည့် မျက်နှာကို ထောက်ထားပြီး အဘိုးအို၏ဆန္ဒကို လိုက်လျောလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုကိစ္စရှိနေခြင်းကြောင့် လိုက်ပို့ပေးရ၍လည်း စန်းတုံးနယ်သို့သွားရာတွင် နောက်မကျနိုင်ပေ။

ယင်ကျင်းသည် ယာ ဘက်လမ်းအတိုင်း မြင်းလှည်းကို ခပ်မှန်မှန် မောင်းနှင်ဝင်ရောက်သွားလေတော့သည်။

*

'ခွပ် .. ခွပ် .. ခွပ် .. ခွပ်'

မြင်းခွာသံ မှန်မှန်ထွက်ပေါ်နေသည်။ ယင်ကျင်းသည် မြင်းလှည်းကို ယာဘက်လမ်းအတိုင်း မောင်းနှင်ဝင်ရောက်သွားလေသည်။



အးမြသော လေပြည်လေညင်းက သုန်သုန်ညင်းညင်းတိုက်ခတ်နေပါသည်။ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာသည်။ ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီကျူးသံများကိုလည်း ကြားနေရသည်။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေသဖြင့် ယင်ကျင်း၏စိတ်ထဲ ပျော်ရွှင်ကြည်နူးလာလေသည်။

ထိုစဉ် ... လမ်းဘေးတစ်နေရာရှိ သစ်ပင်တစ်ပင်ပေါ်၌ ဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားသည်ကို အမှတ်မထင် မြင်တွေ့လိုက်ရလေသည်။ ယင်ကျင်း အံ့သြသွားသည်။

"တောထဲတောင်ထဲ ဘယ်သူလာပြီး ဆိုင်းဘုတ်ချိတ်ဆွဲထားတာလဲ"

ဟုတွေးကာ မြင်းလှည်းကို အရှိန်လျှော့ချပြီး ဆိုင်းဘုတ်ကို ဂရုပြု၍ ကြည့်လိုက်လေသည်။ မြင်းလှည်းမှာ ဆိုင်းဘုတ်ချိတ်ထားသော သစ်ပင်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာပြီဖြစ်၍ ဆိုင်းဘုတ်ပေါ်၌ ရေးထားသော စာများကို အတိုင်းသား တွေ့မြင်နေရလေသည်။ ဆိုင်းဘုတ်ပေါ်၌ ...

*သတိ ...*

*မည်သူမဆို ဤနေရာသို့ ရောက်လာလျှင် ချက်ချင်း နောက်ကြောင်းလှည့်ပြန်သွားရမည်။ ရှေ့ဆက်မသွားရ။*

www.burmeseclassic.com

www.burmeseclassic.com



*ရှေ့ဆက်သွားလျှင် သေဒဏ်။ ပုံ ...*

*မိစ္ဆာမယ်တော်*

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

"ဟာ"

ယင်ကျင်း ထိတ်လန့်သွားလေသည်။

"ဟေး ... ဟေး"

မြင်းများကို အော်ငေါက်ကာ ကပျာကယာ ရပ်တန့်လိုက်၏။ မြင်းလှည်းရပ်တန့်သွားသဖြင့် အဘိုးအို ခေါင်းပြူကြည့်လာပြန်သည်။

"ဘာဖြစ်လို့လဲကွ"

ဟုလည်း မေးလာလေသည်။ ယင်ကျင်းက ...

"ဟိုမှာ ရှေ့ဆက်မသွားရဘူးလို့ သတိပေးထားလို့ပါ"

ဆိုင်းဘုတ်ကိုညွှန်ပြကာ ပြောလိုက်လေသည်။ အဘိုးအိုက ဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်ပြီး ...

"ဒီဆိုင်းဘုတ်ဟာ ဘယ်တုန်းက ရေးထားမှန်းမှ မသိတာ၊ တောထဲတောင်ထဲ ဘယ်သူကရှိမှာလဲ၊ ဘာမှမကြောက်နဲ့ ... ရှေ့ဆက်သွားစမ်းပါ"

ဟု ပြောလာလေသည်။ ယင်ကျင်းက ...

"ဖြစ်ပါ့မလား ဘဘရယ်"

"ဖြစ်ပါတယ်၊ သွားမှာသာ သွားစမ်းပါ၊ ဒီနေရာမှာ ပိုင်ရှင်



ရှိတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ၊ တစ်ယောက်ယောက်က လက်ဆော့ပြီး ရေးထားတာဖြစ်မှာပါ၊ ကဲ ... မောင်း မောင်း"

အဘိုးအိုက တိုက်တွန်းနေသဖြင့် ယင်ကျင်း မတတ်သာဘဲ သဘောတူလိုက်ရလေသည်။

"ကောင်းပါပြီ ခင်ဗျာ"

သူက မြင်းလှည်းကို ဆက်ပြီးမောင်းနှင်သွားလိုက်လေတော့သည်။

*

ယင်ကျင်းသည် မြင်းလှည်းကို ဆက်ပြီးမောင်းနှင်လာခဲ့သော်လည်း စိတ်မပါသလို ဖြစ်လာသည်။

ပတ်ဝန်းကျင်၌ စိမ်းလန်းသောသစ်ပင်ကြီးများ တစ်စထက်တစ်စ ထူထပ်ကာ အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်လာသည်။

ကျေးငှက်ကလေးများ၏ တေးဆိုသံကို မကြားရတော့ပါ။ ယုန်ကလေးများ၊ သမင်ကလေးများကိုလည်း မတွေ့ရတော့ပါ။ ရောင်စုံပန်းပင်များလည်း မရှိတော့ဘဲ ချုံနွယ်ပိတ်ပေါင်းများက ထူထပ်လာသည်။

လမ်းသည် တစ်စထက်တစ်စ ကျဉ်းမြောင်းလာပြီး ချိုင့်ခွက်

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ကန်သင်း ပေါ်များလာသည်။ မြင်းလှည်းသည် ရှေ့သို့ရွေ့လျားသွားတိုင်း တဒုန်းဒုန်း တဒိုင်းဒိုင်းမြည်ကာ ယိမ်းထိုးနေတော့သည်။

လမ်းဆိုးလှသဖြင့် အရှိန်ပြင်းစွာ မောင်းနှင်ပါက မြင်းလှည်းတိမ်းမှောက်သွားမည်မှာ သေချာလှပေတော့သည်။ ယင်ကျင်းက အရှိန်လျှော့ပြီး တစ်ဘီးချင်းလိမ့်ကာ မောင်းနှင်လိုက်ရလေသည်။

မြင်းလှည်းကို အာရုံစိုက်ကာ မောင်းနှင်နေရသဖြင့် ပတ်ဝန်းကျင်ကို ရုတ်တရက် သတိမပြုမိအောင်ဖြစ်သွား၏။ အတော်ကလေးကြာတော့မှ လမ်းသည် ပြေပြေပြစ်ပြစ်ဖြစ်လာသည်။

ထိုလမ်းသည် တော်တော်နှင့် အဆုံးသတ်မည်မဟုတ်သည်ကို သတိပြုမိသည်။ ရှေ့ဆက်၍မရနိုင်လောက်အောင်ပင် အစိမ်းရောင်နံရံကြီးတစ်ခု ကာဆီးနေသည်ကို တွေ့လိုက်ရ၏။

ငကျင်းက မြင်းလှည်းအရှိန် လျှော့ချရန် ဟန်ပြင်လိုက်စဉ် အဘိုးအို၏အသံ ထွက်ပေါ်လာလေ သည်။

"ရှေ့ဆက်မောင်းသွားပါ"

ယင်ကျင်းက ...

"ဘဘ ... ရှေ့မှာ အစိမ်းရောင်နံရံကြီး ခံနေတယ်ဗျ"

"ကိစ္စမရှိဘူး ... ဆက်မောင်း"

"ဟာ ... မဖြစ်နိုင်တာဘဲ"

"ဟေ့ ... သွားလို့ရလို့ သွားခိုင်းတာ၊ မောင်းစမ်း ... အဲဒါ



နံရံမဟုတ်ဘူးကွ"

"ဘဘ"

"မောင်းစမ်းကွာ"

အဘိုးအိုက အော်ငေါက်နေသဖြင့် ယင်ကျင်းမှာ လူငယ်ပီပီခံပြင်းသွား၏။

"ဒီလောက်တောင်ဖြစ်လှတာ လက်တွေ့ပြရသေးတာပေါ့"

မြင်းလှည်းကို အစိမ်းရောင်နံရံဆီသို့ ဦးတည်လိုက်၏။ နံရံအနီးသို့ရောက်မှ အရှိန်သတ်ကာ တစ်ဖက်သို့ ကွေ့ချလိုက်မည်ဟု စိတ်ကူးထားလေသည်။

သို့သော် မြင်းနှစ်ကောင်သည် ဒုန်းစိုင်းပြေးသွားသဖြင့် နံရံကြီးအနီးသို့ ရောက်သောအခါ ကွေ့ချရန် ခဲယဉ်းသွားသဖြင့် ...

"ဟေး ... ဟေး"

မြင်းများကို အော်ငေါက်ကာ ရပ်တန့်ဖို့ ကြိုးစားလိုက်သည်။

'ဟီး .. ဟီး .. ဟီး'

ဇက်ကြိုးကို တင်းတင်းဆွဲလိုက်သဖြင့် မြင်းနှစ်ကောင်သည် ရှည်လျားစွာ ဟီလိုက်ကြပြီး ရပ်တန့်လိုက်ကြ၏။ ကျောက်စိမ်းနံရံနှင့်ကပ်ပြီး အရှိန်သေသွားခြင်းဖြစ်သည်။

မြင်းမျက်နှာနှင့် ကျောက်စိမ်းနံရံ အပ်မိသွားသည့်အချိန်တွင် မြင်းလှည်းလည်း ရပ်တန့်ပြီး ဖြစ်သွားရန် ယင်ကျင်းကိုယ်တိုင် တွက်ဆထားခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... တကယ်တမ်း ရပ်တန့်သွားချိန်၌ အရှိန်အနည်းငယ်ပိုနေ၍ မြင်းနှစ်ကောင်၏ဦးခေါင်းပိုင်းသည် အစိမ်းရောင်နံရံထဲသို့ တိုးဝင်သွားလေသည်။

"ဟိုက်"

မြင်းနှစ်ကောင် ထိပ်ပေါက်ခေါင်းကွဲဖြစ်တော့မည်ဟု တွေးကာ ယင်ကျင်း မျက်လုံးပြူးသွား၏။ မြင်းနှစ်ကောင်မှာ ဘာမှမဖြစ်ရုံမျှမက အစိမ်းရောင်နံရံထဲသို့ တိုးဝင်နေသည့် သူတို့၏ဦးခေါင်းပိုင်းကိုလည်း မမြင်ရတော့ပါ။

နံရံရှေ့တွင် ဦးခေါင်းမပါသော မြင်းနှစ်ကောင် ရပ်တန့်နေသည်ဟုပင် ထင်ရ၏။

"ဘာဖြစ်လို့ ရပ်လိုက်ရတာလဲ ... ဆက်မောင်း"

အဘိုးအို၏အသံ ထွက်ပေါ်လာပြန်သည်။ ယင်ကျင်းက...

"ဘဘ ... ခဏလေး"

ဟု ပြောကာ မြင်းလှည်းကို နောက်ဆုတ်လိုက်၏။ မြင်းနှစ်ကောင်၏ဦးခေါင်းမှာ နံရံမှ တိုးထွက်လာ၏။ နှစ်ကောင်စလုံး ဘာမှမဖြစ်ဘဲ အကောင်းအတိုင်း ရှိနေ၏။ ယင်ကျင်း မျက်စိလည်သွားသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

စိတ်ဝင်စားမှုဖြစ်ပေါ်လာ၍ မြင်းလှည်းကို ရှေ့တိုးကြည့်လိုက်၏။ မြင်းနှစ်ကောင်သည် အစိမ်းရောင်နံရံအား ဝင်မတိုက်မိစေ



ရန် ရှောင်မည်။ သို့မဟုတ် ရပ်လိုက်ကြမည်ဖြစ်သည်။

လူမဆိုထားနှင့် ... တိရစ္ဆာန်များသည်လည်း ကိုယ့်အန္တရာယ်ကိုယ် သိကြလေသည်။ ယခု မြင်းနှစ်ကောင်မှာ ရပ်လည်းမရပ်၊ ရှောင်လည်းမရှောင်ဘဲ နံရံထဲ တိုးဝင်လိုက်ကြ၏။

အရှိန်ဖြင့် ဦးခေါင်းပိုင်းသာမက ခန္ဓာကိုယ်တစ်ပိုင်းပါ ရောက်ရှိ ပျောက်ကွယ်သွားတော့သည်။

ယင်ကျင်း၏အမြင်တွင် ကိုယ်တစ်ပိုင်းပြတ်နေသော မြင်းနှစ်ကောင်က မြင်းလှည်းအား ဆွဲနေသည့်အတိုင်း ဖြစ်လေသည်။

"မောင်းလေ ... ဘာလုပ်နေတာလဲ၊ ဒါ တကယ့်နံရံမဟုတ်ဘူး ... အလင်းပြန်နယ်ကွ၊ ဆက်မောင်းလိုက် ... ဘာဖြစ်တယ်ဆိုတာမင်း တွေ့ရလိမ့်မယ်"

အဘိုးအိုက အမိန့်ပေးလိုက်သည်။ ယင်ကျင်းသည် မယုံနိုင်အောင် ဖြစ်နေ၍ မမောင်းနိုင်တော့ပါ။ အဘိုးအိုက မြင်းလှည်းပြတင်းပေါက်မှ ခေါင်းပြူးကြည့်ပြီး မြင်းနှစ်ကောင်အား တစ်စုံတစ်ခုဖြင့် ပစ်ပေါက်လိုက်သည်။

"ဟီး ... ဟီး ... ဟီး"

မြင်းနှစ်ကောင်၏ဟီသံကြားရပြီး မြင်းလှည်းကို ဝုန်းခနဲဆွဲပြေးသွားသည်။ မြင်းလှည်းသည် အစိမ်းရောင်နံရံထဲ လုံးလုံးလျားလျား ထိုးဝင်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး အစိမ်းရောင်သန်းနေသည်။ နံရံသည် မာကျောခြင်းမရှိပါ။ အစိမ်းရောင် အလင်းထုကြီးက ကျစ်လျစ်သိပ်သည်းစွာဖြင့် နံရံသဖွယ်ရှိနေခြင်း ဖြစ်လေသည်။

သဘာဝတရား၏ လျှို့ဝှက်ချက်ကို ယင်ကျင်း အဖြေမရှာတတ်ပါ။ မြင်းနှစ်ကောင်က တအားဆွဲပြေးသွားသဖြင့် တစ်ခဏအတွင်းမှာပင် နံရံထဲမှဖောက်ထွက်ကာ တောင်ကြားတစ်ခုအတွင်းသို့ ရောက်ရှိသွား၏။

ယင်ကျင်းက အလန့်တကြားဖြင့် နောက်လှည့်ကြည့်လိုက်ရာ အစိမ်းရောင်နံရံကြီးက အနောက်ဘက်၌ ကာဆီး၍ ကျန်နေခဲ့သည်ကို တွေ့လိုက်ရလေသည်။ သူတို့သည် တောင်ကြားအား ပိတ်ဆို့ကာရံထားသော ထိုနံရံကြီးအား ဖောက်ထွက်လာခဲ့ကြခြင်း ဖြစ်ပေတော့သည်။

ယင်ကျင်းက ရှေ့ဆက်သွားရမည့် ခရီးလမ်းကြောင်းကို ပြန်လှည့်ကြည့်လိုက်သည်။ ဤတွင် ...

"ဟာ"

လမ်းဘေးမှ ထူးခြားသောအရာဝတ္ထုများကို အမှတ်မထင် သတိပြုမိသွားပြီး လွှတ်ခနဲအော်လိုက်မိလေသည်။ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်တွင် ဖွေးဖွေးဖြူနေသော အရိုးစုများရှိနေ၏။



ထိုအရိုးစုများသည် လူအရိုးစုများဖြစ်နေသည်။ ယင်ကျင်း မြင်းလှည်းကို ဆက်မမောင်းရဲတော့ဘဲ ရပ်တန့်လိုက်လေတော့သည်။

*

မြင်းလှည်း ရပ်တန့်သွားပြီဖြစ်သည်။ ယင်ကျင်း မြင်းလှည်းပေါ်မှ ကပျာကယာ ခုန်ဆင်းလိုက်ပြီး ...

"ကျွန်တော်တို့ ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူး"

ဟု အော်ပြောလိုက်လေသည်။ မြင်းလှည်းတံခါး ပွင့်သွားကာ အဘိုးအိုက ဆင်းလာပါသည်။

"ဘာဖြစ်လို့လဲကွ"

ဟုလည်း မေးလာသည်။ ယင်ကျင်းက လမ်းဘေးမှ အရိုးစုများကို ညွှန်ပြလိုက်ပြီး ...

"ဟို ... ဟိုမှာ အရိုးစုတွေ ရှိနေတယ်၊ ဒါဟာ သတိပေးတားမြစ်ထားလျက် အမှုမထားဘဲ ဝင်လာတဲ့လူတွေ ဖြစ်လိမ့်မယ်"

ကြောက်ရွံ့မှုကြောင့် တုန်တုန်ယင်ယင် ဖြစ်နေပါတော့သည်။ အဘိုးအိုက အရိုးစုများကို ငေးကြည့်လိုက်ပြီး ...

"မဖြစ်နိုင်တာ ... အရိုးစုတွေ တွေ့ရတာနဲ့ ကိုယ့်လမ်းကိုယ်သွားတာ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းက ...

"ကျွန်တော် ရှေ့ဆက်မသွားရဲတော့ဘူး"

အဘိုးအို လက်မခံပါချေ။

"မင်း ... တော်တော်သူရဲဘောကြောင်တဲ့ကောင်ပဲ၊ ဘာကြောင့် ရှေ့ဆက်မသွားရဲရမှာလဲ၊ ကျုပ်တစ်ယောက်လုံး ရှိနေတာပဲကဲ ... မြင်းလှည်းကို မောင်းစမ်း"

ယင်ကျင်းက ...

"ဟာ ... မဖြစ်ဘူး၊ စန်းတုံးကိုသွားမယ်ဆိုပြီး ဘဘ ခေါ်လာတာ၊ အခု ဘယ်နေရာတွေကို လျှောက်သွားခိုင်းနေတာလဲ၊ ကျွန်တော် မသွားချင်ဘူး"

ဤတွင် အဘိုးအို၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"မင်း သွားမလား, မသွားဘူးလား"

ခပ်ထန်ထန်ပြောရင်း ရှေ့တိုးလာလေသည်။ ယင်ကျင်းသည် အသွင်ပြောင်းသွားသော အဘိုးအိုကိုကြည့်ကာ ကြောက်ရွံ့သွားလေသည်။ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ အဘိုးအိုက ...

"မင်း မြင်းလှည်းကို မောင်းမလား, မမောင်းဘူးလား ... ပြောစမ်း"

မိမိသည် ခိုင်းသည့်အတိုင်း မလုပ်ပါက အဘိုးအိုက အန္တ



ရာယ်ပြုလာတော့မည်ဟု ယင်ကျင်း နားလည်လိုက်သဖြင့် ကြောက်ရွံ့ရွံ့ဖြင့် ...

"ဟုတ် ... ဟုတ်ကဲ့၊ မောင်းပါ့မယ်ဗျာ"

ဟု ပြောလိုက်ရလေသည်။ အဘိုးအိုက ...

"ဒါဖြင့် မြင်းလှည်းပေါ်ကို မြန်မြန်တက် ... အချိန်မရှိဘူး"

"ကောင်းပါပြီခင်ဗျာ"

ယင်ကျင်းက မြင်းလှည်းပေါ်သို့ တက်လိုက်ရလေသည်။ အဘိုးအိုက မြင်းလှည်းအိမ်ထဲသို့ ဝင်ရောက်သွားခြင်း မပြုတော့ပါ။ ယင်ကျင်း၏နံဘေး၌ ဝင်ရောက်ထိုင်ချလိုက်သည်။

ထို့နောက် မြင်း လှည်းမောင်းရန် အမိန့်ပေးလိုက်လေသည်။ ယင်ကျင်းလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မြင်းလှည်းကို ဆက်ပြီးမောင်းနှင်သွားရ လေတော့သည်။

'ခွပ် .. ခွပ် .. ခွပ် .. ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာသည်။ မြင်းလှည်းသည် တောင်ကြားအတွင်းဘက်သို့ ဆက်လက်ဝင်ရောက်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးတစ်ဖက်တစ်ချက်၌ သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် လမ်းကလေးမှာ မြင်းလှည်းတစ်စီးမောင်းနှင်သွားနိုင်ရုံမျှလောက်သာ ကျယ်ဝန်းပါတော့သည်။

သစ်ကိုင်းများသည် လမ်းပေါ်သို့မိုးကျနေသဖြင့် တစ်ခါတစ်ရံတွင် ယင်ကျင်းနှင့်အဘိုးအိုတို့မှာ ခေါင်းငုံ့ကာ ရှောင်ကြရလေသည်။ သစ်ပင်ချုံနွယ်ထူထပ်သော လမ်းကလေးမှ ဖြတ်ကျော်လာခဲ့ကြပြီးလျှင် ကျောက်တုံးကျောက်ခဲပေါများသော နေရာတစ်ခုသို့ ရောက်ရှိလာကြလေသည်။

ကျောက်တုံးကျောက်ခဲများကား အရွယ်အစား အမျိုးမျိုး၊ အရောင်အမျိုးမျိုး ရှိလေသည်။ အချို့သောကျောက်တုံးကျောက်ခဲကြီးများသည် အိမ်တစ်လုံးစာမျှလောက်နီးနီး ရှိကြသည်။ အချို့ကား ဆင်ရုပ်၊ မြင်းရုပ်၊ လိပ်ရုပ် ပုံသဏ္ဌာန်များ ရှိကြသည်။ အဖြူရောင်၊ အနီရောင်၊ အစိမ်းရောင်အမျိုးမျိုးလည်း ရှိလေသည်။

ကျောက်တုံးကျောက်ခဲများကြား၌ သုံးပေခန့်မြင့်ပြီး ဆန်ကောအရွယ်ပမာဏခန့် ထွက်ရှိသော မှိုပွင့်ကြီးများလည်း ရှိနေသည်ကို တွေ့ရလေသည်။

ပို၍ထူးခြားသည်မှာ မိုးကောင်းကင်သည် ဟိုးအဝေး အမြင့်ပိုင်းတွင် ရှိမနေဘဲ အောက်ဘက်သို့ နိမ့်ဆင်းလာပြီး မော့ကြည့်ရုံဖြင့် အနီးကပ် တွေ့မြင်ရသည်ဟု ထင်မှတ်ရခြင်း ဖြစ်လေသည်။

အနီရောင်တိမ်တိုက်၊ အဝါရောင်တိမ်တိုက် စသည့်တိမ်



တိုက်များလည်း ဂွမ်းစိုင်များအလား ရှိနေ၏။

ယင်ကျင်း အံ့သြလာသည်။

လူ့ပတ်ဝန်းကျင်၌ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး၊ မမြင်ဖူးသော အရပ်တစ်ခုသို့ ရောက်လာခြင်းဖြစ်ရာ ဟိုဟိုသည်သည် ငေးမောကြည့်ရှုရင်း အိပ်မက်တစ်ခုပမာ ခံစားနေရလေတော့သည်။

မြင်းလှည်းကို ရှေ့ဆက်မောင်းနှင်ခဲ့ရာ မကြာပါချေ။

ရှေ့တွင် မြင်ကွင်းတစ်ခုလုံး ပိတ်ဖုံးသွားအောင် ကာဆီးနေသော ကြီးမားလှသည့် ကျောက်တောင်ကြီးတစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုကျောက်တောင်ကြီး၏မြင့်မားပုံကို နှိုင်းနှိုင်းစရာမရှိဟုပင် ယင်ကျင်း ထင်မိလေသည်။ ကျောက်တောင်ကြီးအပေါ်ပိုင်းသည် တိမ်များအတွင်း၌ ထိုးဖောက်ဝင်နေပြီး လုံးဝမတွေ့မမြင်ရပါချေ။ ကျောက်တောင်ကြီးက လမ်းပိတ်နေသဖြင့် ရှေ့ဆက်သွား၍မရပါချေ။

"ဟေး ... ဟေး"

ယင်ကျင်းသည် မြင်းလှည်းကို အရှိန်သတ်ကာ ရပ်လိုက်လေသည်။ အဘိုးအိုက ...

"ဒါ ဘာလုပ်တာလဲ ... ရှေ့ဆက်မောင်းလေ"

ဟု ငေါက်လိုက်သည်။ ယင်ကျင်းက ...

"ကျောက်တောင်ကြီးခံနေတာ ရှေ့ဆက်သွားဖို့မှ မရ

www.burmeseclassic.com

www.burmeseclassic.com



တော့တာ၊ ကျွန်တော် ဘယ်လိုလုပ်ပြီး မောင်းရမှာလဲဗျ"

"ဟော့ကောင် ... မင်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်တောင် မျက်စိမှုန်ရသလား၊ ကျောက်တောင်ခြေကို ကြည့်စမ်း၊ ဂူပေါက်ကြီး ရှိနေတာကို မတွေ့ဘူးလား"

အဘိုးအို၏စကားကြောင့် သေသေချာချာ ကြည့်လိုက်တော့မှ ကျောက်တောင်ခြေတွင် အလွန်ကြီးမားသော ကျောက်ဂူကြီး တစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။

နီးလွန်းလျှင် မမြင်နိုင်ဟူသော စကားကဲ့သို့ ကျောက်ဂူမှာ ကြီးလွန်းသဖြင့် ရုတ်တရက် သတိမမူမိခဲ့ခြင်း ဖြစ်သည်။ ထိုကျောက်ဂူသည် ဝါးသုံးလေးပြန်ခန့် အကျယ်အဝန်းရှိပြီး ဝါးနှစ်ရိုက်ခန့် အမြင့်ရှိလေသည်။ တောင်ကြားလမ်းသည် ထိုကျောက်ဂူသို့ ဦးတည်နေ၏။ အဘိုးအိုက ...

"ကျောက်ဂူပေါက်ကို မောင်းဝင်သွားစမ်း"

ဟု အမိန့်ပေးလေသည်။

ယင်ကျင်းက ကျောက်ဂူပေါက်ကြီးကို သေသေချာချာ ကြည့်လိုက်၏။ ထိုအခါ ကျောက်ဂူအတွင်းဘက်မှ ပြိုးပြိုးပြက်ပြက် အလင်းရောင်များ ထွက်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုကျောက်ဂူကြီးသည် သေမင်းနှုတ်ခမ်းနှင့် တူနေသည်ဟု ခံစားလာရသဖြင့် ...

"ကျွန်တော် ရှေ့ဆက်မသွားဝံ့တော့ဘူး ခင်ဗျ"



ဟု ပြောလိုက်လေတော့သည်။ အဘိုးအိုမှာ ကြင်နာသနား တတ်သည့်အသွင် ပျောက်ကွယ်ကာ ဘီလူးသရဲစီးသည့်အသွင်မျိုး ရှိနေပြီ ဖြစ်လေသည်။

"မင်း ဆက်သွားမလား၊ မသွားဘူးလား"

သူ၏အသံ အေးစက်ခက်ထန်နေသည်။ ယင်ကျင်းက ...

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ ... ရှေ့ဆက်မသွား ပါရစေနဲ့တော့၊ ဘဘဟာ စန်းတုံးနယ်ကို သွားမယ်ဆိုရင် လိုရာခရီး ကို ရောက်တဲ့အထိ ကျွန်တော့် လိုက်ပို့ပေးပါ့မယ်၊ ခုလို ဘာမှန်း ညာမှန်းမသိဘဲ နေရာတစ်ခုကိုတော့ လိုက်မပို့ရဲပါဘူး ခင်ဗျာ၊ ဘဘ လည်း ရှေ့ဆက်မသွားရင်ကောင်းပါလိမ့်မယ်၊ ဒီနေရာဟာ အန္တရာယ် ထူပြောမယ်လို့ ကျွန်တော် ထင်မိပါတယ်"

အဘိုးအိုက ...

"ငါက စန်းတုံးနယ်ကိုသွားမှာ မဟုတ်ဘူး၊ ဒီနေရာကို သွား ချင်လို့ တမင်လာခဲ့တာ၊ မင်း ဘာမှစကားမရှည်နဲ့ ... မောင်းစမ်း"

ယင်ကျင်း မျက်လုံးပြူးသွားသည်။

"ဘဘ ဒီနေရာကို တကယ်သွားချင်တာလား၊ စန်းတုံးနယ် ကို မသွားဘူးလား၊ ဒါဖြင့် ကျွန်တော့်ကို လိမ်ပြောခဲ့တာပေါ့ ... ဟုတ် လား"

အဘိုးအိုက ...

"ဟုတ်တယ် ... မင်းရဲ့မြင်းလှည်းကိုရော၊ မင်းကိုရော ငါ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအတွက် အသုံးချစရာရှိလို့ ခေါ်လာခဲ့တာပဲ၊ ခုချိန်ကစပြီး ငါ့စကားကို နားထောင်ရမယ်၊ ငါခိုင်းတာ လုပ်ရမယ်၊ ကလန်ကဆန် လုပ်မယ်မကြံနဲ့ ... ဟောဒီမှာ တွေ့လား"

ပြောပြောဆိုဆို ဓားမြှောင်တစ်လက်ဆွဲထုတ်ကာ ယင်ကျင်း၏ရင်ဝ၌ ထောက်ထားလိုက်လေသည်။ ချွန်မြနေသော ဓားဦးသည် ယင်ကျင်း၏အင်္ကျီကို ဖောက်ကာ အသားထဲသို့ ဖော့လုံးတစ် ထောက်စာမျှ ဝင်ရောက်သွားသဖြင့် ...

"အမယ်လေး"

ယင်ကျင်း အထိတ်တလန့် အော်လိုက်လေသည်။ မိမိသာ ငြင်းဆန်နေလျှင် အဘိုးအိုက ချမ်းသာပေးမည်မဟုတ်ကြောင်း ယုံကြည်မိကာ ကြောက်ရွံ့သွားတော့သည်။

"ကျွန် ... ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ"

ဟုလည်း တောင်းပန်လိုက်လေသည်။ အဘိုးအိုက ...

"အေး ... မင်းမသေချင်ရင် ငါခိုင်းတာလုပ်ရမယ် ... ကြားလား"

"ဟုတ် ... ဟုတ်ကဲ့၊ လုပ်ပါ့မယ်ခင်ဗျာ"

"မြင်းလှည်းကို ကျောက်ဂူထဲ မောင်းဝင်သွားစမ်း"

"ဟုတ်ကဲ့"

ယင်ကျင်းသည် ဘာမှမတတ်နိုင်တော့ဘဲ မြင်းလှည်းကို ကျောက်ဂူအတွင်းသို့ မောင်းဝင်လိုက်ရလေတော့သည်။



ကျောက်ဂူအတွင်းသို့ ရောက်သွားသည်နှင့် အခြေအနေ ပြောင်းလဲသွားလေသည်။ ကျောက်ဂူအတွင်း၌ ထိတ်လန့်စရာ ကောင်းအောင် အေးစက်နေသည်။

အဝင်ဝ၌ မှောင်မည်းနေသော်လည်း အတွင်းဘက်ရောက်လျှင် လင်းထိန်နေသည်ကို တွေ့ရလေသည်။ ကျောက်ဂူနံရံမှ ခရမ်းရောင်၊ အဝါရောင်၊ ရွှေရောင်၊ ငွေရောင်၊ အနီရောင် စသည့်အရောင်မျိုးစုံ ထွက်ပေါ်နေ၏။

ယင်ကျင်းမှာ ကြောက်ရွံ့သည်ကတစ်ကြောင်း၊ အံ့ဩသည်ကတစ်ကြောင်းဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေပါတော့သည်။

ကျောက်ဂူကြီးမှ ထူးခြားချက်ကို သူသာမဟုတ် မြင်းများကလည်း သိရှိထားပုံရလေသည်။

'ဟီး ... ဟီး ... ဟီး'

မြင်းနှစ်ကောင်သည် ရှည်လျားစွာ ဟီလိုက်သည်။ ရှေ့ဆက်မသွားတော့ဘဲ ရပ်တန့်လိုက်ကြလေသည်။ ယင်ကျင်းမှာ ရှေ့ဆက်မသွားလိုတော့သဖြင့် ဝမ်းသာသွားပြီး မြင်းနှစ်ကောင်ကိုပင် ကျေးဇူးတင်လိုက်မိလေတော့သည်။

"မြင်းတွေကို ရှေ့ဆက်မောင်းလို့ မရတော့ဘူး၊ သူတို့ တစ်ခုခုကိုမြင်လို့ ကြောက်လန့်နေကြတယ်"

ဟု ပြောလိုက်လေသည်။ အဘိုးအို မကျေမနပ်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေးစမ်း"

ယင်ကျင်း၏လက်ထဲမှ မြင်းဇက်ကြိုးနှင့် ကျာပွတ်ကိုဆွဲယူလိုက်သည်။ ဇက်ကြိုးကို တင်းတင်းဆွဲရင်း ကျာပွတ်ဖြင့် တဖြန်းဖြန်း မြည်အောင်ရိုက်ချပစ်လိုက်လေသည်။ ယင်ကျင်းက ...

"ဟာ ... ဒီလောက်အထိ ရက်ရက်စက်စက် မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်မြင်းတွေဟာ မြင်းလိမ္မာတွေပါ၊ သူတို့ကို ရိုက်စရာမလိုပါဘူး၊ သူတို့ မသွားဝံ့ကြတော့လို့ပါ၊ တိရစ္ဆာန်ပေမယ့် အန္တရာယ်ရှိနေတယ်ဆိုတာကို နားလည်ထားကြပါတယ်"

ဟု တောင်းပန်လိုက်လေသည်။

မြင်းနှစ်ကောင်သည် ကျာပွတ်ဖြင့် တအားအရိုက်ခံရသဖြင့် နာကျင်သွားပြီး ရှည်လျားစွာ ဟီလိုက်ကြသည်။ အဘိုးအိုက ယင်ကျင်း၏စကားကို လုံးဝဂရုမစိုက်ဘဲ မြင်းကျောကုန်း ပေါက်ပြဲသွားကာ သွေးများစီးကျလာသည်အထိ အဆက်မပြတ်ရိုက်ချလိုက်၏။

မြင်းနှစ်ကောင်သည် နာကျင်လွန်းသဖြင့် ရှေ့သို့ ဆယ်ပေခန့် မြင်းလှည်းကို ဆွဲသွားကြပြီး တစ်ဖန်ရပ်လိုက်ပြန်သည်။ ယခုတစ်ကြိမ် ... မည်သို့မျှ ရှေ့ဆက်မသွားတော့ဘဲ ပတတ်ရပ်ကာ ရှည်လျားစွာ ဟီလိုက်ကြ၏။ အတင်းရုန်းကန်ကြလေတော့သည်။

ကြာလျှင် မြင်းလှည်းတိမ်းမှောက်သွားမည်ကိုပင် စိုးရိမ်ရလေတော့သည်။ ယင်ကျင်းက ...

"တော်ပါတော့ ... မရိုက်ပါနဲ့တော့"



အဘိုးအို၏လက်ထဲမှ ကျာပွတ်ကို လုယူဖို့ ကြိုးစားလိုက်၏။ အဘိုးအိုက ...

"သွားစမ်း"

ဟုဝေါက်ကာ လက်ပြန်ရိုက်ချလိုက်လျှင် ...

'ဝုန်း'

ယင်ကျင်း မြင်းလှည်းပေါ်မှ ပြုတ်ကျသွားလေတော့သည်။ အဘိုးအိုသည် မြင်းနှစ်ကောင်ကို ရိုက်နှက်နေ၍လည်း အကြောင်းထူးတော့မည်မဟုတ်ကြောင်း သဘောပေါက်လိုက်သဖြင့် ရပ်တန့်လိုက်သည်။

"တောက် ... အသုံးမကျတဲ့ကောင်တွေ"

ဟု မကျေမနပ်ပြောပြီး မြင်းလှည်းပေါ်မှဆင်းကာ ယင်ကျင်းထံသို့ လှမ်းလာလေသည်။ ယင်ကျင်းသည် မြင်းလှည်းပေါ်မှ ကျသွားသည့်အရှိန်ဖြင့် ခွေခွေကလေး ဖြစ်နေ၏။

အဘိုးအိုက ...

"ဟေ့ကောင် ထစမ်း"

ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်လေသည်။

"ထ ထပါ့မယ်ခင်ဗျာ"

ယင်ကျင်း ကြောက်ကြောက်လန့်လန့်ဖြင့် လူးလိမ့်ထလာရတော့သည်။ အဘိုးအိုက ...

"လာ ... ငါ့နောက်လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းကို လည်ကုပ်မှဆွဲကာ ခေါ်သွားလေသည်။ ယင်ကျင်းလည်း ယက်ကန်ယက်ကန်ဖြင့် လိုက်သွားရလေသည်။

သူတို့သည် မြင်းလှည်းကို စွန့်ပစ်ထားခဲ့ပြီး ကျောက်ဂူအတွင်းပိုင်းသို့ ဆက်လက်ဝင်ရောက်သွားကြလေတော့သည်။

* * *



## အကြံသမား

ယင်ကျင်းသည် မြင်းလှည်းပေါ်မှ အရှိန်ဖြင့် ပြုတ်ကျသွားခဲ့ခြင်းကြောင့် ခြေထောက်တစ်ဖက် နာကျင်သွားလေသည်။

အဘိုးအိုက သူ့အား ဆွဲခေါ်သွားသောအခါ ထော့နင်းထော့နင်းဖြင့် လိုက်ပါသွားရလေသည်။ မရုန်းရဲ မကန်ရဲပါ။

အဘိုးအိုသည် သနားညှာတာမှုကင်းမဲ့ပြီး ရက်စက်သူဖြစ်ကြောင်း နားလည်လိုက်ပြီဖြစ်သည်။ အဘိုးအိုသည် သူ့အား မည်သည့်နေရာအထိ ခေါ်ဆောင်သွားလိမ့်မည်နည်း။ အဘယ်ကြောင့် ခေါ်သွားရပါသနည်း။ စန်းတုံးနယ်သို့သွားမည်ဟု လိမ်ပြောကာ မရကနယ်မြေအတွင်းသို့ ဝင်လာခဲ့သည်မှာ မည်သို့သော ရည်ရွယ်ချက်ကြောင့် ဖြစ်ပါသနည်း။

ယင်ကျင်းသည် အဘိုးအို၏လက်မှ ထွက်ပြေးလွတ်မြောက်လိုသောဆန္ဒသာ ပြင်းပြနေပါတော့သည်။

ကျောက်ဂူအတွင်းဘက်သို့ အတန်ကြာဝင်မိလျှင် အရှေ့ဘက်မှ အလင်းရောင်များ ထွက်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်မှုများ ပျောက်ကွယ်သွားပြီး နွေးထွေးသောလေများ တိုက်ခတ်လာသည်။ မကြာပါချေ။ ကျောက်ဂူကြီး၏ တစ်ဖက်ထွက်ပေါက်သို့ ရောက်ရှိသွားကြတော့သည်။

'ဝုန်း'

အဘိုးအိုက လက်လွှတ်လိုက်သဖြင့် ယင်ကျင်း မြေပေါ် ခွေခနဲကျသွားလေသည်။

ယင်ကျင်းမှာ နာကျင်မှုကို ဂရုမစိုက်နိုင်အားဘဲ ကပျာကယာ လူးလိုမ့်ထလိုက်ပြီး ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ ... စိမ်းလန်းသောသစ်ပင်များ၊ ပန်းပင်များ၊ တောအုပ်များ၊ တောင်ကုန်းတောင်တန်းများ၊ မြေပြန့်လွင်ပြင်နှင့် ရစ်ခွေစီးဆင်းနေသော စမ်းချောင်းလေးများအား တွေ့မြင်လိုက်ရလေသည်။

ကမ္ဘာသစ်တစ်ခုသို့ ရောက်လာသည်ဟုပင် ထင်ရလေတော့သည်။ နေခြည်ဖြာကျနေသည်။ ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေသည်။ ငှက်ကလေးများက ဘာသာဘာဝ တေးသီကြွေးကာ ပျံဝဲနေကြသည်။ အေးမြသော လေပြည်လေညင်းကလေးများလည်း မွှေးပျံ့သော ပန်းရနံ့များ သယ်ဆောင်ကာ သုန်သုန်ညင်းညင်း တိုက်ခတ်နေ၏။

မြင်တွေ့နိုင်ရန် ခက်ခဲသော သဘာဝအလှအပများဖြစ်ရကာ ယင်ကျင်း ငေးမောကြည့်နေမိတော့သည်။

အဘိုးအိုက အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။ သူ၏



မျက်လုံးအစုံ၌ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေပါသည်။ အားရကျေနပ်နေသည့်အသွင် ဖြစ်လေသည်။

ယင်ကျင်းက မိမိအား အမှုမဲ့အမှတ်မဲ့ ဖြစ်နေသည်ကို အခွင့်ကောင်းယူကာ ထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။ သူက ခြေလှမ်းပြင်လိုက်သည်နှင့် ...

"မင်း သေချင်သလား"

အဘိုးအို၏အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ယင်ကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး ထွက်မပြေးဝံ့တော့ပါ။ အဘိုးအိုကိုလည်း ရင်မဆိုင်ရဲဘဲ ခေါင်းငုံ့ထားလိုက်လေသည်။ အဘိုးအိုက ...

"ငါ့ကိုကြည့်စမ်း ... ငါပြောတာ သေသေချာချာနားထောင်"

"ဟုတ် ... ဟုတ်ကဲ့"

ယင်ကျင်း ခေါင်းမော့ကာ မဝံ့မရဲကြည့်လိုက်လေသည်။ အဘိုးအိုက ...

"မင်း မြင်းလှည်းသမားဘဝက မလွတ်ချင်ဘူးလား၊ မချမ်းသာချင်ဘူးလား"

ဟု မေးလာလေသည်။

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ယင်ကျင်း အံ့သြသွားသည်။ အဘိုးအိုက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း မချမ်းသာချင်ဘူးလား ... ငါမေးတာဖြေစမ်း"

ဟု ငေါက်လိုက်လေသည်။ ယင်ကျင်းက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"ချမ်း ... ချမ်းသာချင်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်ရလေသည်။ အဘိုးအိုက ...

"အေး ... ငါခိုင်းတာလုပ်ရင် မင်း ရွှေတွေငွေတွေ အများကြီးရမယ်၊ တစ်သက်လုံး ချမ်းချမ်းသာသာ နေနိုင်မယ်၊ အေး ... ငါ ခိုင်းတာ မလုပ်ဘူး၊ ငါ့စကားနားမထောင်ဘူးဆိုရင်တော့ မင်းသေရလိမ့်မယ်၊ ကြိုက်တဲ့လမ်းကို ရွေးပေတော့"

ယင်ကျင်းက ...

"ကျွန် ... ကျွန်တော် ဦးခိုင်းတာ လုပ်ပါ့မယ်ခင်ဗျာ"

ဟု ပြောလိုက်လေသည်။ အဘိုးအို ကျေနပ်သွားလေသည်။

"အေး ... ဒီလိုမှပေါ့၊ ငါက ဘာကြောင့် ဒီနေရာကို လာခဲ့ရသလဲဆိုတာ မင်းသိသလား"

ယင်ကျင်းက ...

"ကျွန်တော် ဘယ်လိုလုပ် သိနိုင်မှာလဲဗျာ"

အဘိုးအိုက ...

"ငါက ရတနာသိုက်ကိုလာရှာတာကွ၊ ဒီနေရာဟာ လောကပေါ်မှာ ဘယ်သူမှမရောက်နိုင်သေးတဲ့ နေရာတစ်ခုပဲ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ ရေတွက်လို့ မကုန်နိုင်အောင် ရှိနေတယ်၊



မင်းသာ ငါ့စကားနားထောင်ရင် တစ်သက်လုံး ချမ်းချမ်းသာသာ နေနိုင်ပြီပေါ့ကွာ"

ယင်ကျင်း စိတ်လှုပ်ရှားလာလေသည်။ သူ့အား လိမ်ပြောနေသည်ကို မရိပ်မိချေ။ သူ၏ဘဝသည် ဆင်းရဲနွမ်းပါးလှပေသည်။ မိအိုဘအိုကြီးများအား လုပ်ကျွေးရာတွင် အားရစရာ့ရဲနိုင်ခြင်း မရှိခဲ့ပါ။ မြင်းလှည်းသမားဘဝဖြင့် ရသည့်ငွေမှာ မပြောပလောက်ရကား ခြိုးခြံချွေတာရင်း ဘဝကို အသက်ဆက်ခဲ့ရခြင်း ဖြစ်ပေတော့သည်။

အကယ်၍ ... ရွှေငွေရတနာများ ရရှိကာ ချမ်းချမ်းသာသာ နေရမည်ဆိုပါလျှင် မည်မျှကောင်းမည်နည်း။ မိဘများအား လုပ်ကျွေးဖို့သာ အာရုံရောက်နေသော ယင်ကျင်းမှာ အဘိုးအို၏စကားကို တဖြည်းဖြည်း စိတ်ပါလာလေတော့သည်။ အဘိုးအိုက ...

"ကဲ ... တို့သွားရအောင်"

ဟု ပြောလျှင် ...

"ဟုတ်ကဲ့"

ယင်ကျင်း ချက်ချင်းသဘောတူလိုက်သည်။ အဘိုးအိုနှင့် အတူလိုက်သွားလေသည်။

သူတို့သည် သွက်လက်သောခြေလှမ်းများဖြင့် သာယာလှပသော ကမ္ဘာသစ်ဆီသို့ လှမ်းသွားလိုက်ကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုနှင့် ယင်ကျင်းတို့သည် ကမ္ဘာ့သစ်ဆီသို့ ဦးတည် လှမ်းသွားလိုက်ကြလေသည်။ အဘိုးအိုကား မြေပုံကို အလွတ်ကျက် မှတ်ထားပြီး လမ်းခရီး မမှားအောင် ဂရုစိုက်၍သွားနေ၏။ ယင်ကျင်း မှာမူ သာယာလှပသောပတ်ဝန်းကျင်ကို ငေးမောရင်း လိုက်ပါသွားခဲ့ လေသည်။

သို့ဖြင့် ... နှစ်ယောက်သား ရေအိုင်တစ်ခုအနီးသို့ ရောက်ရှိ လာကြလေသည်။ ထိုရေအိုင်တွင် ဖြူနီပြာဝါ အရောင်အမျိုးမျိုးရှိ သော ကြာပန်းများ ဖူးပွင့်နေကြလေသည်။ ကြာညိုနံ့များ သင်းပျံ့ နေရာ ပျားပိတုန်းလိပ်ပြာများကလည်း ပျံဝဲရင်း ပန်းဝတ်ရည် စုပ်ယူ နေကြပါတော့သည်။

ရေကန်ထဲ၌ ရွှေရောင်တောက်ပနေသော ငါးကလေးများ ကူးခတ်သွားလာနေကြပါသည်။ ယင်ကျင်းက ...

"လှလိုက်တဲ့ ငါးလေးတွေ"

ဟု ရေရွတ်လိုက်လေသည်။ အဘိုးအိုက ...

"မြန်မြန်လာစမ်းပါ"

ယင်ကျင်း၏လက်ကိုဆောင့်ဆွဲကာ ခေါ်သွားလေသည်။ ယင်ကျင်းမှာ ပတ်ဝန်းကျင်ကိုပင် ငေးမောမခံစားနိုင်တော့ဘဲ လိုက် ပါသွားရလေတော့သည်။



သူတို့သည် ရေကန်၊ ပန်းခင်း၊ တောအုပ်နှင့် စမ်းချောင်း လေးများကို ဖြတ်ကျော်ပြီးကြလျှင် ရွှေရောင်ငွေရောင် ထွက်ပေါ်နေ သော တောင်ပူစာနှစ်လုံးအနီးသို့ ရောက်ရှိသွား၏။

ထိုတောင်ပူစာနှစ်လုံးကြား၌ အနီရောင်တောက်ပနေသော ကျောက်ခင်းလမ်းတစ်ခု ရှိလေသည်။ ထိုကျောက်ခင်းလမ်းသည် လူက ပြုပြင်ဖန်တီးထားသည်လော၊ သို့မဟုတ် သဘာဝအလျောက် ဖြစ်ပေါ်နေသည်လော မဆိုနိုင်ပါ။ ညီညီညာညာ စီတန်းထားသကဲ့ သို့ ရှိနေပါတော့သည်။

အဘိုးအိုက ရွှေတောင်ပူစာလေးနှင့် ငွေတောင်ပူစာလေးကို မြင်လျှင် မအောင့်အည်းနိုင်တော့ဘဲ ...

"ဟား ... ဟား ... ဟား"

သဘောကျစွာ ရယ်မောလိုက်လေသည်။ ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဘဘက ..."

"ငါက သဘောကျလို့လေကွာ"

"ဗျာ"

"ကဲ ... မင်း အံ့ဩမနေနဲ့၊ လုပ်စရာရှိတာ မြန်မြန်လုပ်ရ အောင်၊ ကဲ ... ခုသွားကြမယ်"

ယင်ကျင်း၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။ ယင်ကျင်း လည်း ယက်ကန်ယက်ကန်ဖြင့် လိုက်ပါသွားရလေသည်။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်ပူစာ၊ ငွေတောင်ပူစာလေးများကို ဖြတ်ကျော်ပြီးကြလျှင် ရှေ့တွင် ရေတွင်းပျက်ကြီးတစ်ခု ဖြစ်နေသည်ကို တွေ့ရလေသည်။

"ဟုတ်ပြီဟေ့"

အဘိုးအို ဝမ်းသာအားရ ဖြစ်နေသည်။ ရေတွင်းပျက်ဆီသို့ ပြေးသွားပြီး အောက်သို့ငုံ့ကြည့်လိုက်လေသည်။ ရေတွင်းပျက်ပေါင်၌ သစ်သားဘီး၊ ရေပုံးနှင့် ကြိုးကို အသင့်ချိတ်ထားလေသည်။

အဘိုးအိုက ...

"ရေတွင်းပျက်အောက်ကို ဆင်းရမယ်"

ဟု ပြောလေသည်။ ယင်ကျင်းကလည်း ငုံ့ကြည့်လိုက်လေသည်။ ရေတွင်းပျက်ကား နက်ရှိုင်းလှပြီး အောက်ဘက်၌ မှောင်မည်းနေကာ ဘာဆိုဘာမှ မတွေ့ရချေ။ အဘိုးအို၏စကားကြောင့် ထိတ်လန့်သွားပြီး ...

"ရေတွင်းပျက်ထဲ ဆင်းရမယ် ... ဟုတ်လား"

"ဟုတ်တယ်"

"ဟာ ... မဖြစ်ဘူးထင်တယ်"

"ငါတို့ ဒီနေရာကိုတောင် ရောက်အောင်လာနိုင်ခဲ့ကြပြီးမှ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"

ယင်ကျင်းသည် အဘိုးအိုအား စိုးရိမ်ကြီးစွာ ကြည့်လိုက်ပြီး

"ဘာဘရယ် ဘာကြောင့် ဒီလောက်အန္တရာယ်များတဲ့ ရေတွင်းပျက်ထဲ ဆင်းချင်ရတာလဲ"



ဟု ပြောလိုက်လေသည်။ အဘိုးအိုက ...

"ငါဆင်းမှာ မဟုတ်ဘူး"

ယင်ကျင်းက ...

"ဒါဖြင့်"

"မင်းဆင်းရမှာ"

"ဗျာ"

ယင်ကျင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ အဘိုးအိုအား မျက်လုံးပြူးကာ ကြည့်လိုက်မိလေသည်။ အဘိုးအိုက

"ရေတွင်းပျက်ထဲကို မင်း ဆင်းရမယ်၊ ငါ လိုချင်တဲ့ပစ္စည်း တစ်ခုကို မင်း ယူပေးရလိမ့်မယ်"

ယင်ကျင်း ခေါင်းခါယမ်းလိုက်လေသည်။

"မဆင်းဘူး ... ကျွန်တော် မဆင်းရဲဘူးဗျ"

"မင်း ဆင်းကိုဆင်းရမယ်"

"မဆင်းဘူး"

ယင်ကျင်းသည် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။ အဘိုးအိုက ...

"မင်း ဘယ်ပြေးမလဲ"

ဟု ငေါက်ကာ လက်ဝှေ့ယမ်းလိုက်လေသည်။ ယင်ကျင်း၏ ခြေထောက်တစ်ဖက်မှ ထုံကျဉ်သွားလေသည်။ ရှေ့ဆက်မပြေးနိုင်တော့ဘဲ ဟပ်ထိုးလဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

အဘိုးအိုသည် သူ၏အနီးသို့ရောက်လာပြီး ကုပ်ကိုဆွဲလိုက်သည်။

"ထစမ်း"

ယင်ကျင်းမှာ ဒယီးဒယိုင်ဖြင့် ပါလာ၏။ အဘိုးအိုသည် အသက်အရွယ်ကြီးရင့်ကာ အရိုးပေါ် အရေတင် ပိန်ချုံးနေသော် လည်း သူ၏ခွန်အားမှာ အံ့သြစရာကောင်းအောင် ကြီးမားသန်စွမ်းနေပါတော့သည်။

ယင်ကျင်းမှာ ခက်ထန်ကြမ်းတမ်းသောဘဝဖြင့် ကြီးပြင်းရသည်မို့ ခန္ဓာကိုယ် ကျစ်လျစ်သန်မာသောလူငယ်တစ်ယောက် ဖြစ်ပါသည်။

ယခု ... အဘိုးအို၏လက်ထဲ၌ ယင်ကျင်း ယက်ကန်ယက်ကန်ဖြစ်နေခြင်းမှာ အံ့သြစရာကောင်းလှပေတော့သည်။

အဘိုးအိုသည် ယင်ကျင်းအား ရေတွင်းပျက်ဆီသို့ ဆွဲခေါ်သွားပြီး ...

"မင်း ... အေးအေးဆေးဆေး မဆင်းဘူးဆိုရင် ဒီအတိုင်း ချလိုက်ရလိမ့်မယ်"

ဟု ခြိမ်းခြောက်လိုက်သည်။ ယင်ကျင်း၏လည်ကုပ်နှင့် ခါးစည်းကြိုးကို ဆွဲကိုင်ထားပြီး ရေတွင်းပျက်ထဲသို့ ပစ်ချမည့်အသွင် ပြုလုပ်လိုက်လေသည်။



"အမယ်လေး"

ယင်ကျင်း ငယ်သံပါအောင် အော်လိုက်လေသည်။ သူ၏ အသံသည် ပွဲတင်ထပ်ကာ ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။ အဘိုးအိုက ...

"မင်း ငါခိုင်းတာ လုပ်မလား၊ မလုပ်ဘူးလားဆိုတာ ပြောစမ်း"

ဟု ငေါက်လိုက်လေသည်။ ယင်ကျင်းမှာ ကြောက်လန့်နေသည် ဖြစ်ရကား ...

"ကျွန် ... ကျွန်တော် လုပ်ပေးပါ့မယ် ခင်ဗျာ"

ဟု တောင်းပန်လိုက်လေသည်။ အဘိုးအိုက ...

"ဒီလိုမှပေါ့ကွ"

ယင်ကျင်းကို မြေပေါ် ချပေးလိုက်လေသည်။ ယင်ကျင်းသည် တုန်တုန်ယင်ယင်ဖြင့် ရေတွင်းဟောင်းကိုမှီကာ ရပ်နေလိုက်လေသည်။ အဘိုးအိုက ...

"မင်းက ရေတွင်းထဲ ဆင်းသွားရမယ်၊ အောက်ဘက်ရောက်ရင် ဥမင်လိုဏ်ခေါင်းတစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒီဥမင်လိုဏ်ခေါင်းထဲ ဝင်သွားပါ၊ လမ်းမှာ ဘာတွေပဲတွေ့တွေ့ ဂရုမစိုက်နဲ့၊ လိုဏ်ခေါင်းလမ်းကို ဆုံးအောင် သွားလိုက်ရင် ကျောက်အခန်းကြီးတစ်ခုကို ရောက်သွားလိမ့်မယ်၊ အဲဒီအခန်းထဲမှာ ရေကန်လေးတစ်ခု တွေ့ရမယ်၊ ရေကန်ထဲမှာ သစ်သီးတစ်လုံးသီးနေတဲ့ သစ်ခြောက်ပင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ပင်ကို တွေ့ရလိမ့်မယ်၊ မင်းက အဲဒီသစ်သီးကိုခူးပြီး ငါ့ဆီကို ယူလာရလိမ့်မယ်"

ဟု ပြောလေသည်။ သူပြောသည့် အချက်အလက်မှာ များပြားလွန်းလှသဖြင့် ယင်ကျင်း ရုတ်တရက် မမှတ်မိပါချေ။ အဘိုးအိုက ထပ်ပြောလိုက်လေသည်။ ယင်ကျင်း မှတ်မိအောင် နှစ်ကြိမ်သုံးကြိမ် ထပ်ပြောလိုက်၏။ ပြီးလျှင် ...

"မင်း မှတ်မိပြီလား"

ဟု မေးလေသည်။ ယင်ကျင်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့ ... မှတ်မိပါပြီခင်ဗျာ"

အဘိုးအိုက ...

"သစ်သီးကို ရအောင်ခူးယူခဲ့၊ မင်းပြန်လာရင် ရွှေငွေတွေ မင်း ကြိုက်သလောက် ရစေမယ်၊ ရေတွင်းထဲ ဆင်းပေတော့"

"ကျွန်တော် ဘယ်လိုဆင်းရမှာလဲ"

"မပူနဲ့ ... ငါ စီစဉ်ပေးမယ်"

အဘိုးအိုသည် အသင့်ရှိနေသော ရေပုံးကြိုးနှင့် ဘီးတို့ကို အသုံးပြုကာ ရေတွင်းအောက်သို့ ဆင်းနိုင်အောင် စီစဉ်ပေးလေသည်။ ယင်ကျင်းမှာ မတတ်သာသဖြင့် ရေပုံးကြီးထဲ ဝင်လိုက်ရ၏။ အဘိုးအိုက ကြိုးကို တဖြည်းဖြည်း အောက်လျှော့ချပေးလိုက်လေသည်။

'ကျွီ ... ကျွီ'



တကျွီကျွီမြည်သံများ ထွက်ပေါ်လာလေသည်။ ယင်ကျင်းလိုက်ပါသွားသည့် ရေပုံးကြီးသည် အောက်ဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွား၏။

ယင်ကျင်းသည် ရင်တထိတ်ထိတ်ဖြင့် ရေတွင်းထဲသို့ ဆင်းသွားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ထူးထူးဆန်းဆန်း

'ကျွီ ... ကျလီ'

ရေတွင်းစက်သီးကြိုးသည် ဆီမထည့်သော လှည်းဘီးလိမ့်သံပမာ တကျွီကျွီမြည်နေသည်။ အဘိုးအိုက ကြိုးကိုလျှော့ပေးလိုက်သည်နှင့် ယင်ကျင်းလိုက်ပါလာသော ရေပုံးကြီးမှာ အောက်ဘက်သို့ တကျွီကျွီမြည်ကာ နိမ့်ဆင်းကျလာလေသည်။

ယင်ကျင်း၏ရင်ထဲ တလှပ်လှပ်ဖြစ်နေသည်။ ကြောက်ရွံ့မှုကြောင့် တစ်ကိုယ်လုံး ဇောချွေးများ စို့ရွဲလာသည်။ ခြေဖျားလက်ဖျားများ အေးစက်လာသည်။ တတ်သမျှ မှတ်သမျှ ဘုရားစာများ ရေရွတ်နေလိုက်မိလေသည်။

ရေတွင်းအောက်ခြေသို့ ရောက်လာလေလေ အေးစိမ့်ကာ မှောင်မည်းလာလေလေပင်။ ယင်ကျင်းက အပေါ်သို့မော့ကြည့်လိုက်ရာ အပေါ်ဘက်တွင် ကြည်ပြာရောင် မိုးကောင်းကင်ကြီးကို သေးသေးကွက်ကလေးသာ တွေ့မြင်ရတော့သဖြင့် စိတ်အားငယ်သွားလေသည်။

သူက အဘိုးအိုကို ကြောက်ရွံ့ခြင်းကြောင့်သာလျှင် ရေတွင်း



ထဲသို့ ဆင်းလာခဲ့ရခြင်း ဖြစ်လေသည်။ ရေတွင်းထဲမဆင်းလျှင် အဘိုးအိုက သူ့အား သတ်ပစ်လိမ့်မည် မဟုတ်ပါလား။ ရေတွင်းထဲ ဆင်း၍ ရော မည်သို့ရှိမည်နည်း။

ယင်ကျင်းမှာ အန္တရာယ်နှင့် ရင်ဆိုင်ရမည်ကို တွေးတောကာ ငိုမဲ့မဲ့ဖြစ်လာလေတော့သည်။ ရေတွင်းထဲရောက်လျှင် အေးစိမ့်ကာ အသက်ရှူမွန်းကျပ်လိမ့်မည်ဟု ယုံကြည်ထားခဲ့ သည်။

သို့သော် ... သူထင်မှတ်သလို ဖြစ်မလာပါချေ။

ရေတွင်းအောက်ဘက်သို့ရောက်လျှင် အေးစိမ့်နေခြင်း၊ အသက်ရှူကျပ်ခြင်း မရှိဘဲ နွေးနွေးထွေးထွေး သက်သောင့်သက်သာပင် ရှိလာလေသည်။ ထို့အပြင် အောက်ဘက်၌ ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်နေသည်ကို တွေ့ရလေသည်။

ယင်ကျင်းသည် သူထင်သလို ဖြစ်မလာ၍ အံ့သြသွားသည်။ ရေတွင်းအောက်ဘက်မှ အလင်းရောင်ကို စိတ်ဝင်စားသွားပြီး ငုံ့ကြည့်လိုက်မိလေသည်။

အလင်းရောင်သည် ရေတွင်းနံရံအပေါက်ကြီးတစ်ခုမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ ထိုအလင်းရောင်သည် ဝင်းလက်နေသော်လည်း စူးရှတောက်ပခြင်းမရှိချေ။ ထိုအလင်းရောင်ကြောင့်ပင် နွေးထွေးပြီး သက်သောင့်သက်သာရှိလာစေခြင်း ဖြစ်လေသည်။

အလင်းရောင်နှင့် တစ်စထက်တစ်စ နီးကပ်လာလေသည်။

ရေပုံးကြီးသည် ငြိမ့်ခနဲဖြစ်သွားသည်။ ရေတွင်းအောက်ခြေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ထိတွေ့မိလိုက်ပြီဖြစ်လေသည်။ အလင်းရောင်ထွက်ပေါ်နေသော ဂူပေါက်ရှေ့တွင် ရပ်တန့်သွားခြင်း ဖြစ်ပါတော့သည်။

ယင်ကျင်းသည် ဂူပေါက်ကို မဝံ့မရဲ ကြည့်လိုက်လေသည်။ ဂူပေါက်ထဲ၌ ပြိုးပြိုးပြက်ပြက်အလင်းရောင်များ ထွက်ပေါ်နေရာ ထို အလင်းရောင်သည် တင်းတိမ်တစ်ခု ကာရံထားသည့်ပမာ ရှိနေပြီး အတွင်းဘက်သို့ ကောင်းစွာတွေ့မြင်ရခြင်း မရှိတော့ချေ။

ယင်ကျင်းက ရေပုံးထဲမှ ထွက်လိုက်သည်။ သူ၏ခြေအစုံ သည် မာကျောသောကျောက်သားပြင်နှင့် ထိတွေ့မိလိုက်လေသည်။

ထိုစဉ်မှာပင် ...

'ဗိုး'

ရေပုံးသည် အပေါ်ဘက်သို့ လျင်မြန်စွာ တက်သွားလေ တော့သည်။

*

အဘိုးအိုသည် ရေပုံးကို အပေါ်ဘက်သို့ ဆွဲတင်သွားပြီ ဖြစ်သည်။ ရေပုံးမရှိဘဲ ရေတွင်းပေါ်သို့ ပြန်တက်၍ ရတော့မည် မဟုတ်ပါချေ။ ယင်ကျင်း ထိတ်လန့်သွားလေသည်။

"ရေပုံး ပြန်ချပေးပါ"



ဟု အော်လိုက်မိလေသည်။ သူ၏အသံသည် ရေတွင်းထဲ၌ ပဲ့တင်ထပ်ကာ ကျယ်လောင်စွာ ထွက်ပေါ်လာပါတော့သည်။ ယင် ကျင်း နားအူသွားပြီး ကပျာကယာ နားပိတ်ထားလိုက်ရလေ သည်။

ပဲ့တင်သံများသည် အတော်ကလေးကြာမှ တိတ်ဆိတ်ကွယ် ပျောက်သွားလေတော့သည်။ ယင်ကျင်း ထပ်မအော်ရဲတော့ပါ။ ထိုစဉ် ...

"ငါခိုင်းတာလုပ်ရင် မင်း အပေါ်ပြန်တက်လာလို့ရအောင် ရေပုံးချပေးမယ်"

အပေါ်ဘက်မှ အဘိုးအို၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အသံမှာ ခပ်သဲ့သဲ့သာ ကြားရခြင်းဖြစ်သည်။ ယင်ကျင်းက ...

"ရေပုံးပြန်ချပေးပါ ... ကျွန်တော် အပေါ် ပြန်တက်ပါရစေ"

ဟု အော်ပြောလိုက်လေသည်။ ပဲ့တင်သံထွက်မလာမီ နား နှစ်ဖက်ကို ပြန်ပိတ်ထားလိုက်သည်။ နားကို ပြန်ဖွင့်လိုက်သောအခါ အဘိုးအို၏အသံကို ခပ်သဲ့သဲ့ ပြန်ကြားရလေသည်။

"ငါ ခိုင်းတာလုပ်"

ထို့နောက် ... ယင်ကျင်း အကြိမ်ကြိမ် အော်ပြောလိုက် သည့်တိုင် နောက်ထပ် မကြားရတော့ပါ။ အဘိုးအိုသည် သူ့အား ထားပစ်ခဲ့ပြီး ထွက်သွားပြီဟုပင် ထင်မှတ်ရလေတော့သည်။

ယင်ကျင်း ဝမ်းနည်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ဒီရေတွင်းထဲမှာပဲ ဒုက္ခရောက်ရတော့မယ် ထင်ပါရဲ့"

ဟု ညည်းတွားမိလိုက်သည်။ စိတ်ပျက်လက်ပျက်ဖြင့် ရေတွင်းနံရံကိုမှီကာ ထိုင်ချလိုက်လေသည်။ မိဘများကို သတိရလာပြီး မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

ယင်ကျင်းမှာ ဆင်းရဲနွမ်းပါးသော်လည်း ပင်ပင်ပန်းပန်း လုပ်ကိုင်ရပါသော်လည်း ကြီးမားသောဒုက္ခများနှင့် ရင်ဆိုင်ခဲ့ရသည် ဟူ၍ မရှိခဲ့ချေ။ နေပူမရှောင် မိုးရွာမရှောင် မြင်းလှည်းမောင်းရင်း အပင်ပန်းခံကာ ရှာဖွေရင်း မိဘနှစ်ပါးအား လုပ်ကိုင်ကျွေးမွေးနိုင်ခဲ့ရာ ပင်ပန်းသည်မှအပ အေးအေးချမ်းချမ်း ရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။

ယခုတော့ ... အခက်အခဲဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ရချေပြီ။ သူ၏ဘဝတွင် ပထမဆုံးအကြိမ် ကြုံတွေ့ရသောဒုက္ခဖြစ်ပြီး အကြီးမားဆုံးသော ဒုက္ခကြီးဖြစ်သည်ဟု တွေးကာ ဝမ်းနည်းကြေကွဲလာပြီး ငိုကြွေးနေမိခြင်း ဖြစ်ပါတော့သည်။

မည်မျှကြာအောင် ငိုကြွေးနေမှန်း မသိ။

"မင်း ဘာကြောင့်ငိုနေတာလဲ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ယင်ကျင်း အံ့သြသွားလေသည်။ ငိုကြွေးမှုလည်း ရပ်တန့်သွားလေသည်။ မျက်လုံးပြူးကာ ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။



"မင်းဟာ သိပ်ကို သနားစရာကောင်းတဲ့ ကောင်လေးပဲ၊ ကြွက်ပျင်းအဘိုးအိုက မင်းကို အတင်းအကျပ် ခိုင်းလိုက်တာ မဟုတ်လား"

စကားသံ ထပ်မံထွက်ပေါ်လာပြန်လေသည်။ ယင်ကျင်း ကပျာကယာ လူးလိမ့်ထလိုက်သည်။ မျက်ရည်များကို သုတ်ပစ်လိုက်ပြီး ...

"ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

ယခုတစ်ကြိမ် ... သူ၏အသံသည် ဂူပေါက်ထဲမှ အလင်းရောင်တင်းတိမ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားပြီး ပျောက်ကွယ်သွားသည်ဟု ထင်ရလေသည်။

"မင်း ဝင်လာခဲ့ပါလား"

စကားသံက ထွက်ပေါ်လာပြန်သည်။ ထိုစကားသံသည် ယင်ကျင်း၏နားအနီး၌ ကပ်ကာ ပြောလိုက်သကဲ့သို့ ရှိလေသည်။ ယင်ကျင်းသည် စကားသံများ ဂူပေါက်ထဲမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သတိပြုမိလိုက်လေသည်။

ဂူထဲ၌ လူတစ်ယောက် ရှိနေကြောင်း သိရသောအခါ အားတက်လာလေသည်။ ထိုလူသည် သူ့အား ကူညီနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိလေသည်။ ထို့ကြောင့်...

"အထဲက ဘယ်သူများလဲ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။ ဂူထဲမှ ...

"မင်း ဝင်လာခဲ့ပါလား"

အထဲသို့ ဝင်လာရန် ခေါ်နေသည်။ ယင်ကျင်းက ဂူပေါက်ထဲသို့ လှမ်းဝင်လိုက်လေသည်။ ဂူနံရံမှလည်းကောင်း၊ အောက်ခြေမှလည်းကောင်း၊ အမိုးမှလည်းကောင်း၊ ရွှေရောင်များ ထူးဆန်းစွာ ထွက်ပေါ်နေသည်။

ထိုရွှေရောင်အလင်းတန်းများသည် တစ်ခုနှင့် တစ်ခု ရောယှက်ကာ ရွှေရောင်တင်းတိမ်ကြီးတစ်ခုပမာ ဖြစ်သွားသည်။

ယင်ကျင်းက လှမ်းဝင်လိုက်သောအခါ ရှေ့သို့ တဖြည်းဖြည်း တွေ့မြင်လာရလေသည်။ ခြေလှမ်းဆယ်လှမ်းခန့် လှမ်းသွားလိုက်ပြီးသောအခါ အလင်းတန်းများသည် အားပျော့သွားပြီး ဂူအတွင်းဘက်ကို ကောင်းစွာ တွေ့မြင်လာရလေတော့သည်။

လိုဏ်ဂူမှာ အတော်ပင် ကျယ်ဝန်းလေသည်။ လူသွားလမ်းတစ်ခုပမာ ရှိနေပြီး အရှေ့ဘက် ဝါးနှစ်ရိုက်ခန့်အကွာတွင် ထူးခြားသောအလင်းရောင် များ ထွက်ပေါ်နေသည့် အခန်းကျယ်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ယင်ကျင်းမှာ ထိုအခန်းကျယ်ကြီးဆီသို့ လှမ်းသွားလိုက်၏။ ထိုစဉ် ...

"ခဏနေပါဦးကွဲ့"

စကားသံတစ်ချက် အနောက်ဘက်မှ ထွက်ပေါ်လာလေ



သည်။ ယင်ကျင်း အံ့သြသွား၏။ သူ ငိုကြွေးနေစဉ်က စကားသံကို အရှေ့ဘက်မှ ကြားလိုက်ရခြင်း ဖြစ်သည်။ ယခု ... လိုဏ်ဂူထဲဝင်လာခဲ့ပြီး များမကြာမီ ကြားလိုက်ရသော စကားသံသည် အနောက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ယင်ကျင်း ခြေလှမ်းရပ်သွားသည်။ တအံ့တသြဖြင့် အနောက်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ခဏလောက် လှည့်လာပါလားကွယ်"

စကားသံက ဝဲဘက်တစ်နေရာမှ ထွက်ပေါ်လာခြင်း၊ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရပါချေ။ ယင်ကျင်း ထိတ်လန့်သွားတော့သည်။ စကားသံကို ကြားနေရသော်လည်း လူသူတစ်စုံတစ်ယောက်မှ မတွေ့ရသဖြင့် ကြောက်ကြောက်ရွံ့ရွံ့ဖြစ်သွားကာ ...

"သ ... သရဲခြောက်တာဖြစ်မယ်"

ဟု ရေရွတ်လိုက်မိလေတော့သည်။

'ဟင်း .. ဟင်း .. ဟင်း'

တိုးညင်းသောရယ်သံ ထွက်ပေါ်လာလေသည်။ ယင်ကျင်းက ...

"ခင်ဗျား ဘယ်သူလဲ ... သရဲလား"

ဟု မေးလိုက်လေသည်။

"မဟုတ်ပါဘူးကွာ ... ငါက လူတစ်ယောက်ပါ"

"ခင်ဗျား ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ ဒီမှာလေ"

ရုတ်တရက် ကျောက်နံရံမှ လက်တစ်ဖက်ထွက်ပေါ်လာလေသည်။ ယင်ကျင်းသည် လူကိုမတွေ့ရဘဲ နံရံမှ ထိုးဖောက်ကာထွက်လာသည့်လက်ကို တွေ့လိုက်ရလျှင် ...

"အမယ်လေးဗျ"

အထိတ်တလန့်အော်ကာ နောက်ပြန်လဲကျသွားလေတော့သည်။

*

ယင်ကျင်းသည် ဖင်ထိုင်လဲကျနေ၏။ မျက်လုံးအပြူးသားပါးစပ်အဟောင်းသားဖြစ်နေသည်။ ကျောက်နံရံမှ ထွက်ပေါ်လာသည့်လက်ကို အထိတ်တလန့် ကြည့်နေမိလေသည်။

ထိုလက်သည် ကလေးတစ်ယောက်၏လက်ကဲ့သို့ သေးငယ်သောလက်ကလေးဖြစ် သည်။ လက်မောင်းမှနေပြီး လက်ချောင်းကလေးများအထိ တစ်ပေခွဲခန့်သာ ရှိလေသည်။ လက်ချောင်းကလေးများ ဆုပ်ကာဖြန့်ကာဖြင့် လက်ယပ်ခေါ်လာလေသည်။

"လာခဲ့ ... လာခဲ့"

ယင်ကျင်း ထိတ်လန့်သွားသည်။



ဦးခေါင်းသွင်သွင် ခါယမ်းရင်း ...

"ဟင့်အင်း ... မလာဘူး၊ မလာဘူး"

အော်ဟစ်ရင်းပင် ဒယဉ့်ဆွဲကာ နောက်ဆုတ်လိုက်လေသည်။ နံရံမှ ထိုးထွက်နေသော လက်ကလေးက ...

"မကြောက်ပါနဲ့ကွာ လာခဲ့ပါ၊ ငါဟာ သရဲမဟုတ်ပါဘူး၊ မင်းရဲ့အကူအညီကို လိုအပ်နေတဲ့ လူတစ်ယောက်ပါ"

"ခင် ... ခင်ဗျားက လူသာဆိုရင် လက်ကြီးပဲ တွေ့ရပါလား၊ ခင်ဗျား ဘယ်လိုလုပ်ပြီး စကားပြောနိုင်တာလဲ"

"ငါက လူမို့ပေါ့ကွာ ... မင်းက နံရံအနားကို ကပ်လာခဲ့ပေါ့"

စကားဆုံးလျှင် နံရံမှလက်မှာ ပျောက်ကွယ်သွားလေသည်။ ယင်ကျင်း သေသေချာချာကြည့်နေသဖြင့် လက်ကလေးပျောက်ကွယ်သွားသည်နှင့် ဂူနံရံ၌ အပေါက်ကလေးတစ်ပေါက် ရှိနေသည်ကို တွေ့ရလေသည်။

"ဟင်"

ယင်ကျင်း၏ကြောက်လန့်စိတ်များ ချက်ချင်းပျောက်ကွယ်သွားလေသည်။ ဂူနံရံ၌ အပေါက်ကလေးရှိနေသဖြင့် နံရံတစ်ဖက်တွင် အခန်းတစ်ခု ရှိနေနိုင်သည်ဟု တွေးမိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

"ခင်ဗျားက ဂူနံရံရဲ့ဟိုဘက်မှာလား"

ဟု မေးလိုက်လေသည်။ သူ၏စကားအဆုံးတွင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မင်း လာကြည့်ပါလား"

ယင်ကျင်း၏ရင်ထဲ၌ ကြောက်လန့်မှုများ ပျောက်ကွယ်သွားသောအခါ စိတ်ဝင်စားမှုများ ဖြစ်ပေါ်လာလေသည်။ ချက်ချင်း လူးလိမ့်ထ,လိုက်ပြီး ဂူနံရံမှ အပေါက်ကလေးဆီသို့ ချဉ်းကပ်သွားလိုက်လေသည်။ ထိုအပေါက်ကလေးမှတစ်ဆင့် တစ်ဖက်သို့ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ ... နံရံတစ်ဖက်တွင် အခန်းကျဉ်းတစ်ခု ရှိနေသည်ကို တွေ့ရ၏။ ထိုအခန်းသည် လေးဖက်လေးတန် နံရံကာဆီးထားပြီး ထွက်ပေါက်မရှိပါချေ။ လက်ပိုင်ရှင် စကားပြောခဲ့သူကိုလည်း မတွေ့ရပါ။

"ခင်ဗျား ဘယ်မှာလဲ"

ယင်ကျင်းက မေးလိုက်လေသည်။ ထိုအခါ ...

"ငါ ဒီမှာရှိတယ်လေ"

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ဒီအခန်းထဲမှာ ရောက်နေတာလဲ"

"ငါ့ကို ဟိုမိစ္ဆာကြီးက ဖမ်းပြီး ပိတ်လှောင်ထားလို့ပေါ့ကွာ"

"မိစ္ဆာမကြီး ... ဟုတ်လား"

"ဟုတ်တယ်လေ ... မင်းက ငါ့ကို ကယ်မယ်မဟုတ်လား"

ယင်ကျင်း တွေးလိုက်လေသည်။ ထိုလူသည် အခန်းတွင်း၌ ပိတ်လှောင်ထားခြင်း ခံရလျှင် ဒုက္ခရောက်နေသူဖြစ်၍ ကူညီရမည်



ဖြစ်သည်။ ရေတွင်းအောက်ဘက်သို့ ရောက်ရှိနေခြင်းကြောင့် အဖော်တစ်ယောက်ရှိနေခြင်းက အကောင်းဆုံးဖြစ်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ...

"ခင်ဗျားကို ကူညီချင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော် ဘယ်လိုလုပ်ရမှန်းမသိဘူး"

ဟု ပြောလိုက်လေသည်၊ ထိုလူက ...

"လွယ်ပါတယ် ... မင်း အခုကြည့်နေတဲ့ အပေါက်ကလေးနံဘေးမှာ ရွှေကွင်းကလေးတစ်ခုရှိတယ်၊ အဲဒီရွှေကွင်းလေး ဆွဲလိုက်ရင် တံခါးပွင့်သွားလိမ့်မယ်"

ယင်ကျင်းက ရှာဖွေကြည့်လိုက်ရာ နံရံတွင် မြုပ်ဝင်နေသည့် ရွှေကွင်းကလေးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။ နံရံ၌ ရွှေရောင်များ ရောင်ပြန်ထွက်ပေါ်နေခြင်းကြောင့်သာလျှင် ထိုရွှေကွင်းလေးအား မတွေ့ရခြင်း ဖြစ်လေသည်။

ယင်ကျင်းသည် ရွှေကွင်းကလေးကို ဆွဲလိုက်လေသည်။ အားစိုက်ပြီး ဆွဲစရာမလိုပါ။ အနည်းငယ် ဆွဲလိုက်သည်နှင့် ...

'ဂျိမ်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ ကျောက်ဂူနံရံမှာ ကွဲအက်သွားပြီး ဝင်ပေါက်တစ်ခု ဖြစ်ပေါ်လာလေသည်။ ကျောက်အခန်းတံခါး ပွင့်သွားခြင်း ဖြစ်ပေတော့သည်။

တံခါးပွင့်သွားလျှင် မိမိ၏ခြေထောက်နှစ်ဖက် အေးခနဲ့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု ခံစားလိုက်ရ၏။ ယင်ကျင်းက အခန်းတွင်းသို့ကြည့်ရင်း

"ခင်ဗျား ဘယ်မှာလဲ ... ထွက်ခဲ့လေ"

ဟု ခေါ်လိုက်လေသည်။ ထိုစဉ် ...

"ငါက အပြင်ဘက်ကို ရောက်နေပြီကွ"

နောက်ကျောဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ယင်ကျင်း ကပျာကယာလှည့်ကြည့်မိလိုက်၏။

နောက်ကျောဘက်၌ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါ ချေ။ ယင်ကျင်း ရင်ထိတ်သွားရပြန်သည်။

"ခင်ဗျား ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

"ငါ ဒီမှာလေ ... မင်း မမြင်ဘူးလား"

စကားသံသည် မြေပေါ်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ ယင်ကျင်း ငုံ့ကြည့်လိုက်လျှင် သုံးပေပင်မပြည့်သော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ဟာ"

ယင်ကျင်း အသံကုန်ဟစ်အော်လိုက်သည်။ နောက်သို့ ကပျာကယာ ခုတ်ဆုတ်လိုက်၏။ နောက်ကျောဘက်၌ ကျောက်နံရံကြီး ရှိနေသည်ကို သတိမပြုမိဘဲ တအားခုန်ဆုတ်လိုက်မိသဖြင့် နံရံနှင့် ကျောပြင် အရှိန်ပြင်းစွာဆောင့်မိကာ ...



'ဝုန်း'

'အင့်'

ကြမ်းပြင်ပေါ် ဖင်ထိုင်ကျသွားလေတော့သည်။ ဤတွင် ... ရှေ့တွင် ရပ်နေသူ လူပုလေးနှင့် မျက်နှာချင်းဆိုင်မိသလို ဖြစ်သွားလေတော့သည်။ ထိုလူမှာ လူပုလေးတစ်ယောက်ဖြစ်လေသည်။

ဦးခေါင်းတွင် ဆံပင်မရှိ၊ ထိပ်ပြောင်ဖြစ်သည်။ ဖြူဖွေးသော မုတ်ဆိတ်မွေးများသည် ရင်ဘတ်ထိအောင် ရှည်လျားစွာလှနေသည်။ မျက်လုံးပြူးပြူး နှာခေါင်းပွပွရှိသည်။ လူစဉ်မမီဘဲ အရပ်ပုသော်လည်း အသက်ကား ကြီးရင့်နေပြီဖြစ်လေသည်။ ထူးခြားသည်ကား ထိုလူပုလေး၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ရုပ်ဆိုးနေခြင်း ဖြစ်လေသည်။

"မှင် ... မှင်စာလေး"

ယင်ကျင်း အော်ဟစ်လိုက်သည်၊ ချက်ချင်း ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

"ဟေ့ ဟေ့ ... မကြောက်ပါနဲ့ကွ"

လူပုလေးသည် ရှေ့တိုးလာပြီး ယင်ကျင်း၏ခြေထောက်ကို ဆွဲထားလိုက်လေသည်။

"လွှတ် ... လွှတ် ... ကျွန်တော့်ကိုလွှတ်"

ယင်ကျင်းက အော်ဟစ်ရုန်းကန်လိုက်သည်၊ သို့သော် လူပုလေးဆွဲထားသည့်လက်မှာ မြဲမြဲလွန်းလှသဖြင့် ရုန်းထွက်၍မရ

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ဖြစ်သွားလေသည်။

လူပုလေးသည် ကြောက်ခမန်းလိလိ သန်မာနေပါတော့သည်။ ယင်ကျင်းက ...

"လွှတ် ... လွှတ်"

အတင်းရုန်းရင်း သူ၏တစ်ကိုယ်လုံး ဇောချွေးများပြန်လာတော့သည်။

"ကောင်လေး ... မင်း ထွက်မပြေးပါနဲ့၊ ငါက မင်းကို ဒုက္ခပေးမှာမဟုတ်ဘူး၊ ငါ အကျဉ်းကျနေတာ မင်းကြောင့် လွတ်မြောက်လာတာပါ၊ မင်းကိုတောင် ကျေးဇူးရှင်လို့ သတ်မှတ်ရမှာပါ"

"ဗျာ"

ယင်ကျင်းသည် လူပုလေးအား မဝံ့မရဲကြည့်လိုက်လေသည်။ လူပုလေးကား ရုပ်ဆိုးပြီး သရဲသဘက်နှင့် တူလှသည်။ သူက ပြုံးနေသည်မှာ တမင် ခြောက်လှန့်သလို ဖြစ်နေပါ၏။

ယင်ကျင်းက ...

"ခင်ဗျားဟာ လူ ... လူပါနော်"

"ဟုတ်ပါတယ်ကွ"

"မှင် ... မှင်စာလေးတော့ မဟုတ်ပါဘူးနော်"

"ဟုတ်ပါတယ်ကွာ"

"ဗျာ"

လူပုလေးက ရယ်မောလိုက်သည်။



"ငါ့နာမည်က မှင်စာလေးလေကွာ"

"ဗျာ"

"မင်းက ငါ့နာမည်ကို သိနေတာတော့ မဟုတ်ပါဘူးနော်"

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဟာ ... ကျွန်တော် ဘယ်လိုလုပ်ပြီး သိမှာလဲ"

"အေး ... ငါကလည်း မင်းမသိဘူးလို့ပဲ ထင်ပါတယ်"

လူပုလေးသည် ကြောက်စရာကောင်းသော ရုပ်သွင်ရှိသည်။ သို့သော် ... သူ စကားပြောသည့်အခါ ပွင့်လင်းပြီး ရယ်စရာကောင်းသည်။ ယင်ကျင်း၏ရင်ထဲမှ စိုးထိတ်မှုများ တဖြည်းဖြည်း လျော့ပါးသွားလေသည်။ လူပုလေးက ...

"ငါက မှင်စာလေး ... မင်းကရော"

ဟု မေးလာသည်။ ယင်ကျင်းက ...

"ကျွန်တော်က ယင်ကျင်းပါဗျာ"

လူပုလေး (ဝါ) မှင်စာလေးက ...

"မင်းကို ကြွက်ပျင်းကြီးက ခေါ်လာတာမဟုတ်လား"

ဟု မေးလေသည်။ ယင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားပြီး

"ကြွက်ပျင်းကြီးဆိုတာ ဘယ်သူလဲဗျာ"

"ပိန်ပိန်ပါးပါး အဘိုးအိုပေါ့"

အဘိုးအိုတစ်ယောက်၏ရုပ်သွင်ကို ပြောပြလေသည်။ မှင်စာလေးပြောပြသည့် ပုံပန်းသဏ္ဌာန်နှင့် မိမိ၏မြင်းလှည်းဆို လိမ်

www.burmeseclassic.com

www.burmeseclassic.com



ညာငှားရမ်းလာသည့် အဘိုးအို၏ပုံပန်းသဏ္ဌာန်မှာ တစ်ထေရာတည်း တူနေသည်ဟု ယင်ကျင်း သတိပြုမိလိုက်သည်။

"လက်စသတ်တော့ ကြွက်ပျင်းကြီးဆိုတာ သူကိုး"

ဟု ရေရွတ်လိုက်လေသည်။ မှင်စာလေးက ...

"ကြွက်ပျင်းကြီးဟာ ဘယ်သူလဲဆိုတာရော သိလား"

ဟု မေးလာပြန်လေသည်။

"ဗျာ"

ယင်ကျင်းသည် မှင်စာလေး၏စကားကို ရုတ်တရက်နားမလည်နိုင်အောင် ဖြစ်သွားလေသည်။ မှင်စာလေးက ...

"ကြွက်ပျင်းကြီးဟာ မိစ္ဆာမကြီးရဲ့ယောကျ်ားဆိုတာ မင်းသိသလား"

ယင်ကျင်းက ...

"ကျွန်တော် ဘယ်လိုလုပ်ပြီး သိမှာလဲ၊ မိစ္ဆာမကြီးဆိုတာကရော ဘယ်သူလဲ"

ဟု ပြန်မေးလိုက်လေသည်။ မှင်စာလေးက ...

"ဒီနေရာကို အပိုင်စီးထားတဲ့ ပိုင်ရှင်ပေါ့"

"ပိုင်ရှင်"

"နေဦး ... မဟုတ်သေးဘူး၊ ပိုင်ရှင်က ငါ"

"ဟာ"

ယင်ကျင်း ခေါင်းကုတ်လိုက်လေသည်။ မှင်စာလေးက ...



"မင်း နားရှုပ်သွားပြီ မဟုတ်လား၊ အေး ... မင်းနားလည်အောင် ငါ ရှင်းပြချင်တယ် ... ဘယ်လိုလဲ"

ယင်ကျင်းက ...

"ကျွန်တော်လည်း ဒီနေရာကို ရောက်လာပြီးမှ ဘာတွေဖြစ်နေသလဲဆိုတာ သိရရင် ကောင်းတာပေါ့ခင်ဗျာ"

မှင်စာလေးက ...

"ဒီနေရာရဲ့ပိုင်ရှင်ဟာ ငါကွ၊ နေပါဦး ... ငါလည်း မဟုတ်သေးပါဘူး"

ယင်ကျင်း ငေးကြည့်နေလိုက်တော့သည်။ မှင်စာလေးက

"ဒီနေရာကို တကယ်ပိုင်တာ ဘယ်သူမှန်း ဘယ်သူမှမသိကြဘူး"

"ဗျာ"

"ဒီနေရာဟာ နှစ်ပေါင်းများစွာကတည်းက ဒီအတိုင်း ရှိနေတဲ့နေရာပေါ့ကွာ၊ ကဲ ... ငါပြောတာ ရှင်းရဲ့လား"

ယင်ကျင်း ခေါင်းကုတ်လိုက်မိပြန်သည်။

"ရှင်း ... ရှင်းပါတယ်ဗျာ"

မှင်စာလေး ကျေနပ်သွားစေရန် ပြောလိုက်ရလေသည်။ မှင်စာလေးက ဆက်ပြောသည်။

"ဒီနေရာကို လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်က ငါ ရှာလို့တွေ့ခဲ့ရတာ၊ ငါ့အရင် ဘယ်သူမှမတွေ့ခဲ့ကြဘူး၊ ငါက နှစ်သုံးဆယ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ ဦးဆုံးရှာလို့တွေ့တာကြောင့် ငါပိုင်တဲ့နေရာလို့ ပြောနိုင်တာပေါ့၊ မဟုတ်ဘူးလား"

ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ခင်ဗျ"

မှင်စာလေးက ...

"ငါပိုင်ခဲ့ပေမယ့် မိစ္ဆာမကြီးက အပိုင်စီးထားလိုက်တာ၊ သူက ငါ့ကိုလှည့်စားပြီး ကျောက်ခန်းထဲမှာ ပိတ်လှောင်ထားလိုက်တယ်လေ၊ ငါ့ကို ဖမ်းချုပ်ထားနိုင်လိုက်တော့ သူက အလိုလိုပိုင်သွားတာပေါ့"

"ဩော် ... ဒီလိုကိုး"

"အေး ... ဟုတ်တယ်၊ မိစ္ဆာမကြီးနဲ့ ကြွက်ပျင်းကြီးက လင်မယားကွ၊ ဒါပေမဲ့ သူတို့ဟာ အာယုဒိဗ္ဗသစ်သီးနဲ့ ပတ်သက်လာရင် ဘယ်တော့မှ မတည့်ကြဘူး၊ မိစ္ဆာမကြီးဟာ ကြွက်ပျင်းကြီးထက် သိုင်းပညာပိုတော်တယ်၊ သူတို့ငြင်းခုံကြရင်း သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ကြတာ ကြွက်ပျင်းကြီးရှုံးပြီး ထွက်ပြေးသွားရတာပေါ့၊ ဒါပေမဲ့ သူက လက်မလျှော့ဘူး၊ မင်းလိုလူငယ်လေးတွေကို ဖမ်းဖမ်းခေါ်လာပြီး အာယုဒိဗ္ဗသစ်သီးကို ယူခိုင်းတယ်၊ ကြွက်ပျင်းကြီး လွှတ်လိုက်တဲ့လူတွေ တစ်ယောက်မှ အသက်မရှည်ဘူး၊ မိစ္ဆာမကြီးရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့ကြရတာချည်းပဲ"

ယင်ကျင်း မျက်လုံးမျက်ဆန်ပြူးကာ ပတ်ခန်းကျင်ကို ကျိုး



ကန်းတောင်းမှောက် ကြည့်လိုက်လေသည်။ မှင်စာလေး ရယ်မောလိုက်သည်။

"မကြောက်ပါနဲ့ကွာ ... မိစ္ဆာမကြီးမရှိပါဘူး၊ အပြင်ထွက်သွားပါတယ်၊ သူတစ်ယောက်တည်း ပြောဆိုနေတဲ့ စကားအရ သူဟာ နောက်တစ်ရက်နှစ်ရက်လောက်ကြာမှ ပြန်ရောက်လာမှာကွ"

ထိုစကားကြားမှ ယင်ကျင်း သက်ပြင်းချနိုင်တော့သည်။ ကြွက်ပျင်းကြီးနှင့် မိစ္ဆာမကြီးတို့ ဇနီးမောင်နှံ၊ မှင်စာလေးနှင့် အာယုဒိဗ္ဗသစ်သီးတို့ အကြောင်းအရာများသည် မည်သို့ဖြစ်ပျက်ပတ်သက်သည်ကို နားမလည်နိုင်အောင် ဦးခေါင်းထဲ ရှုပ်ထွေးနေပါတော့သည်။ မှင်စာလေးက ...

"အာယုဒိဗ္ဗသစ်သီးကိုရရင် အသက်ရှည်မယ်၊ အနာကင်းမယ်၊ အဆိပ်ပြေးတယ်၊ အတွင်းအား ကောင်းမယ်၊ အို ... ပြောလို့ဆုံးမှာမဟုတ်ဘူး၊ တကယ့်ကို ကောင်းခြင်းအားလုံးနဲ့ ပြည့်စုံနေတဲ့ သစ်သီးပဲ"

ယင်ကျင်းသည် အဘိုးအို (ဝါ) ကြွက်ပျင်းကြီးက ခူးယူလာရန် မှာကြားလိုက်သည်မှာ အာယုဒိဗ္ဗသစ်သီးပင် ဖြစ်ရမည်ဟု နားလည်လိုက်လေသည်။ မှင်စာလေးက ...

"အဲဒီသစ်သီးကို သိုင်းလောကတိုင်းက အငမ်းမရ လိုချင်ကြတာကွ၊ ဒီနေရာမှရှိတာကို ဘယ်သူမှမသိကြဘူး၊ ငါလည်း မမျှော်လင့်ဘဲ တွေ့ခဲ့ကြတာ၊ မိစ္ဆာမကြီးနဲ့ ကြွက်ပျင်းကြီးတို့လည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ၊ ခူးယူဖို့အချိန် မတန်သေးတာနဲ့ စောင့်နေရင်း မိစ္ဆာမကြီးရဲ့ လှည့်စားခံရပြီး အကျဉ်းချခံထားရတာ"

ယင်ကျင်းက ...

"သူက အကျဉ်းချရုံသာ ချထားပြီး ဒုက္ခမပေးလို့ တော်သေးတာပေါ့နော်"

မှင်စာလေး ရယ်မောလိုက်လေသည်။

"ငါ့ရဲ့အသက်အန္တရာယ်ကို ဒုက္ခပေးရလောက်အောင် သူ မဝံ့ရဲသေးပါဘူးကွာ၊ တစ်ယောက်ချင်းဆို ငါမမှုပါဘူး၊ သူတို့ဇနီးမောင်နှံနှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ခဲ့ကြလို့ ငါ ရှုံးသွားတာပါ၊ ပြီးတော့ သစ်သီးကို ဘယ်လိုအချိန်မျိုးမှာ ခူးယူမှ အစွမ်းအာနိသင် ပြည့်မယ်ဆိုတာ ငါက သိထားတယ်လေ၊ ဒါကြောင့် ငါ့ကို မထိရဲကြတာပေါ့"

ယင်ကျင်းသည် မှင်စာလေးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးလျှင် –

"ဦးက သိုင်းသမားလား"

ဟု မေးလိုက်မိလေသည်။ မြင်းလှည်းသမားဘဝတွင် သိုင်းသမားများအား သူက တွေ့ခဲ့ဖူးပါ၏။ အမှန်ကိုဝန်ခံရလျှင် ရဲဝံ့ပြီး အများသူငါရှေ့၌ မားမားမတ်မတ်ရပ်နိုင်သော သိုင်းသမားဘဝကို ယင်ကျင်း မက်မောမိသည်မှာ အမှန်ပင် ဖြစ်လေသည်။

မှင်စာလေး ရယ်မောလိုက်လေသည်။



"ကျုပ်ကို ကြိုက်သလိုသတ်မှတ်နိုင်တယ်၊ သိုင်းသမားဆိုရင်လည်း သိုင်းသမားပေါ့၊ တချို့က လူကောင်းလို့ ပြောတယ်၊ တချို့က လူဆိုးလို့ပြောတယ်၊ ဘာပြောပြော ကျုပ်က ဘဝတစ်လျှောက်လုံး ထင်ရာလုပ်ခဲ့တာ၊ မိစ္ဆာမကြီးနဲ့တွေ့မှပဲ နှစ်သုံးဆယ်လုံးလုံး အကျဉ်းသားဘဝ ရောက်ခဲ့ရတော့တယ်"

ယင်ကျင်းက ...

"မိစ္ဆာမကြီးတို့လည်း သိုင်းသမားတွေပေါ့ ... ဟုတ်လား"

"မှန်တာပေါ့ကွာ၊ အာယုဒိဗ္ဗသစ်သီးကိုရရင် သူတို့ရဲ့သိုင်းပညာ ပိုပြီးအစွမ်းထက်လာမယ်၊ သိုင်းလောကမှာ ပြိုင်ဘက်ကင်းမယ်ဆိုပြီး သဲကြီးမဲကြီးဖြစ်နေတာပေါ့"

"ဦးကရော"

"ငါလည်း ဒီအတိုင်းပဲ၊ မင်းက ငါ့ကို ကယ်တင်လိုက်တော့ မင်းဟာ ငါ့ရဲ့ကျေးဇူးရှင်ဖြစ်သွားပြီ၊ ဘာမှမစိုးရိမ်နဲ့၊ မင်းကို ငါ ဒုက္ခမပေးပါဘူး"

ယင်ကျင်း ပြုံးလိုက်မိလေသည်။ မှင်စာလေးက ...

"မိစ္ဆာမကြီး ပြန်မလာခင် အချိန်ရတုန်း တို့တစ်တွေ သစ်သီးကို သွားကြည့်လိုက်ရအောင်၊ ကဲ ... လာ"

ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။ ယင်ကျင်းလည်း စိတ်ဝင်စားစွာဖြင့် လိုက်ပါသွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူလမ်းဆုံးတွင် ကျောက်ခန်းမကျယ်ကြီးတစ်ခု ရှိနေပါသည်။ ကျောက်ခန်းမကြီးတစ်ခုလုံး စိမ်းဖန့်ဖန့်အရောင်သန်းနေပါသည်။

ခန်းမအလယ်တွင် ရေအိုင်ငယ်တစ်ခုရှိသည်။ ထိုရေအိုင်ထဲမှ ရေများ ပွက်ပွက်ဆူကာ အငွေ့တထောင်းထောင်း ထနေ၏။ ရေကန်အလယ်တွင် အရွယ်သုံးပေရှိသော သစ်ပင်တစ်ပင် ရှိနေ၏။

ထိုသစ်ပင်သည် ပင်စည်မှစ၍ အကိုင်းအခက်အလက်အဆုံး ခြောက်သွေ့နေသည်။ ထိုအပင်၏သစ်ကိုင်းတစ်ကိုင်း၌ အစိမ်းရောင် သစ်သီးတစ်လုံး သီးနေ၏။ ယင်ကျင်းက ...

"ကြွက်ပျင်းကြီးခူးခိုင်းတာ အဲဒီသစ်သီးပဲ"

ဟု ပြောလိုက်သည်။ မှင်စာလေးက ...

"ဒါ အာယုဒိဗ္ဗသစ်သီးပေါ့၊ အစိမ်းရောင် သန်းနေတုန်းဆိုတော့ ခူးဖို့အချိန်မတန်သေးဘူးကွ၊ သစ်သီးတစ်လုံးလုံး အနီရောင်ပြောင်းသွားမှ အာနိသင်ပြည့်ဝပြီး ခူးယူလို့ရမှာ"

ယင်ကျင်းက ရေအိုင်ကိုဖြတ်ကာ သစ်ခြောက်ပင်ရှိရာသို့ သွားရန် လမ်းစရှာဖွေလိုက်လေသည်။ ပွက်ပွက်ဆူနေသော ရေအိုင်ထဲ၌ အနီရောင်ကျောက်တုံးများ ရေပေါ်၌ အနည်းငယ်ပေါ်လျက် တံတားသဖွယ် ရှိနေသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွားလေသည်။



"ဦးဟာ သိုင်းသမားတစ်ယောက်ဆိုတော့ သစ်သီးဟာ ဦးအတွက် အသုံးဝင်မှာပေါ့နော်"

"ဘယ်ပြောကောင်းမလဲကွာ"

"ဒါဖြင့် ဦးပဲ ခူးယူလိုက်ပါလား"

မှင်စာလေးက ...

"မင်းရော မလိုချင်ဘူးလား"

ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... မလိုချင်ပါဘူး"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော့်အတွက် ထူးမှာမှမဟုတ်တာ၊ ပြီးတော့ ကျွန်တော်က အေးအေးဆေးဆေးနေချင်တာ၊ ဒီသစ်သီးကိုစားပြီးမှ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူး"

"ဟား ... ဟား ... ဟား"

မှင်စာလေးက ရယ်မောလိုက်လေသည်။

"အာယုဒိဗ္ဗသစ်သီးကို မလိုချင်ဘူးလို့ ငြင်းတာ မင်းတစ်ယောက်ပဲ ရှိသေးတယ်"

ယင်ကျင်းက ...

"ကျွန်တော် တကယ်ပြောတာပါ"

မှင်စာလေး ခေါင်းညိတ်လိုက်သည်။

"ငါ ယုံပါတယ်ကွာ၊ ခက်တာက မိစ္ဆာမကြီး ပြန်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ရင် ငါ့အနေနဲ့ ရယူဖို့ သိပ်မလွယ်သေးဘူး၊ သူ့ရဲ့သိုင်းပညာကို မမှုပေမယ့် သူက ညဏ်နီဉာဏ်နက်များတယ်ကွ”

“ဒါဖြင့် ဦး ဘယ်လိုလုပ်မလဲ”

“အေး … ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ ငါလည်း စဉ်းစားနေတာပဲ”

ယင်ကျင်းက သစ်ခြောက်ပင်သို့ လှမ်းကြည့်လိုက်လေသည်။ ထိုအခါ … အစိမ်းရောင်သစ်သီးမှာ တဖြည်းဖြည်း အနီရောင်သန်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ယင်ကျင်း အံ့ဩသွားသည်။ မျက်စိများ မှားသွားလေသလားဟု မျက်လုံးကို လက်ဖြင့်ပွတ်ကာ သေသေချာချာကြည့်လိုက်လေသည်။ မှန်ပေသည်။ သူအမြင်မှားခြင်းမဟုတ်ဘဲ သစ်သီးမှာ တစ်စထက်တစ်စ အနီရောင်သန်းလာခြင်းဖြစ်သည်။ ယင်ကျင်း မနေနိုင်တော့ဘဲ …

“ဦး ဟိုမှာကြည့်လိုက်စမ်းပါဦး”

သစ်သီးကိုညွှန်ပြကာ ပြောလိုက်လေသည်။ မှင်စာလေး လှမ်းကြည့်လိုက်သည်။

“အေး … မှည့်တော့မယ်ကွ၊ ငါစောင့်ခဲ့ရကျိုးနပ်ပြီ၊ အာယုဒိဗ္ဗသစ်သီးကို ငါရတော့မယ်”

ဟု လက်ခုပ်လက်ဝါးတီးကာ ဝမ်းသာအားရ အော်ဟစ်လိုက်ရလေသည်။ ယင်ကျင်းသည် ဝမ်းသာသွားသည်။

“ဦး သွားပြီး ခူးယူလိုက်ပါလား”



“အေး”

မှင်စာလေးက မြေပေါ် ခြေတစ်ချက်ဆောင့်လိုက်လေသည်။ ထိုအခါ သူ၏ခန္ဓာကိုယ်သည် ဝှေ့ခနဲအပေါ်မြောက်တက်သွားပြီး သစ်ခြောက်ပင်ပေါ်သို့ ရောက်သွား၏။

ထိုအချိန်တွင် … အာယုဒိဗ္ဗသစ်သီးမှာ တစ်လုံးလုံး နီရဲမှည့်ဝင်းနေပြီ ဖြစ်လေသည်။ မှင်စာလေးက ဖျတ်ခနဲခူးယူပြီး သစ်ခြောက်ပင်မှ သစ်ကိုင်းတစ်ကိုင်းကိုကန်၍ ယင်ကျင်းရှေ့သို့ ဝှေ့ခနဲ ပြန်လည်ရောက်ရှိလာတော့သည်။

မွှေးကြိုင်သင်းပျံ့သောရနံ့များသည် ကျောက်ခန်းတစ်ခုလုံးလွှမ်းခြုံသွား၏။ သစ်ခြောက်ပင်သည် ချက်ချင်းပင် ညှိုးနွမ်းပျော့ခွေကာ ပုံကျသွားလေသည်။ ယင်ကျင်းနှင့် မှင်စာလေးတို့မှာ အာယုဒိဗ္ဗသစ်သီးကို လိုက်ပြီဖြစ်၍ ဝမ်းသာမဆုံးအောင် ရှိနေစဉ်မှာပင် …

“ခွေးကောင် … မင်းက ငါခိုင်းတဲ့အတိုင်းမလုပ်ဘဲ မှင်စာလေးကို လွှတ်ပေးလိုက်တယ် … ဟုတ်လား၊ သေပေတော့”

ကျယ်လောင်သောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ယင်ကျင်းနှင့်မှင်စာလေးတို့ လှမ်းကြည့်လိုက်သောအခါ ဒေါသတကြီး ရောက်ရှိလာသည့် အဘိုးအိုအား တွေ့လိုက်ရလေသည်။ မှင်စာလေးက …

“ကြွက်ပျင်းကြီး”

ဟု လွှတ်ခနဲ ခေါ်လိုက်သည်။ အဘိုးအိုက …

www.burmeseclassic.com

www.burmeseclassic.com



"မှင်စာလေး ... မင်း လွှတ်မယ်မထင်နဲ့"

ဟု အော်ငေါက်ရင်း လက်ဖွေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။ ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာလေသည်။ အဆိပ်အပ်ကလေးများ တစ်ရှိန်ထိုးပစ်လွှင့်လာလေသည်။ မှင်စာလေးက ...

"ဟိတ်"

ဩသံတစ်ချက်ပေးကာ လျှင်မြန်စွာ ရှောင်တိမ်းလိုက်၏။ ယင်ကျင်းကား ကြောင်အမ်းအမ်းဖြင့် ရပ်နေ၏။ ထို့ကြောင့် ပစ်လွှင့်လာသော အဆိပ်အပ်ကလေးများသည် ယင်ကျင်းအား ထိမှန်သွားလေတော့သည်။

"အား"

ယင်ကျင်း တစ်ချက်အော်လိုက်ပြီး ခွေခနဲ လဲကျသွားလေတော့သည်။

*

"ယင်ကျင်း"

မှင်စာလေး လွှတ်ခနဲ ခေါ်လိုက်လေသည်။ ယင်ကျင်းထံမှ ပြေးသွားပြီး ပွေ့ထူလိုက်၏။ ယင်ကျင်းမှာ လုံးဝသတိမရတော့ပါ။



အဘိုးအို၏အဆိပ်အပ်မှာ ပြင်းထန်လှသဖြင့် တစ်ခဏအတွင်းမှာပင် ယင်ကျင်း၏တစ်ကိုယ်လုံး ပြာနှမ်းသွားလေသည်။ ယင်ကျင်းအား မလွဲမသွေ သေဆုံးသွားရပေတော့မည်။ မှင်စာလေး ဒေါပွသွားသည်။

"ကြွက်ပျင်းကြီး ... မင်း တော်တော်ယုတ်မာပါလား"

ဟု အော်ငေါက်ကာ အဘိုးအိုထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ အဘိုးအိုကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိစဉ်နှင့် ...

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာကာ အဘိုးအိုမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။ မှင်စာလေးက ...

"လူယုတ်မာ ... ဖြေဆေးပေးစမ်း"

ဟု ငေါက်လိုက်၏။ အဘိုးအိုက နောက်သို့တရွေ့ရွေ့ဆုတ်သွားပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

*

အဘိုးအို ထွက်သွားပြီ ဖြစ်လေသည်။ မှင်စာလေးသည်

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းအား စမ်းသပ်ကြည့်လိုက်လေသည်။ ယင်ကျင်း၏တစ်ကိုယ်လုံး ပြာနှမ်းကာ ရေခဲတုံးပမာ အေးစက်နေသည်ကို တွေ့ရ၏။ မှင်စာလေး စိတ်ပူသွားသည်။

"ဒီကောင်လေးတော့ အဆိပ်တက်နေပြီ၊ အချိန်မီ အဆိပ်ဖြေဆေး သောက်ရမှဖြစ်မယ်၊ ကြွက်ပျင်းကြီးနောက်ကို လိုက်သွားပြီး အဆိပ်ဖြေဆေး တောင်းရမယ်"

ချက်ချင်းပင် ယင်ကျင်းအား ခါးလည်မှသိုင်း၍ ပွေ့ထူလိုက်သည်။ လက်နှစ်ဖက်ကိုအပေါ်မြှောက်ကာ ပင့်ချီပြီး ခေါ်သွားလေသည်။ ပုရွက်ဆိတ်လေးတစ်ကောင်က ထမင်းလုံးတစ်လုံးအား ကိုက်ချီသွားသည်နှင့်ပင် တူလှပေသည်။

မှင်စာလေးမှာ လူစဥ်မမီသော လူပုလေးတစ်ယောက်ဖြစ်သော်လည်း အံ့ဩစရာကောင်းအောင် သန်မာနေပါတော့သည်။ ကျောက်ခန်းမထဲမှထွက်ပြီး လိုဏ်ဂူလမ်းထဲ ရောက်သွားသည်နှင့် ...

"ရှင် ... ဘာလာလုပ်တာလဲ"

"မိန်းမရေ ... ငါ့ကို နောက်မှအပြစ်တင်၊ မှင်စာလေး လွတ်သွားပြီ"

"ဘာရှင့်"

"အာယုဒိဗ္ဗသစ်သီးကို သူ ရသွားပြီ"

"မဖြစ်ဘူး၊ မဖြစ်ဘူး"



တစ်ယောက်တစ်ခွန်း ပြောသံများနှင့်အတူ ပြေးလွှားလာသော ခြေသံများကို ကြားလိုက်ရလေသည်။ မိစ္ဆာမကြီး ပြန်ရောက်လာပြီ ဖြစ်သည်။ သူတို့ဇနီးမောင်နှံနှစ်ယောက်ပေါင်းလိုက်လျှင် မိမိသည် ဘာမှတတ်နိုင်တော့မည် မဟုတ်ကြောင်း မှင်စာလေး ရိပ်မိလိုက်သည်။

ဟိုဟိုသည်သည် ကြည့်လိုက်ရာ သူ အကျဉ်းချခံခဲ့ရသော ကျောက်ခန်းမတံခါး ပွင့်နေသည်ကို တွေ့ရလေသည်။ မှင်စာလေးသည် ရှည်ရှည်ဝေးဝေး စဥ်းစားမနေတော့ဘဲ ထိုကျောက်ခန်းမထဲသို့ ပြေးဝင်လိုက်၏။ သူ အထဲသို့ ရောက်သွားသည်နှင့် ...

'ဂျိမ်း'

ကျောက်တံခါးမှာ အလိုလိုပိတ်သွားလေသည်။ ထိုစဥ် ...

"ရှင်ပြေးလို့ လွတ်မလား"

မိစ္ဆာမကြီးက အော်ငေါက်ရင်း ကျောက်အခန်းရှေ့သို့ ရောက်ရှိလာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အဆိပ်သင့်လူ

ကြွက်ပျင်းကြီးနှင့် မိစ္ဆာမယ်။

ကြွက်ပျင်းကြီးဆိုသော အဘိုးအို၏အမည်မှာ ရှမ်းကျုံးဖြစ်ပြီး သူ၏ဇနီး မိစ္ဆာမယ်၏အမည်မှာ ကွေ့ဖုံးဖြစ်လေသည်။

ရှမ်းကျုံးသည် ကိုယ်ကျိုးသာကြည့်တတ်သော အတ္တသမားသက်သက်ဖြစ်ပြီး မိမိအတွက် အကျိုးရှိမည်ဆိုလျှင် ဇနီးသည်ကိုပင် ဒုက္ခပေးဖို့ ဝန်မလေးသူဖြစ်လေသည်။

ကိုယ်တိုင်ကြိုးစားမှု လုံးဝမရှိဘဲ အကြောင်းကြီးငယ်ရှိတိုင်း သူတစ်ပါးအား အသုံးချကာ အမြတ်ထုတ်တတ်သူဖြစ်၍ သိုင်းလောကသားများက ကြွက်ပျင်းကြီးဟု အမည်သညာပေးထားကြခြင်း ဖြစ်ပေသည်။

မိစ္ဆာမယ် ကွေ့ဖုံးသည်ကား ရက်စက်ကြမ်းကြုတ်ပြီး ဉာဏ်များသူ ဖြစ်လေသည်။ သိုင်းလောကအား ဒုက္ခပေးဖို့ အမြဲတမ်း ကြံစည်ကြိုးစားနေသော အနက်ရောင် သိုင်းထိပ်သီးတစ်ဦးလည်း ဖြစ်ပေသည်။

ကွေ့ ဖုံးနှင့်ရှမ်းကျုံးတို့ဇနီးမောင်နှံသည် အတူတွဲကာ သိုင်း



လောက၌ ကျင်လည်ကျက်စားခဲ့ကြပြီး ထူးဆန်းသော အာယုဒိဗ္ဗသစ်သီးနှင့်ပတ်သက်၍ အခြားသိုင်းလောကသားများနည်းတူ တောင်ကြားတစ်ခုအတွင်းရှိ ရေတွင်းပျက်တစ်ခု၏အောက်ခြေ၌ရှိကြောင်း သိရှိထားကြလေသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ အစိမ်းရောင်နံရံ ပိတ်ဆို့နေသော တောင်ကြားလမ်းကိုတွေ့ခဲ့ရပြီး မှင်စာလေး၏လမ်းညွှန်မှုဖြင့် အာယုဒိဗ္ဗသစ်သီးရှိရာသို့ လာနိုင်ခဲ့ကြခြင်းဖြစ်လေသည်။

အာယုဒိဗ္ဗသစ်သီးနှင့်ပတ်သက်၍မူ သူရသင့်သည် ငါရသင့်သည်ဟု ဇနီးမောင်နှံနှစ်ယောက် အချင်းများကြပြန်သည်။

နှစ်ယောက်သား တိုက်ခိုက်ခဲ့ကြရာ သိုင်းပညာသာသော ကွေ့ဖုံးက အနိုင်ရခဲ့သဖြင့် ရှမ်းကျုံး ထွက်ပြေးခဲ့ရလေသည်။ သို့တိုင် ရှမ်းကျုံးသည် ဇွဲမလျှော့ဘဲ သူ့ကိုယ်စား အသုံးချနိုင်မည့်သူများကို ဖမ်းဆီးကာ ရေတွင်းပျက်ထဲ အမွှေဆင်းခိုင်းပြီး အာယုဒိဗ္ဗသစ်သီးကို ရယူရန်ကြိုးစားခဲ့လေသည်။

ကွေ့ဖုံးသည် ရေတွင်းပျက်ထဲ၌ နှစ်နှင့်ချီကာ နေထိုင်ခဲ့ရာတွင် စားနပ်ရိက္ခာနှင့် အခြားသိုင်းလောကကိစ္စများအတွက် ရေတွင်းပျက်ထဲမှ ထွက်သွားရလေ့ရှိသည်။

ရှမ်းကျုံးက ကွေ့ဖုံး အပြင်ထွက်သွားနိုင်လောက်သည့် အချိန်ကို မှန်းဆကာ ကြွက်ပျင်းဟူသော နာမည်နှင့်လိုက်အောင် အချောင်နှိုက်ဖို့ လာရောက်ချောင်းမြောင်းလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးလာသူများအား သူ့ကိုယ်စား ရေတွင်းပျက်ထဲ ဆင်းနိုင်းခဲ့ရာ ရှမ်းကျုံးမှန်းဆသလိုမဖြစ်ဘဲ ကွေ့ဖုံးရှိနေချိန်နှင့်လည်းကောင်း၊ သို့ မဟုတ် ကွေ့ဖုံးအပြင်မှ ပြန်လာချိန်နှင့်လည်းကောင်း ရင်ဆိုင်တိုးခဲ့ ရသည်ချည်းဖြစ်ပြီး ရှမ်းကျုံးကိုယ်စား အဓမ္မခေါ်လာခြင်းခံရသူများ ကံဆိုးသွားခဲ့ရလေသည်။

ယခုတစ်ကြိမ်၌မူ ယင်ကျင်းသည် မှင်စာလေးနှင့် တွေ့ခဲ့သဖြင့် ကံကောင်းသွားသည် ဆိုနိုင်ပါတော့သည်။

*

ကွေ့ဖုံး အပြေးအလွှား ရောက်ရှိလာချိန်မှာပင် ...

'ဂျိမ်း'

ကျောက်အခန်းတံခါး ပိတ်သွားလေသည်။ ကွေ့ဖုံးက ...

"ပုန်းလို့လွတ်မယ် ထင်သလား"

ဟု အော်ငေါက်လိုက်သည်။ ကျောက်အခန်းတံခါးဖွင့်သည့် ခလုတ်ကွင်းလေးကို လှမ်းကြည့်လိုက်ရာ မတွေ့ရတော့သဖြင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ မှင်စာလေးက ကျောက်အခန်းအတွင်းသို့ ခုန်ဝင်ရင်း ထိုခလုတ်ကွင်းလေးအား ဆွဲယူသွားခြင်းဖြစ်သည်။

ခလုတ်ကွင်းလေးပြုတ်သွား၍ အပြင်ဘက်မှ တံခါးဖွင့်နိုင်တော့



မည် မဟုတ်ပါချေ။ ကွေ့ဖုံး ဒေါသတကြီးဖြင့် ...

"မှင်စာလေး ... သစ်သီးပေးစမ်း"

ဟု အော်ပြောလိုက်လေသည်။ ဂူနံရံရှိအပေါက်ကလေးမှ ချောင်းကြည့်ဖို့တော့ မကြိုးစားရဲပါ။ တစ်ဖက်မှနေပြီး တိုက်ခိုက်လိုက်မည်ကိုစိုးရိမ်၍ ဖြစ်လေသည်။

ရှမ်းကျုံးက အနီးသို့ရောက်လာပြီး ...

"မင်း ဘယ်လောက်အော်အော် သူက ထွက်လာမှာ မဟုတ်ဘူး"

ဟု ပြောလေသည်။ ကွေ့ဖုံးက ...

"အဲဒါ ရှင့်ကြောင့်ဖြစ်ရတာ"

သူမသည် အပြစ်တင်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ ခါတိုင်းဆိုလျှင် ရှမ်းကျုံး ထွက်ပြေးမည်ဖြစ်သော်လည်း ယခုတစ်ကြိမ် ထွက်မပြေးဘဲ မလှုပ်မယှက် ရပ်နေလိုက်သည်။

"မင်းက ငါ့ကို တိုက်ခိုက်တော့ရော မင်းလိုချင်တဲ့ပစ္စည်းကို ပြန်ရမှာမို့လား"

ကွေ့ဖုံး ငိုင်သွားလေသည်။ ရှမ်းကျုံးက ...

"ဒီကျောက်အခန်းတံခါးကို အတွင်းကဖွင့်လို့မရဘူး၊ အပြင်က ဖွင့်မှရတယ်၊ ခုအပြင်ကလည်း ဖွင့်လို့မရတော့ဘူး ... ဘယ်လိုလုပ်ကြမလဲ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဖုံး မျက်နှာပျက်သွားလေသည်။ ရှမ်းကျုံးက ...

"မင်း သိပ်ပြီးဒေါသမကြီးနဲ့၊ မှင်စာလေးလက်ထဲက သစ်သီးကို ရအောင် နည်းလမ်းရှာရမယ်"

ကွေ့ဖုံး ငြိမ်ကျသွား၏။ သူတို့ဇနီးမောင်နှံနှစ်ယောက်မှာ စေ့စပ်စရာမလိုဘဲ ပြန်လည်သင့်မြတ်သွားကြလေတော့သည်။

*

ကျောက်အခန်းတံခါး ပိတ်သွားပြီဖြစ်သည်။ ရွှေကွင်းကလေးကို ဖြုတ်ပစ်လိုက်သဖြင့် အပြင်ဘက်မှ တံခါးဖွင့်၍ရတော့မည် မဟုတ်ပါ။

ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့သည် မိမိတို့အား ဒုက္ခပေး၍ ရနိုင်တော့မည်မဟုတ်ဟု တွေးကာ မှင်စာလေး ဝမ်းသာသွားလေသည်။

ယင်ကျင်းကို လှမ်းကြည့်လိုက်သောအခါ မလှုပ်မယှက်ဖြစ်နေသည် ကို တွေ့လိုက်ရလေသည်။ ယင်ကျင်း၏တစ်ကိုယ်လုံး ပြာနှမ်းနေရာမှ မည်းနက်လာသည်ဟု ထင်မှတ်ရလေသည်။

"ယင်ကျင်း ... ယင်ကျင်း"

မှင်စာလေးက ခေါ်လိုက်သည်။ ယင်ကျင်း မလှုပ်ပါ။ အသက်ရှူသံလည်း တစ်စထက်တစ်စ နှေးကွေးလာသည်။



ယင်ကျင်းသည် ရှမ်းကျုံး၏အဆိပ်အပ်ကြောင့် ဒုက္ခတွေ့ရတော့မည်ဖြစ်ကြောင်း နားလည်လိုက်၏။

ယင်ကျင်း၏ခန္ဓာကိုယ်ပေါ်၌ စိုက်ဝင်နေသော အဆိပ်အပ်ကလေးများကို နုတ်ပေးလိုက်ပြီး ...

"သနားစရာကောင်းလိုက်တဲ့ ကောင်လေးရယ်"

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ် ဂူနံရံအပေါက်ကလေးမှ ရှမ်းကျုံး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မှင်စာလေး ... မင်းက ကျောက်အခန်းထဲမှာပဲ တစ်သက်လုံး နေသွားတော့မှာလား၊ အပြင်မထွက်ချင်တော့ဘူးလား"

မှင်စာလေး ဒေါပွသွားလေသည်။

"ဟုတ်တယ် ... မထွက်တော့ဘူး"

ဟု အခွဲ့တိုက်ကာ ပြန်အော်ပြောလိုက်လေသည်။ ရှမ်းကျုံးက ...

"မင်းမထွက်ရင် နေပါ၊ မင်းအပေါ်မှာ ကျေးဇူးရှိခဲ့တဲ့ ကောင်လေးဟာ ကျုပ်ရဲ့အဆိပ်အပ်ထိထားပြီ၊ အချိန်မီ ဖြေဆေးမရရင် သူသေသွားလိမ့်မယ်၊ မင်းရဲ့ကျေးဇူးရှင် သေသွားမှာကို ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား"

မှင်စာလေး မျက်နှာပျက်သွားလေသည်။

ယင်ကျင်းအား လှမ်းကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းမှာ မကြာမီ သေဆုံးသွားတော့မည်ဖြစ်လေသည်။

မိမိအား တစ်ကြိမ်ကယ်တင်ခဲ့သည့်ကျေးဇူးရှိနေသဖြင့် ယင်ကျင်းအား ကယ်တင်ရမည်။ ကျေးဇူးပြန်ဆပ်သင့်သည်ဟု ယုံကြည်လာ၏။

"မင်း မသေစေရပါဘူးကွာ ... မင်းကို ငါ ကယ်တင်မှာပါ"

ဟု ရေရွတ်လိုက်၏။ ယင်ကျင်းအား မည်သို့ကယ်တင်ရမည်နည်း။ မှင်စာလေးသည် ဒေါပွပွဖြင့် ...

"ကြွက်ပျင်းကြီး ... အဆိပ်ဖြေဆေးပေးစမ်း"

ဟု အော်ပြောလိုက်သည်။ သူ၏အသံ ဟိန်းထွက်လာလေသည်။

'ဟား .. ဟား .. ဟား'

ရှမ်းကျိုးက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းက ကျေးဇူးပြန်ဆပ်ဖို့ အဆိပ်ဖြေဆေးကို လိုအပ်တယ်ပေါ့ ... ဟုတ်လား၊ ကောင်းပြီ ...' အာယုဒိဗ္ဗသစ်သီးကို ပေးပါ၊ ကျုပ်က အဆိပ်ဖြေဆေးပေးမယ်"

မှင်စာလေးက ...

"မပေးဘူး ... မင်းကိုပေးမယ့်အစား ယင်ကျင်းကို ကျွေးလိုက်မယ်၊ မင်းရဲ့အဆိပ်ကို မှုနေရမှာလား"

ပြောပြောဆိုဆို လက်ထဲမှုဖြနေသော မှည့်ဝင်းနေသည့် အာယုဒိဗ္ဗအသီးကို ယင်ကျင်း၏ပါးစပ်ထဲသို့ ထိုးသွင်းလိုက်လေတော့သည်။



*

ရှမ်းကျိုးနှင့်ကွေ့ဖုံးတို့ မျက်စိမျက်နှာပျက်နေကြ၏။ ကွေ့ဖုံးက ...

"ရှင်ပြောမှပဲ ပိုဆိုးကုန်တော့မယ်"

ဟု အပြစ်တင်လိုက်လေသည်။ ရှမ်းကျိုးက ...

"ကိစ္စမရှိဘူး၊ မှင်စာလေးဟာ ကျေးဇူးတရားကို သိပ်ပြီးသိတတ်တာ၊ ဟိုကောင်လေး ဒုက္ခရောက်မှာကို လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

ကွေ့ဖုံးက ...

"အဲဒါ ခက်တာပေါ့၊ ဟိုကောင်လေး ဒုက္ခရောက်မှာကို စိုးရိမ်လို့ သူက အာယုဒိဗ္ဗသစ်သီးကို ကျွေးလိုက်ရင် ဘယ်လိုလုပ်မလဲ"

ရှမ်းကျိုး ခေါင်းကုတ်လိုက်လေသည်။

"မှင်စာလေးက တစ်ဖွတ်ထိုး လုပ်တတ်တယ်၊ မဖြစ်ဘူး၊ မဖြစ်ဘူး ... တံခါးပွင့်အောင် လုပ်ရတော့မှာပဲ"

ဟု ပြောကာ ကျောက်တံခါးကိုဖွင့်ရန် ကြိုးစားလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကွေ့ဖုံးကလည်း ကူညီလိုက်သည်။

'ဒုန်း .. ဒုန်း .. 'ဝုန်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေတော့သည်။

*

ယင်ကျင်းမှာ ပြင်းထန်သောအဆိပ်မိထားလေသည်။

မှင်စာလေးသည် ယင်ကျင်းအား ကယ်တင်ရန် ဆုံးဖြတ်ပြီးသည်နှင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အာယုဒိဗ္ဗသစ်သီးကို ကျွေးလိုက်လေသည်။

ယင်ကျင်း၏ပါးစပ်ထဲရောက်သွားလျှင် သစ်သီးမှာ အရည်ပျော်သွားကာ ဝမ်းဗိုက်ထဲ စီးဝင်သွားလေတော့သည်။

မှင်စာလေး ရယ်မောလိုက်သည်။

"ကဲ ... မင်းရဲ့အဆိပ်တွေ ဘာတတ်နိုင်တော့မှာလဲ"

ဟုလည်း ရေရွတ်လိုက်လေသည်။ အာယုဒိဗ္ဗသစ်သီးကား ချက်ချင်းလက်ငင်း အစွမ်းပြလာပါသည်။

'အင်း .. အင်း'

ယင်ကျင်းသည် ညည်းညူသံနှင့်အတူ မျက်လုံးပွင့်လာ



တော့သည်။ မှင်စာလေး ဝမ်းသာသွားသည်။

"မင်း သက်သာသွားပြီလား"

ဟု မေးလိုက်လေသည်။ ယင်ကျင်းက ...

"ကျွန်တော် ဘယ်လိုဖြစ်သွားတာလဲ"

"ဘာဖြစ်ရမလဲ ... ကြွက်ပျင်းကြီးရဲ့အဆိပ်အပ် ထိသွားတာပေါ့"

"ဗျာ"

"ငါက အာယုဒိဗ္ဗသစ်သီး မင်းကိုကျွေးလိုက်လို့ ကံကောင်းသွားတာ၊ မဟုတ်ရင် မင်းသေသွားရလိမ့်မယ်"

ယင်ကျင်း မျက်လုံးပြူးသွားလေသည်။

သိုင်းလောကသားများ အငမ်းမရ လိုချင်မက်မောနေသော အာယုဒိဗ္ဗသစ်သီးအား သူ စားလိုက်ရချေပြီ။

မည်သို့မျှ မျှော်လင့်မထားသောကိစ္စ ဖြစ်လေသည်။

"ဒုက္ခပါပဲ ... ဦးအတွက် ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်လေသည်။ မှင်စာလေး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ဟုတ်သားပဲ ... ငါက နှစ်ပေါင်းသုံးဆယ်ကျော် အကျဉ်းချခံပြီး ဒုက္ခခံခဲ့တာတောင် မရနိုင်တော့ပါလား"

ဟု ညည်းတွားလိုက်လေသည်။ ယင်ကျင်းက ...

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ၊ ဦးကျေနပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ပေးရမလဲခင်ဗျာ”

ဟု စိတ်မကောင်းစွာ မေးလေသည်။ မှင်စာလေး ခေါင်းခါယမ်းလိုက်သည်။

“ခုမှတော့ ဘာတတ်နိုင်မှာလဲကွာ”

နှစ်ယောက်သား ငေးငိုင်သွားကြလေသည်။ ထိုစဉ် ...

‘ဝုန်း .. ဝုန်း’

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကျောက်အခန်းတံခါးသည် သိမ့်ခနဲ သိမ့်ခနဲ တုန်ခါသွားလေသည်။ မှင်စာလေးက ...

“ဒီလူအကြောင်း ငါ ကောင်းကောင်းသိတာပေါ့၊ သူတို့ သေအောင်ကြိုးစား ... တံခါးက ပွင့်သွားမှာ မဟုတ်ဘူး၊ ခွေကွင်းလေးကို ငါ ဖြုတ်လိုက်ပြီ၊ ဘယ်လိုမှ ပွင့်သွားတော့မှာ မဟုတ်ဘူး”

ဟု ကျေနပ်စွာ ပြောလေသည်။ ယင်ကျင်းက ...

“ဒါဆိုရင် ကျွန်တော်တို့ အပြင်ထွက်လို့ မရတော့ဘူးပေါ့”

ထိုစကားကြားလျှင် လူပုလေး မျက်လုံးပြူးသွားလေတော့သည်။

‘ဟိုက်’

လွှတ်ခနဲ အော်လိုက်သည်။

“ခုမှ ဒုက္ခပဲ ... တံခါးကို အပြင်က ဖွင့်လို့မရသလို အတွင်းကလည်း ဖွင့်လို့ရတော့မှာ မဟုတ်ဘူး”



ထိုစဉ် ...

“မှင်စာလေး ... မင်းတို့ ထွက်လို့မရတော့ဘူး၊ အာယုဒိဗ္ဗ သစ်သီးကိုပေးစမ်း၊ မပေးရင် အဆိပ်ငွေ့လွှတ်လိုက်မယ်”

ရှမ်းကျိုး၏အသံ ထွက်ပေါ်လာသည်။

‘ဟား .. ဟား .. ဟား’

စိတ်ညစ်နေသော မှင်စာလေးက ကောက်ကာငင်ကာ ရယ်မောလိုက်လေသည်။

“ငါက ယင်ကျင်းကို ကျွေးလိုက်ပြီကွ၊ မင်းလိုချင်လို့ ဘယ်တော့မှ မရနိုင်တော့ဘူး ... မှတ်ထား”

ဟုလည်း ကြုံးဝါးလိုက်လေသည်။

‘ဝုန်း .. ဝုန်း’

ရှမ်းကျိုးသည် ဒေါပွသွားပြီး ကျောက်တံခါးအား ရိုက်ချိုးဖျက်ဆီးရန် အပြင်းအထန် ကြိုးစားလေသည်။ ကျောက်ဂူတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်ဟုပင် ထင်ရလေသည်။

ယင်ကျင်း ထိတ်လန့်သွားသည်။

“တံခါးပွင့်သွားရင်တော့ ဒုက္ခပါပဲ”

ဟု ညည်းတွားလိုက်လေသည်။ မှင်စာလေးက ...

“မင်း ဘာမှမပူနဲ့၊ သူတို့အားကုန်ပြီး လဲကျသွားလိမ့်မယ် ... တံခါးက ပွင့်သွားမှာမဟုတ်ဘူး”

ဟု ရယ်ရယ်မောမော ပြောလေသည်။ ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



"မှင်စာလေး ကျုပ်ရဲ့အဆိပ်ငွေ့ကို ခံနိုင်ရင် ခံပေတော့"

ရှမ်းကျိုး၏အသံ ထွက်ပေါ်လာလေသည်။ မှင်စာလေး ထိတ်လန့်သွားသည်။ ဂူနံရံမှ အပေါက်လေးကို လက်ဝါးဖြင့် ကပျာကယာပိတ်ထားလိုက်၏။ သူ၏လက်သေးသေးလေးက အပေါက်ကလေးကို လုံအောင်မပိတ်နိုင်ပါ။ အနီရောင် အခိုးအငွေ့များ တိုးဝှေ့ဝင်ရောက်လာတော့သည်။

'အဟွပ် .. အဟွပ်'

မှင်စာလေးသည် အမှတ်တမဲ့ဖြစ်ကာ အဆိပ်ငွေ့များကို ရှိုက်မိလိုက်ပြီး ချောင်းတဟွပ်ဟွပ် ဆိုးလာလေသည်။ နှာခေါင်းကို လက်ဖြင့်ပိတ်ကာ နောက်ဆုတ်လိုက်လေသည်။ ယင်ကျင်းလည်း ထိတ်လန့်သွားလေသည်။

"ဒုက္ခပဲ ... ကျွန်တော်တို့ အဆိပ်သင့်ပြီး ဒီအခန်းထဲမှာပဲ သေရတော့မယ်ထင်ပါရဲ့"

မှင်စာလေးက ...

"ဟုတ်တယ် ... တို့ ဒီအခန်းထဲက အမြန်ဆုံးသွားနိုင်မှ ဖြစ်မယ်"

အနီရောင်အခိုးအငွေ့များသည် အဆက်မပြတ် ဝင်ရောက်လာပြီး အခန်းတွင်း၌ ပြည့်နှက်လာသည်။ မှင်စာလေးသည် သူ၏ကိုယ်လုံးလေးဖြင့် ကျောက်တံခါးကို ကိုယ်စောင်းတိုက်ကာ ဖွင့်ဖို့ကြိုးစားလေသည်။



ယင်ကျင်းလည်း မနေနိုင်တော့ပါ။ ကျောက်တံခါးကို ပခုံးဖြင့်တိုက်ဖွင့်ရန် ဝိုင်းဝန်းကူညီကြိုးစားလိုက်ရလေသည်။

ပထမတစ်ကြိမ် ပခုံးစောင်းဖြင့် တိုက်လိုက်သော်လည်း တံခါးပွင့်မသွားပါ။ ယင်ကျင်းက အံကြိတ်ပြီး အားဖြင့် တိုက်ချလိုက်သည်။

သူက စိတ်အားတင်းလိုက်သည်နှင့် သူ့ခန္ဓာကိုယ်ထဲ၌ ထူးခြားမှုများ ဖြစ်ပေါ်လာလေသည်။ ခန္ဓာကိုယ်ထဲ၌ သွေးများ ပွက်ပွက်ဆူလာလေသည်။ ပြင်းထန်သော အပူလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး သွေးကြောများပေါက်ကာ ခန္ဓာကိုယ်တစ်ခုလုံး အစိတ်စိတ်အမြွာမြွာ ဖြစ်သွားအောင် ပေါက်ကွဲသွားတော့မည်ဟု ထင်မှတ်ရလေသည်။

ထိုသို့ ပြောင်းလဲမှုများဖြစ်ပေါ်လာချိန်မှာပင် ယင်ကျင်းက အားဖြင့်တိုက်လိုက်သည့်အချိန်နှင့် ကြုံကြိုက်သွားရကာ သူ၏ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော အင်အားကြီးသည့် ခွန်အားအဖြစ် ပြောင်းလဲသွားကာ ...

'ဝုန်း'

ကျယ်လောင်သော မြည်သံကြီးနှင့်အတူ ကျောက်တံခါးမှာ အစိတ်အစိတ်အမြွာမြွာ ကွဲအက်ကြေမွသွားတော့သည်။

ပြင်းထန်သောအားဖြင့် ထုနှက်ရိုက်ချိုးခံလိုက်ရသကဲ့သို့ ကျောက်တံခါးကြီး အစိတ်အစိတ်အမြွာမြွာဖြစ်သွားရာ ကျောက်တုံး ကျောက်ခဲအပိုင်းအစများသည် လေးညို့ပစ်လွှတ်လိုက်သော မြား

www.burmeseclassic.com

www.burmeseclassic.com



တံသဖွယ် တဗိုးဗိုးမြည်ကာ ထွက်သွားလေသည်။

ဤတွင် ... အပြင်ဘက်၌ရှိနေကြသော ရှမ်းကျုံးနှင့်ကွေ့ဖုံး တို့မှာ တရစပ်ပစ်လွှင့်လာသော ကျောက်တုံးကျောက်ခဲများ၏ ထိ မှန်ခြင်းခံရကာ ...

"အား"

"အမယ်လေး"

စူးရှစွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားကြလေတော့ သည်။

*

ကျောက်ဂူတံခါးပွင့်သွားပြီ ဖြစ်လေသည်။

"ဟေး"

ယင်ကျင်းနှင့်မှင်စာလေးတို့ ဝမ်းသာအားရဖြစ်သွားကြလေ သည်။ ကျောက်အခန်းထဲမှ ပြေးထွက်လိုက်ကြလေသည်။

ကျောက်တုံးကျောက်ခဲအပိုင်းအစများကား မြေပေါ်တွင် ပြန့်ကျဲနေလေသည်။ ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့ကား ကျောက်တုံး ကျောက်ခဲများကြား၌ ဖရိုဖရဲကျနေကြ၏။ သူတို့သည် သွေးခြင်းခြင်း နီရဲကာ မလှုပ်မယှက် ဖြစ်နေကြ၏။



မှင်စာလေးက ...

"သေကုန်ကြပြီထင်တယ်"

ဟု ရေရွတ်လိုက်လေသည်။

ကျောက်အခန်းတံခါး ပွင့်သွားပြီဖြစ်၍ အနီရောင်အဆိပ်ငွေ့ များလည်း အပြင်ဘက်သို့ လွင့်ပျံ့လာပါသည်။ မှင်စာလေးက ...

"တို့ ဒီမှာနေလို့မဖြစ်တော့ဘူး ... မြန်မြန်လာ"

ဟု ပြောကာ ရှေ့မှ ပြေးသွား၏။ ယင်ကျင်းလည်း လိုက် သွားလေသည်။ နှစ်ယောက်သား ရေပုံးနှင့်ကြိုးနှင့် ဘီးကို အသုံးပြု ကာ ရေတွင်းပေါ်သို့တက်သွားကြပြီး အန္တရာယ်မှ လွတ်မြောက်သွား ကြလေတော့သည်။

*

ရေတွင်းပျက်နှင့် ကျောက်လိုဏ်ဂူမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့ လွတ်မြောက်လာကြပြီဖြစ် လေသည်။ သူတို့သည် ရွှေတောင်ငွေတောင်အနီး၌ ခြေပစ်လက်ပစ် ထိုင်ချကာ အမောဖြေလိုက်ကြလေသည်။

ယင်ကျင်းက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်ပါသည်။ အလင်းရောင်သည် တစ်စထက်တစ်စ အားပျော့လာသည်။ ယင်ကျင်း သက်ပြင်းချလိုက်သည်။

"ရေတွင်းပျက်ထဲက လွတ်မြောက်လာတာ ကံကောင်းတာပဲ"

ဟု ရေရွတ်လိုက်လေသည်။ သူ၏ခန္ဓာကိုယ်ထဲမှ ဖြစ်ပေါ်လာသော ပြောင်းလဲမှုများသည် ကျောက်တံခါးကြီးအား တွန်းလိုက်ကာ တစ်စစီဖြစ်သွားစေပြီးနောက် ပြန်လည်ငြိမ်သက်သွားခဲ့လေသည်။

ထွက်ပေါက်မတွေ့မီ တွန်းထိုးနေပြီး ထွက်ပေါက်ရသွားသောအခါ ငြိမ်သက်သွားခြင်းမျိုး ဖြစ်လေသည်။ သို့တိုင် ... ရင်ထဲ၌ ပူလောင်သောခံစားချက်များ တစ်ခါတစ်ခါ ဖြစ်ပေါ်လာ၏။ အေးမြသော ခံစားချက်များ တစ်ခါတစ်ခါ ဖြစ်ပေါ်လာ၏။ ပေါ့ပါးလန်းဆန်းခြင်းနှင့် ခွန်အားပြည့်ဝခြင်းဟူသော ခံစားချက်များကိုလည်း ခံစားနေရပြန်ပါသေးတော့သည်။

ထူးခြားသော ခံစားချက်များသည် ပြင်းထန်လာခြင်းမရှိ၊ ငုပ်လိုက်ပေါ်လိုက် ခံစားရသည်ဆိုရုံမျှလောက်သာ ရှိသဖြင့် ယင်ကျင်းက အမှုမဲ့အမှတ်မဲ့ နေလိုက်ခြင်း ဖြစ်လေသည်။

ရှမ်းကျုံးနှင့် ကွေ့ဖုံးတို့ကား ဒုက္ခပေးနိုင်ကြတော့မည် မဟုတ်ပါ။



တောင်ကြားထဲမှထွက်ကာ အိမ်ပြန်နိုင်တော့မည်ဖြစ်၍ ယင်ကျင်း ဝမ်းသာနေခြင်းလည်း ဖြစ်လေသည်။ ထိုစဉ် ...

'အဟွပ် .. အဟွပ်'

ချောင်းဆိုးသံများ ထွက်ပေါ်လာသဖြင့် ယင်ကျင်းလှည့်ကြည့်လိုက်ရာ မှင်စာလေးမှာ မျက်နှာကြီးရှုံ့မဲ့အောင် ချောင်းဆိုးနေသည်ကို တွေ့ရ၏။ ယင်ကျင်းက ...

"ဦး ... ဘယ်လိုဖြစ်တာလဲ"

ဟု လွှတ်ခနဲ မေးလိုက်လေသည်။ မှင်စာလေးက ...

"ငါ အဆိပ်မိသွားပြီကွ"

"ဟင်"

ယင်ကျင်း ထိတ်လန့်သွားသည်။ သူ အဆိပ်မိသောအခါ အာယုဒိဗ္ဗသစ်သီးကို ကျွေးပြီး မှင်စာလေးက အသက်ကယ်ခဲ့သည်။ ယခု ... မှင်စာလေး အဆိပ်မိနေသောအခါ သူက မည်သို့ကယ်တင်ရမည်နည်း။

ယင်ကျင်း စိတ်မကောင်းဖြစ်သွားပြီး ...

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလိုက်လေသည်။ မှင်စာလေးက ...

"ကြွက်ပျင်းကြီးဆီက အဆိပ်ဖြေဆေးကို သွားယူလိုက်ရင် ရပါတယ်၊ မင်းက ငါ့ကို ကူညီမယ်မဟုတ်လား"

ယင်ကျင်းသည် ရေတွင်းပျက်ထဲသို့ နောက်တစ်ကြိမ်ဆင်းဖို့

www.burmeseclassic.com

www.burmeseclassic.com



ဝန်လေးနေသော်လည်း မှင်စာလေး၏အသက်ကို ကယ်တင်ရန် အရေးကြီးနေသဖြင့် ...

"ကောင်းပါပြီ ... ဦး ခဏစောင့်ပါ"

ချက်ချင်းပင် ရေတွင်းပျက်ရှိရာသို့ ပြေးသွားလိုက်သည်။ ရေတွင်းအနီးသို့ရောက်သွားလျှင် ...

'ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။ လူရိပ်တစ်ခု ရေတွင်းပျက်ထဲမှ ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။ မိစ္ဆာမယ်ကွေ့ဖုံးက ရှမ်းကျုံးအား ပခုံးပေါ်ထမ်းကာ ခုန်ထွက်လာခြင်း ဖြစ်လေသည်။

သူတို့သည် ဒဏ်ရာရထားကြသော်လည်း သေဆုံးသွားခြင်း မရှိကြသေးချေ။ ရှမ်းကျုံး၏ဒဏ်ရာက ပိုပြင်းပြီး သတိလစ်မေ့မြောနေ၏။

သူ၏ဘဝတွင် ကွေ့ဖုံးနှင့်ပတ်သက်ပြီး ကောင်းမှုတစ်ခုကို ပထမဆုံး ပြုလုပ်သွားခြင်းဖြစ်လေသည်။ ကျောက်တုံးကျောက်ခဲများ လွင့်စဉ်လာသောအခါ ...

"နောက်ဆုတ်လိုက်"

ဟု အော်ပြောပြီး ရှမ်းကျုံးက ကွေ့ဖုံးအား တွန်းထုတ်ခဲ့သည် မဟုတ်ပါလား။ သို့မဟုတ်လျှင် ကွေ့ဖုံးမှာ ယခုထက်ပိုပြီး ခံရမည်ဖြစ်လေသည်။

BURMESE CLASSIC .com



ထို့ကြောင့်လည်း ကွေ့ဖုံးက သတိရလာသောအခါ ရှမ်းကျုံးအား ထားမပစ်ခဲ့ဘဲ ပခုံးပေါ်ထမ်းကာ ခေါ်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

နှစ်ယောက်သား ရေတွင်းပျက်အပြင်ဘက်သို့ ရောက်လာကြလျှင် ပြေးလာသည့် ယင်ကျင်းနှင့် ထိပ်တိုက်တိုးမိကြလေသည်။ ဤတွင် ...

"သွားစမ်း"

ကွေ့ဖုံးက အော်ငေါက်ကာ လက်ဦးအောင် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ ယင်ကျင်း ထိတ်လန့်သွားသည်။

"အမယ်လေး"

လွတ်ခနဲအော်ပြီး လက်နှစ်ဖက်ဖြင့် ကပျာကယာ ကာလိုက်၏။ ယင်ကျင်း၏ခန္ဓာကိုယ်ထဲမှ ထူးခြားသောခွန်အားများ ဖြုန်းခနဲ ထွက်ပေါ်လာပြန်လေသည်။ ယင်ကျင်းနှင့် ကွေ့ဖုံးတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်သကဲ့သို့ ဖြစ်သွားတော့သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။ မိစ္ဆာမယ်ကွေ့ဖုံးနှင့် ရှမ်းကျုံးတို့မှာ လူချင်းကွဲကာ အဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

ကွေ့ဖုံး ကြောက်ရွံ့ထိတ်လန့်သွားလေသည်။ ယင်ကျင်းအား ရင်မဆိုင်ရဲတော့သဖြင့် မြေပေါ်မှ ကပျာကယာ လူးလိမ့်ထကာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားလေတော့သည်။ ရှမ်းကျိုးကိုပင် အမှုမထားဘဲ ထား ပစ်ခဲ့လေသည်။

ယင်ကျင်းလည်း နောက်ဆုတ်ကာ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။ သို့သော် ... ကွေ့ဖုံး ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသောအခါ အံ့ဩသွားလေသည်။

"သူ ဘာကြောင့် ထွက်ပြေးသွားရတာလဲ"

ကွေ့ဖုံးကား တစ်ဟုန်ထိုးပြေးသွားပြီး တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ယင်ကျင်း နားမလည်နိုင်အောင် ဖြစ်သွားသည်။ ရှမ်းကျိုးအား လှမ်းကြည့်လိုက် သောအခါ ...

"အင်း ... အင်း"

သွေးအလူးလူး၊ ဖုန်အလူးလူး ပေကျံနေသော ရှမ်းကျိုးသည် လူးလွန့်ညည်းတွားလာလေသည်။ ယင်ကျင်း ဝမ်းသာသွားသည်။ ရှမ်းကျိုးထံသို့ ချဉ်းကပ်သွားလိုက်ပြီး ...

"အဆိပ်ဖြေဆေး ဘယ်မှာလဲ ... ပေးပါ"

ဟု တောင်းလိုက်လေသည်။ ရှမ်းကျိုး မျက်လုံးဖွင့်ကြည့်လာသည်။ ယင်ကျင်းကိုတွေ့လျှင် ...

"မင်း သေရမှာပဲ၊ ငါက အဆိပ်ကိုသာသုံးတာ၊ အဆိပ်ဖြေဆေးကို ဘယ်တော့မှ ဆောင်ထားတာ မဟုတ်ဘူးကွ"

"ခင် ... ခင်ဗျား"



"ဟား ဟား ဟား ... မင်း ဘာတတ်နိုင်သေးသလဲ၊ ငါ့ရဲ့အဆိပ်ဟာ ဖြေဆေးမရှိဘူး ... မင်းတို့ သေရတော့မယ်"

ရှမ်းကျိုးသည် ဟားတိုက်ရယ်မောရင်း နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာ၏။ ဇက်ကျိုးကျကာ ငြိမ်သက်သွားလေသည်။

ရှမ်းကျိုးသည် ယခုမှ အမှန်တကယ် သေဆုံးသွားပြီဖြစ်လေသည်။ ယင်ကျင်းက ...

"ဒုက္ခပါပဲ ... မှင်စာလေးအတွက် အဆိပ်ဖြေဆေး မရနိုင်တော့ဘူး"

ဟု ညည်းတွားလိုက်လေသည်။ ထိုစဉ် ...

"ဘယ်တတ်နိုင်မလဲ ... ကံတရားပေါ့ကွာ"

နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ မှင်စာလေး ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ယင်ကျင်းက ...

"သူက အဆိပ်ကိုသာသုံးတာ၊ အဆိပ်ဖြေဆေး မထားဘူးဦးရဲ့"

မှင်စာလေးက ...

"ငါ ကြားပြီးပါပြီကွာ"

"ဒါဖြင့် ဦး ဘယ်လိုလုပ်မလဲ"

"ဘယ်တတ်နိုင်မလဲကွာ၊ ကျုပ်က အသက်အောင့်ထားလိုက်လို့ အဆိပ်ငွေ့နည်းနည်းပဲ ရှူရှိုက်မိခဲ့တာပါ၊ အတွင်းအား

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားလို့ရပါတယ်၊ အဆိပ်ဖြေဆေး လိုက်ရှာဖို့အချိန် ကောင်းကောင်းရပါတယ်"

ယင်ကျင်းက မှင်စာလေးအား အကဲခတ်ကြည့်လိုက်သော အခါ ရောဂါဝေဒနာခံစားနေရသူတစ်ယောက်ပမာ ဖြူဖပ်ဖြူရော် ရှိနေသည်ကို တွေ့ရ၏။ မှင်စာလေးအား အဆိပ်ဖြေဆေး ရှာဖွေပေး လိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

မှင်စာလေးက ...

"မိစ္ဆာမကြီးက လွတ်မြောက်သွားပြီဆိုတော့ သူ့ရဲ့အပေါင်း အဖော်တွေကိုခေါ်ပြီး ပြန်ရောက်လာနိုင်တယ်၊ တို့လည်း ဒီက ထွက် သွားကြရင် ကောင်းမယ်"

ဟု ပြောလာလေသည်။ ယင်ကျင်းက ...

"ဟုတ်ကဲ့ ... သွားကြပါစို့"

သူတို့သည် ရေတွင်းပျက်ကို ကျောခိုင်းကာ ထွက်လာခဲ့ကြ လေသည်။ လမ်းတွင် မှင်စာလေးက ...

"မင်း ဘယ်သွားမလဲ"

ဟု မေးလာလေသည်။ ယင်ကျင်းက ...

"ကျွန်တော် အိမ်ပြန်မှာပေါ့"

မှင်စာလေးက ...

"ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ် ... ဦးက ဘာကြောင့်မေးတာလဲ"



မှင်စာလေးသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ မပြော ဘဲ နေလိုက်သည်။

"ဘာမှမဖြစ်ပါဘူးကွာ"

သူတို့သည် ရွှေတောင်ငွေတောင်အနီးမှ ဖြတ်လာကြ သောအခါ မြေပေါ်တွင် ပြန့်ကျဲနေသော ရွှေတုံးငွေတုံးလေးများကို ယင်ကျင်းက ကောက်ယူလိုက်လေသည်။

ဟွမ်တောင်ကြားကား အလွန်ထူးဆန်းသောနေရာ ဖြစ် သည်။ ယင်ကျင်းအတွက် ထာဝသက် မမေ့စရာ အဖြစ်အပျက်များ ကြုံတွေ့ခဲ့ရသော်လည်း ဟွမ်တောင်ကြားသို့ ဘယ်သောအခါမှ ပြန် လာတော့မည် မဟုတ်ပါ။ ယင်ကျင်း ကြောက်ရွံ့နေပြီဖြစ်ပါသည်။

နေဝင်သွားပြီဖြစ်သည်။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ ရှိနေသည်။ လ မိုက်ညဖြစ်၍ လဝန်းကို မမြင်ရပါ။ မှုန်ဝါးဝါးကြယ်ရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပါတော့သည်။

ယင်ကျင်းနှင့် မှင်စာလေးတို့သည် ကြယ်ရောင်ကိုအားပြု ကာ ထွက်လာခဲ့ကြရင်း ယင်ကျင်း မြင်းလှည်းထားသည့်နေရာသို့ ပြန်လည်ရောက်ရှိလာကြ၏။

မြင်းလှည်းကို မတွေ့ရတော့ပါ။ သခင်မဲ့နေသော မြင်းနှစ် ကောင်သည် ခြေဦးတည့်ရာ ထွက်သွားကြပြီဖြစ်ကြောင်း ထင်ရှား နေပါတော့သည်။ ယင်ကျင်း သက်ပြင်းချလိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမရှိတော့သဖြင့် ခရီးတွင်တော့မည် မဟုတ်ပါ။ ဖြတ်လမ်းများကိုသာ ရွေးပြီး ခရီးနှင်လာခဲ့ရသည်ဖြစ်၍ ပင်ပန်းခက်ခဲသော ခရီးကြမ်းကို ခြေလျင် ဖြတ်သန်းသွားရတော့မည် ဖြစ်လေသည်။

ထူးဆန်းသော မရဏနယ်မြေ၌ အလင်းရောင်များကို ကျောခိုင်းကာ အမှောင်ထုသို့ ဝင်ရောက်လာကြရာ များမကြာမီ ပတ်ဝန်းကျင်၌ ထူးခြားသော အလင်းရောင်အချို့ ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ကြရ၏။

စိမ်းဖန့်ဖန့်အလင်းရောင်များသည် ယင်ကျင်းတို့နှင့် သုံးပေပတ်လည်ခန့်၌ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ အစပိုင်း၌ ယင်ကျင်းရော မှင်စာလေးပါ သတိမပြုမိခဲ့ကြပါချေ။

အမှောင်ထုထဲ ဝင်ရောက်လာခဲ့ကြပြီး ထိုစိမ်းဖန့်ဖန့် အလင်းရောင်များသည် တစ်စထက်တစ်စ ထင်ရှားနေတော့မှ နှစ်ယောက်သား သတိပြုမိသွားကြလေတော့သည်။

"ဘယ်က အလင်းရောင်ပါလိမ့်"

ယင်ကျင်းသည် တီးတိုးရေရွတ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။ မှင်စာလေးက ...

"မင်းကိုယ်က အလင်းရောင်ထွက်နေတာ"

"ဗျာ"

မမျှော်လင့်သော စကားကြားလိုက်ရသဖြင့် ယင်ကျင်း



ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

မှင်စာလေးကို မျက်လုံးပြူး၍ ကြည့်ရင်း ...

"ကျွန်တော့်ကိုယ်က ထွက်တဲ့အလင်းရောင်တွေ ... ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်တာလဲ"

ယင်ကျင်းသည် သူ၏ခြေလက်များကို ဆန့်တန်းကာ ကြည့်လိုက်လေသည်။ ထိုအခါ ... သူ၏အရေပြားများသည် စိမ်းဖန့်ဖန့် အရောင် သန်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်ကျင်း မယုံကြည်နိုင်အောင် ဖြစ်သွား၏။

သူ၏ခန္ဓာကိုယ်သည် အဘယ်ကြောင့် ဤမျှ ထူးထူးဆန်းဆန်းပြောင်းလဲသွားရပါသနည်း။ မှင်စာလေးသည် ယင်ကျင်းအား လှည့်ပတ်ကြည့်လိုက်ပြီး ...

"မင်းဟာ ပိုးစုန်းကြူးလေးတစ်ကောင် ဖြစ်သွားပြီကွ"

ဟု ပြောလေသည်။ ထို့နောက် သဘောကျစွာ ရယ်မောလိုက်လေသည်။ ယင်ကျင်းကား ငိုမဲ့မဲ့လေး ဖြစ်နေပါသည်။

"ကျွန်တော်က သာမန်လူတစ်ယောက်ပါဗျာ၊ ဘာကြောင့် ခုလိုဖြစ်သွားရတာလဲ၊ ဘယ်သူမှ ဒီလိုဖြစ်တာ မရှိဘူး"

အလွန်ထူးဆန်းသောအဖြစ်နှင့် ကြုံတွေ့လိုက်ရခြင်း ဖြစ်လေသည်။ မှင်စာလေးက ...

www.burmeseclassic.com

www.burmeseclassic.com



"နေဦး … မင်း ထိုင်လိုက်စမ်း"

ယင်ကျင်းက စိတ်ပျက်လက်ပျက်ဖြင့် မြေပေါ် ထိုင်ချလိုက်လေသည်။

မှင်စာလေးက ယင်ကျင်း၏သွေးကြောများကို စစ်ဆေးကြည့်လိုက်လေသည်။ ယင်ကျင်း၏သွေးကြောတစ်ခုအား လက်ဖြင့် ထောက်ကာ စမ်းလိုက်သည်နှင့် ယင်ကျင်း၏ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော အင်အားတစ်ခုက တွန်းထုတ်လိုက်လေသည်။

'ဟိုက်'

မှင်စာလေး ကပျာကယာနောက်ဆုတ်လိုက်လေသည်။

ယင်ကျင်းက …

"ဘာဖြစ်လို့လဲဗျာ"

ဟု မေးလေသည်။ မှင်စာလေးက …

"အာယုဒိဗ္ဗသစ်သီးက အစွမ်းပြနေပြီကွ"

"ဗျာ"

"မင်းဟာ အာယုဒိဗ္ဗသစ်သီးကို စားခဲ့ရတယ်၊ ကြွက်ပျင်းကြီးရဲ့ အပြင်းထန်ဆုံးအဆိပ်ကိုလည်း မိထားခဲ့တယ်၊ အဆိပ်နဲ့ သစ်သီးရဲ့စွမ်းအား ပေါင်းစပ်ပြီး ခုလိုဖြစ်ရတာပဲ"

ယင်ကျင်းက …

"ကျွန် … ကျွန်တော် ဒီအဖြစ်မျိုး မလိုချင်ဘူး၊ သာမန်အားဖြင့် လှမ်းမောင်းသမားတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်ဗျာ"



ဟု ငိုသံပါကြီးဖြင့် ပြောလေသည်။ မှင်စာလေးက …

"အေး … မင်းရဲ့ခန္ဓာကိုယ်ထဲက အဆိပ်တွေနဲ့ အင်အားတွေကို ဖယ်ထုတ်ပစ်နိုင်မှ မင်းဟာ လူကောင်းပကတိပြန်ဖြစ်လာနိုင်တော့မယ်၊ ဒါမှမဟုတ်ရင် မင်းရဲ့အရေပြားတွေက ညဘက်မှာ စိမ်းဖန့်ဖန့်အရောင်သန်းပြီး ပိုးစုန်းကြူးတစ်ယောက်လို ဖြစ်လာတော့မှာပဲ"

"ဒုက္ခပါပဲဗျာ"

ယင်ကျင်း ညည်းတွားလိုက်လေသည်။ ခန္ဓာကိုယ်ထဲမှ ဖြစ်ပေါ်လာသော အင်အားများကြောင့် တစ်ကိုယ်လုံး ဖောင်းကြွနေသည်ဟု ခံစားနေရသည်။ ဖားခုံညင်းတစ်ကောင်ပမာ အရေပြားများ တင်းကာ ပေါက်ကွဲထွက်သွားမည် ထင်ရသည်။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

ယင်ကျင်းသည် သူခံစားနေရသော အဖြစ်အပျက်များကို ပြောပြကာ မှင်စာလေးထံ၌ အားကိုးတကြီးတောင်းဆိုလိုက်လေသည်။ မှင်စာလေးက ရုတ်တရက် အကြံမရသဖြင့် …

"ငါလည်း ဘာလုပ်ရမှန်း မသိဘူး"

ဟု ပြောလိုက်လျှင် …

'ဟီး .. ဟီး .. ဟီး'

ယင်ကျင်းမှာ ကလေးတစ်ယောက်ပမာ ကြုကြုပါအောင် ငိုကြွေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေး လက်မှိုင်ချကာ ငေးကြည့်နေ၏။ ယင်ကျင်းကို စိတ်မကောင်းဖြစ်နေမိလေသည်။ ယင်ကျင်းသည် အတန်ကြာငို ကြွေးပြီးမှ ...

"ကျွန်တော် အဆိပ်မိပြီး သေသွားတာကမှ ကောင်းသေးတယ်၊ ခုတော့ လူနဲ့မတူဘဲ သရဲတစ်ကောင်နဲ့တူနေပြီ"

ဟု ယူကျုံးမရ ပြောလေသည်။ ဝမ်းနည်းကြေကွဲမှုမှသည် ဒေါသဖြစ်လာပုံရသည်။ ထိုင်ရာမှထကာ အနီးရှိ ကျောက်တုံးအား ခြေထောက်ဖြင့် ကျန်ကျောက်ပစ်လိုက်လေသည်။ ကျောက်တုံးမှာ စဉ့်အိုးတစ်လုံးခန့်အရွယ်ရှိပါသည်။

ယင်ကျင်းက ခြေထောက်ဖြင့် ကန်လိုက်လျှင် ...

'ဝုန်း'

အဝေးသို့လွင့်စဉ်သွားပြီး အစိတ်အစိတ်အမြွှာမြွှာ ကွဲအက်ကြေမွသွားလေတော့သည်။ ယင်ကျင်းသည် ထိုမှနင့်မကျေနပ်သေးဘဲ ...

"ကဲဟာ ... ကဲဟာ"

အနီးရှိသစ်ပင်များကို လက်သီးဖြင့်ထိုးသည်။ လက်ဝါးဖြင့်ရိုက်သည်။ လက်နှစ်ဖက်ဖြင့် အတင်းဆွဲနုတ်ပစ်လိုက်လေသည်။

'ဝုန်း .. ဝုန်း .. ဝုန်း'

'ဖြောင်း .. ဖြောင်း .. ဖြောင်း'

'ဝေါ .. ဂျုံး'



လေပြင်းမုန်တိုင်းတိုက်ခတ်သည့်ပမာ တစ်တောလုံး တစ်တောင်လုံး ဆူညံသွားလေတော့သည်။ သစ်ပင်များ ကျိုးပဲ့ကုန်သည်။ အမြစ်မှ လန်ထွက်ကုန်သည်။ ဖုန်များ တထောင်းထောင်းထသွားပြီး လေတိုးသံများလည်း တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ယင်ကျင်းမှာ မောပန်းနွမ်းနယ်သွားခြင်း မရှိပါချေ။ ခွန်အားများသည် လှိုင်းတံပိုးပမာ အလိပ်လိုက် အလိပ်လိုက် ထလာပြီး ဖော်ထုတ်အသုံးပြုလိုက်လေလေ အဆက်မပြတ် တိုးပွားလာကာ စွမ်းအားကြီးမားလာလေ့လေပင်။

အတော်ကလေးကြာလျှင် အနီးရှိ သစ်ပင်ချုံနွယ်များ၊ ကျောက်တုံးများ ရှင်းလင်းကာ ပြောင်းသလင်းခါသွားလေတော့သည်။

ထိုအခါမှ ယင်ကျင်းသည် မြေပေါ်ထိုင်ချလိုက်ပြီး ကြုံကြုံပါအောင် ငိုကြွေးလိုက်ပြန်ရလေတော့သည်။ အချိန်များ တရွေ့ရွေ့ကုန်သွားတော့မှ ငိုကြွေးခြင်းကို ရပ်တန့်ကာ ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။ မှင်စာလေးအား မတွေ့ရပါချေ။

"ခင်ဗျား ဘယ်ရောက်သွားပြီလဲ"

ယင်ကျင်း အော်မေးလိုက်လေသည်။ ထိုအခါ ...

"ငါ ဒီမှာ"

မှင်စာလေး၏အသံ အပေါ်ဘက်မှ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်း လှမ်းကြည့်လိုက်ရာ မှင်စာလေးသည် ဝါးတစ်ရိုက်ခန့်အကွာရှိ သစ်ပင်တစ်ပင်ပေါ်၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။ ယင်ကျင်း မကျေမနပ်ဖြစ်သွားပြီး ...

"ဦးက ကျွန်တော့်ကို အကူအညီမပေးချင်လို့သွားပြီး ပုန်းနေတာပေါ့ ဟုတ်လား"

ဟု မေးလိုက်လေသည်။ မှင်စာလေးက ...

"မင်းသောင်းကျန်းလိုက်တဲ့အရှိန်ကြောင့် ငါ ဒီဘက်ကို လွင့်လာတာကွ၊ သစ်ပင်ကြီးသာ ခံမနေရင် ဘယ်လောက်အထိ လွင့်သွားဦးမယ် မဆိုနိုင်ဘူး"

ပြောပြောဆိုဆို သစ်ပင်ပေါ်မှ ခုန်ဆင်းလာလေသည်။ ယင်ကျင်းအား အကဲခတ်ရင်း ...

"ခုဆိုရင် မင်းဟာ လောကပေါ်မှာ ခွန်အားအကြီးမားဆုံးလူတစ်ယောက်ဖြစ်သွားပြီ၊ အဆိပ်မိခဲ့ပေမယ့် ဘာမှစိုးရိမ်စရာမလိုတော့ဘူး၊ အဆိပ်တွေဟာ မင်းရဲ့ခန္ဓာကိုယ်နဲ့ တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားပြီ"

ဟု ပြောလေသည်။ ယင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုအဖြစ်မျိုးကို ကျွန်တော် မလိုချင်ဘူး"

ဟု အော်ပြောလိုက်လေသည်။ မှင်စာလေးက ...

"မင်း မလိုချင်လို့လည်း မရတော့ဘူး၊ တစ်ခုပဲရှိတယ် ... မင်းခန္ဓာကိုယ်ထဲက အဆိပ်တွေနဲ့ ခွန်အားတွေကို သီးခြားစီခွဲခြားနိုင်



မယ်ဆိုရင် မင်းရဲ့အရေပြားက ထွက်ပေါ်နေတဲ့ စိမ်းဖန့်ဖန့်အလင်းရောင်တွေ ပျောက်သွားနိုင်တယ်"

ယင်ကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဦး ... ဦး တကယ်ပြောတာလား"

"ဖြစ်နိုင်တာကို ပြောတာပါ"

"ဒါဖြင့် မသေချာဘူးပေါ့"

မှင်စာလေးက ...

"လက်ဗလာသမားတော်နဲ့တွေ့မှ ပြောနိုင်မှာကွ"

ယင်ကျင်း မျက်မှောင်ကုတ်သွားလေသည်။

"လက်ဗလာသမားတော် ... ဟုတ်လား၊ သူဟာ သမားတော်တစ်ယောက်လား"

"ဟုတ်တယ် ... ဘယ်လိုရောဂါဝေဒနာမျိုးကိုမဆို ပျောက်ကင်းချမ်းသာအောင် ကုပေးနိုင်တဲ့ သမားတော်ပေါ့"

"ဟာ ... ဒါဆို အဲဒီသမားတော်ဆီကို ကျွန်တော်တို့ သွားကြရင် မကောင်းဘူးလား၊ ဦးရဲ့အဆိပ်မိထားတဲ့ ဝေဒနာကိုလည်း သက်သာပျောက်ကင်းအောင် ကုသနိုင်တာပေါ့"

မှင်စာလေးက ...

"ငါလည်း ဒီအတိုင်း စဉ်းစားထားပါတယ်၊ ဒါပေမဲ့ သူ့ကို တွေ့ရဖို့ ခက်တယ်ကွ"

"သူနေတဲ့နေရာကိုသွားလိုက်ရင် မတွေ့နိုင်ဘူးလား

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... သူက အတည်တကျနေရင်တော့ ကောင်းတာပေါ့၊ အတည်တကျမနေဘဲ ခြေဦးတည့်ရာလျှောက်သွားနေလို့ ခက်တာပေါ့"

"ဟာ ... ဒါဆို ဘယ်လိုက်ရှာလို့ လွယ်ပါ့မလဲ"

"အေးလေ ... တွေ့ချင်ရင် သူ့သတင်းကို နားစွင့်ပြီး လိုက်ရှာရုံပဲရှိတယ်"

ယင်ကျင်းက ...

"ဦး ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်သည်။ မှင်စာလေးက ...

"ကျုပ်ဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့သူပါ၊ အာယုဒိဗ္ဗသစ်သီးကြောင့် နှစ်ပေါင်းသုံးဆယ်ကျော် အကျဉ်းချခံခဲ့ရတယ်၊ မြေအောက်ကျင်းထဲမှာ နေခဲ့ရပြီး သိုင်းလောကနဲ့ အဆက်အသွယ်ပြတ်ခဲ့ရတယ်၊ ဒါကြောင့် လက်ဇလာသမားတော်ကို လိုက်ရှာရင်း သိုင်းလောကမှာ ကျင်လည်လိုက်ဦးမယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့"

သူ၏သဘောထားကို ပြောပြလေသည်။ ယင်ကျင်းက ...

"ဦးက အဲဒီလိုလိုက်ရှာရင်း လက်ဇလာသမားတော်ကို တွေ့ရမယ်လို့ ယုံကြည်ထားတယ်ပေါ့"

"ဟုတ်တယ်လေ၊ သူဟာ သိုင်းလောကသားတစ်ယောက် မဟုတ်လား၊ သိုင်းလောကမှာ လိုက်ရှာရင် မတွေ့စရာအကြောင်း



မရှိဘူး"

"ဒါဖြင့် ကျွန်တော်လည်းလိုက်မယ်"

ယင်ကျင်းက အားတက်သရော ပြောလိုက်လေသည်။ မှင်စာလေးက ...

"မင်း အိမ်မပြန်တော့ဘူးလား"

ထိုစကားကြောင့် ယင်ကျင်း ငိုင်သွားလေသည်။ သူ၏မိဘနှစ်ပါးသည် အိမ်တွင်ကျန်ရစ်ခဲ့ပြီး သူပြန်ရောက်လာမည့်အချိန်ကို စောင့်မျှော်နေကြလိမ့်မည် ဖြစ်ပါသည်။ မှင်စာလေးက ...

"မင်း ... အိမ်မပြန်ဘူးလား"

ဟု မေးလာပြန်သည်။ ယင်ကျင်းက ...

"ကျွန်တော့်အိမ်ကို အရင်ပြန်မယ်၊ ပြီးမှ လက်ဇလာသမားတော်ကို လိုက်ရှာကြတာပေါ့ ... မကောင်းဘူးလား"

ဟု ပြန်မေးလိုက်လေသည်။ မှင်စာလေးက ...

"သဘောပဲလေ၊ ငါက မင်းရဲ့နောက်ကို အရင်ဆုံးလိုက်လာခဲ့ရမှာပေါ့ ... ဟုတ်လား"

"ဦး လိုက်ခဲ့ဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

"ဒါဖြင့် သွားကြစို့"

"ဟုတ်ကဲ့"

မှောင်မိုက်နေသောညသည် သူတို့အတွက် အနှောင့်အယှက် မဖြစ်နိုင်တော့ပါ။ ယင်ကျင်း၏အလင်းရောင်ဖြင့် ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ရွာ သွားလာနိုင်ခဲ့ကြလေတော့သည်။

မှင်စာလေးက ယင်ကျင်းအား ပိုစုန်းကြူးလေးဟု ကင်ပွန်း တပ်လိုက်လေတော့သည်။

* * *



## စည်းဝိုင်းအပြင်သို့

ဟန်ကျူးမြို့ ...။

ဟန်ကျူးမြို့သည် စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ ဖြစ်လေသည်။ ယင်ကျင်းနှင့်မှင်စာလေးတို့သည် တောတောင်များကို ဖြတ်ကျော်၍ ခရီးနှင်ခဲ့ကြရာ သုံးရက်မြောက်သောနေ့တွင် ဟန်ကျူး မြို့အနီးသို့ ရောက်ရှိလာခဲ့ကြလေသည်။

ယင်ကျင်း၏အသားအရေမှာ ပြာနှမ်းနှမ်းရှိနေပြီး ညဘက် တွင် ပိုးစုန်းကြူးတစ်ကောင်ပမာ ရှိနေသော်လည်း နေ့ဘက်၌မူ လူ ကောင်းပကတိ ရှိနေပါသည်။ ထို့ကြောင့် ... မိဘများအား သွား ရောက်တွေ့ဆုံရန် နေ့ဘက်အချိန်ကိုသာ ရွေးချယ်ခဲ့လေသည်။

ထိုက်ယန်မြို့ပြင်သို့ ရောက်လျှင် မှင်စာလေးက ...

"ကဲ ... ငါ ဒီမှာပဲ စောင့်နေမယ်၊ မင်းသွားတော့ မြန်မြန် လည်း ပြန်လာခဲ့ဦးနော်"

ဟု ပြောလေသည်။ ယင်ကျင်းက ...

"ကောင်းပါပြီဗျာ၊ ကျွန်တော် ရောက်မလာသေးဘဲ ထွက်ပြီး မသွားနဲ့ဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါကွာ"

ယင်ကျင်းသည် မှင်စာလေးကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ယင်ကျင်း၏မိဘများသည် မြို့စွန်ဆင်းရဲသားရပ်ကွက်လေး၌ နေထိုင်လျက်ရှိကြလေသည်။ ယင်ကျင်းတို့၏အိမ်ကလေးမှာ ဆင်းရဲသားရပ်ကွက်၏ အရှေ့ဘက်အစွန်ဆုံးရှိ အုတ်ကြွပ်မိုးထားသော အိမ်ကလေးဖြစ်သည်။

ယင်ကျင်းသည် မိမိကိုယ်ကို မလုံမလဲဖြင့် ဆင်းရဲသားရပ်ကွက်လေးဆီသို့ ချဉ်းကပ်သွားလိုက်လေသည်။ မကြာပါချေ။ သူ၏အိမ်ကလေးအား တွေ့မြင်လာရပါသည်။

အိမ်တံခါးများ ဖွင့်ထားသည်။ အိမ်ထဲမှ လူရိပ်များကို တွေ့ရလေသည်။ ယင်ကျင်း စိတ်လှုပ်ရှားလာလေသည်။ သစ်ပင်များကြားမှထွက်ကာ အိမ်ကလေးဆီသို့ ချဉ်းကပ်သွားလိုက်လေသည်။

အနီးပတ်ဝန်းကျင်၌ အိမ်အချို့ရှိနေကြသော်လည်း ထိုအိမ်မှလူများသည် ယင်ကျင်းအား သတိမပြုမိလိုက်ကြချေ။ ယင်ကျင်းသည် အိမ်ထဲသို့ ခပ်သွက်သွက်လှမ်းဝင်လိုက်ပြီး ...

"ဖေဖေ ... မေမေ"

ဟု ခေါ်လိုက်လေသည်။ သူ၏အသံ ထွက်ပေါ်လာသည်နှင့် ...

"ဒါ သားရဲ့အသံပဲ"



"လူလေး ပြန်လာပြီထင်တယ်၊ မြင်းလှည်းသံလည်း မကြားရပါလား"

အိမ်ထဲမှ စကားသံများ ထွက်ပေါ်လာကာ လူနှစ်ယောက် ခပ်သွက်သွက် ထွက်လာကြလေသည်။ ယင်ကျင်းသည် မိဘနှစ်ပါးအား တွေ့မြင်ရလျှင် ...

"မေမေ ... ဖေဖေ ... ကျွန်တော် ပြန်လာပြီလေ"

ဟု ဝမ်းသာအားရ ပြောလိုက်လေသည်။

မိဘနှစ်ပါးသည် ယင်ကျင်းကိုမြင်လျှင် ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။ ယင်ကျင်း၏အသွင်မှာ ပကတိသွေးရောင် ကင်းမဲ့နေပါသည်။ အသားအရေများ က ပြာနှမ်းနှမ်းဖြစ်နေသည်။ ရေနစ်သေဆုံးခဲ့သော အလောင်းတစ်လောင်းနှင့်ပင် တူနေပါတော့သည်။

မိဘနှစ်ပါး အထိတ်တလန့် ဖြစ်သွားကြသည်။ မိခင်ဖြစ်သူသည် ယင်ကျင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ...

"အမယ်လေး"

ဟု အော်ကာ ခွေခနဲ လဲကျသွားလေသည်။ ဖခင်ဖြစ်သူကသည်

"ယင် ... ယင်ကျင်း ... မင်း ... မင်း လူလား သရဲလား"

ဟု မေးရင်း နောက်ဆုတ်သွား၏။ မိဘနှစ်ပါး၏အသွင်ကြောင့် ယင်ကျင်း ဝမ်းနည်းကြေကွဲသွားလေတော့သည်။ စကားမပြောနိုင်ဘဲ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းနေ၏။

ဖခင်ဖြစ်သူက ...

www.burmeseclassic.com

www.burmeseclassic.com



"ယင်ကျင်း ... မင်းက ခရီးဝေးသွားရင်း လမ်းမှာရေနစ်သေခဲ့လို့ ခုလိုလာပြီး ကိုယ်ထင်ပြတာလား"

ဟု တုန်တုန်ယင်ယင်ဖြင့် မေးလေသည်။ ယင်ကျင်းက ...

"ဖေဖေရယ် ... ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ မသေသေးပါဘူး၊ ဖေဖေတို့အတွက် ရွှေတွေငွေတွေ လှူပေးတာပါ"

ပြောရင်း ယူဆောင်လာသော ရွှေတုံးငွေတုံးကလေးများအား ထုတ်ပေးလိုက်လေသည်။ သူ၏လက်များသည် တုန်တုန်ယင်ယင်ဖြစ်နေရာ ...

'ဂျလောက် .. ဂျလောက်'

ရွှေတုံးငွေတုံးကလေးများသည် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေတော့သည်။ ရွှေရောင်ငွေရောင် တဖိတ်ဖိတ်တောက်ပသွားလေတော့သည်။

"ဟင်"

"ဟာ"

ယင်ကျင်း၏မိခင်သည်လည်း ပြန်လည်သတိရလာပြီဖြစ်ရာ ရွှေတုံးငွေတုံးကလေးများကိုမြင်လျှင် တအံ့တသြဖြင့် ရေရွတ်လိုက်ကြလေသည်။ ဖခင်ဖြစ်သူက ...

"သား ... ယင်ကျင်း ... ဒီလောက်များတဲ့ ရွှေငွေကို ဘယ်ကရလာတာလဲ"

ဟု မေးလာသည်။ မိခင်ဖြစ်သူကား ...



"လူလေးရယ် နာနာဘာဝရောက်ပြီး မေမေတို့ကို လာပြီး မ,စတာပေါ့လေ၊ သားရေ ... အမျှ အမျှ"

ယင်ကျင်း မကျေမနပ် ဖြစ်သွားလေတော့သည်။

"မေမေ ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်တော် ဘာကြောင့် နာနာဘာဝဘဝကို ရောက်ရမှာလဲ၊ ခရီးသွားရင်း ဒုက္ခရောက်ခဲ့လို့ ခုတောင် ကံကောင်းလို့ အိမ်ပြန်လာနိုင်ခဲ့တာ"

ဟု ပြောလိုက်၏။ ဖခင်ဖြစ်သူက ...

"ဟုတ်သားပဲ၊ နာနာဘာဝဆိုရင် စကားပြောနိုင်ပါ့မလား"

ဟု ပြောရင်း ရှေ့တိုးကာ ယင်ကျင်း၏ခြေလက်များကို ကိုင်တွယ်စမ်းသပ်ကြည့်လိုက်လေသည်။ ယင်ကျင်း၏တစ်ကိုယ်လုံး ရေခဲတုံးပမာ အေးစက်နေသည်ကို တွေ့ရလျှင် ဆတ်ခနဲ တွန့်သွားပြီး နောက်ဆုတ်သွားကြလေသည်။ ယင်ကျင်းက ...

"ကျွန်တော်ဟာ ငွေပို့ပေးတဲ့ လူတစ်ယောက်ကို လိုက်ပို့ရင်း တောင်ကြားတစ်ခုမှာ မမျှော်လင့်တဲ့ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ်"

သူ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။ မိဘနှစ်ပါးက စိတ်ဝင်စားစွာ နားထောင်နေကြပါသည်။ ယင်ကျင်းက ရှင်းပြပြီးလျှင် ...

"ကျွန်တော်ခံစားနေရတဲ့ ဝေဒနာတွေ သက်သာပျောက်ကင်းသွားတော့မှ အိမ်ပြန်လာခဲ့ပါ့မယ်၊ ဖေဖေ မေမေတို့ စိတ်မပူ

www.burmeseclassic.com

www.burmeseclassic.com



ကြပါနဲ့ခင်ဗျာ"

မိဘနှစ်ပါးအတွက် ရွှေငွေများလည်း ယူလာပေးခဲ့ပြီဖြစ်၍ နောက်ကြောင်းအေးသွားပြီဖြစ်လေသည်။ မိခင်ဖြစ်သူသည် ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေသည်။ ဖခင်ဖြစ်သူက ...

"မင်းရဲ့ရောဂါပျောက်ဖို့ အရေးကြီးတယ် ... တို့အတွက် ဘာမှမပူနဲ့၊ မြန်မြန်သာ သွားပေတော့"

ဟု ပြောလေသည်။ ယင်ကျင်းသည် ကြမ်းပြင်ပေါ် ဒူးထောက်ကာ မိဘနှစ်ပါးကို ရှိခိုးကန်တော့လိုက်လေသည်။ ထို့နောက်

"ကျွန်တော့်ကို သွားခွင့်ပြုပါခင်ဗျာ"

ဟု ခွင့်တောင်းကာ ထွက်လာခဲ့လေတော့သည်။

*

ယင်ကျင်း ထွက်သွားပြီဖြစ်လေသည်။ ဖခင်ဖြစ်သူသည် ကြမ်းပြင်ပေါ်၌ ပြန့်ကျဲနေသော ရွှေတုံးငွေတုံးလေးများကို ကောက်ယူကာ စစ်ဆေးကြည့်လိုက်လေသည်။

"ဒါ ... ဒါ ... တကယ့်ရွှေအစစ် ငွေအစစ်တွေပဲ"

တအံ့တသြ ရေရွတ်လိုက်၏။ မိခင်ဖြစ်သူကား မျက်ရည်ဝိုင်းနေသည်။



"ကျွန်မသားလေး ခရီးသွားရင်း တစ်ခုခုဖြစ်သွားပါပြီ"

ဟု ရေရွတ်နေ၏။ ဖခင်ဖြစ်သူက ...

"အေး ... သူက တို့ကို ကိုယ်ထင်လာပြီး ရွှေငွေတွေပေးသွားပြီ၊ တို့က သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပေးဖို့ပဲ ရှိတော့တယ်၊ ကဲ လာ ... ဘုံကျောင်းကို သွားရအောင်"

ဟု ပြောလေသည်။ သူတို့သည် စာမတတ်ပေမတတ် ဉာဏ်ပညာနည်းပြီး အယူသီးသူများ ဖြစ်ကြလေသည်။ တွေးတောမြော်မြင်မှုမရှိဘဲ ယင်ကျင်း သေဆုံးသွားပြီဟု ယူဆလိုက်ကြလေတော့သည်။

*

များမကြာမီ ... ယင်ကျင်း သေဆုံးသွားပြီဟူသောသတင်းသည် ဟန်ကျူးတစ်မြို့လုံး ပျံ့လွင့်သွားလေသည်။ မြင်းလှည်းသမားအသိုင်းအဝိုင်းတွင် ယင်ကျင်း၏အကြောင်းကို ပြောမဆုံးနိုင်အောင် ဖြစ်ကြလေသည်။

အများက စိတ်ဝင်စားကြသည်မှာ ယင်ကျင်းသည် မိဘများအား လာရောက်ကိုယ်ထင်ပြပြီး ရွှေငွေများပေးသွားခြင်းကိုပင် ...။

ယင်ကျင်းပေးသွားသော ရွှေငွေများဖြင့် မိဘနှစ်ပါးသည်

www.burmeseclassic.com

www.burmeseclassic.com



မပူပင် မတောင့်တရအောင် ဖြစ်သွား၏။

ယင်ကျင်းကို သေလူအဖြစ် သတ်မှတ်လိုက်ကြရကား ယင်ကျင်းမှာ အလိုလို လူ့စည်းဝိုင်းအပြင်ဘက်မှ လူတစ်ယောက် ဖြစ်သွားရလေတော့သည်။

* * *



## သရဲနှစ်ကောင်

ဟန်ကျူးမြို့သည် မိုင်ပေါင်းများစွာ ဝေးကွာသော အရပ်တွင် ကျန်ရစ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်ကျင်းနှင့်မှင်စာရေလးတို့သည် သိုင်းလောကသို့ ဦးတည်ခရီးထွက်လာခဲ့ကြလေသည်။ သိုင်းလောက၌ လက်ဗလာသမားတော်အား လိုက်လံရှာဖွေကာ သူတို့နှစ်ယောက်စလုံး၏ဝေဒနာကို ကုသရမည် ဖြစ်လေသည်။

မှင်စာလေးက ...

"လက်ဗလာ သမားတော်ဟာ ခိုင်ဖုံးမြို့ကို မကြာခဏ ရောက်လာပြီး ရှေးဟောင်းသမိုင်းဝင်နေရာတွေမှာ လေ့လာတတ်တယ်၊ တို့က ခိုင်ဖုံးမြို့ကိုရောက်ရင် သူ့အကြောင်း သတင်းစုံစမ်းလို့ ရမှာပဲ"

ဟု ပြောလေသည်။ ယင်ကျင်းလည်း သဘောတူလိုက်သည်။ နှစ်ယောက်သား ခိုင်ဖုံးမြို့သို့ ဦးတည်ခရီးနှင်လာခဲ့ကြရင်း တောအုပ်တစ်ခုကို ဖြတ်သန်းမိလိုက်သောအခါ ငိုကြွေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကျင်းနှင့် မှင်စာလေးတို့ ခြေလှမ်းရပ်သွားကြသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ယင်ကျင်းက ...

"ကျွန်တော် ငိုသံကြားလိုက်မိသလိုပဲ"

ဟု ပြောလေသည်။ မှင်စာလေးက ...

"ဟုတ်တယ်"

"တောထဲတောင်ထဲမှာ ဘယ်သူက လာငိုနေတာလဲ"

"ဒါတော့ ငါလည်း မသိဘူး"

"ကျွန်တော်တို့ သွားကြည့်ကြရင် ကောင်းမလား"

မှင်စာလေးသည် အနည်းငယ်စဉ်းစားလိုက်ပြီး သဘောတူလိုက်လေသည်။

"ကောင်းပြီလေ ... သွားကြတာပေါ့"

သူတို့သည် ငိုကြွေးသံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်လှမ်းသွားလိုက်ကြလေသည်။

သူတို့သည် ငိုကြွေးသံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်လှမ်းသွားလိုက်ကြလေသည်။ သစ်ပင် ချုံနွယ်များကြားမှ ဖြတ်သန်းသွားလိုက်ကြရာ မကြာပါချေ ... တောအုပ်ထဲမှ ဖြတ်သန်းစီးဆင်းနေသော ချောင်းကလေးတစ်ခုနှင့် ကမ်းစပ်တွင် ဆိုက်ကပ်ထားသော လှေကလေးတစ်စီးကို တွေ့လိုက်ရ၏။

ပေါင်းမိုးပါသော လှေကလေးဖြစ်ပြီး ငိုရှိုက်သံသည် လှေ



ပေါင်းမိုးထဲမှ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိလေသည်။ မှင်စာလေးက ...

"မိန်းကလေးတစ်ယောက်ရဲ့ ငိုသံပဲကွ"

ဟု တီးတိုးပြောသည်။ ယင်ကျင်းက ...

"ဟုတ်တယ်"

မှင်စာလေးက ...

"မင်း ဒီမှာနေခဲ့ ... ငါ သွားကြည့်လိုက်မယ်"

ဟု မှာကြားကာ တိတ်တဆိတ် ထွက်သွားလေသည်။ ယင်ကျင်းသည် သစ်ပင်များကြားမှ အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

မှင်စာလေးမှာ လူပုပုသေးသေးလေးဖြစ်ရာ ရုတ်တရက်ဆိုလျှင် မြင်ကွင်းမှ ပျောက်နေပြီ။ မည်သူမှ သတိထားမိသည်ကြမည် မဟုတ်ပါချေ။

မှင်စာလေးသည် သစ်ပင်ချုံနွယ်များကြားမှ တိုးဝှေ့သွားရင်း ချောက်ကမ်းပါးရှိ လှေကလေးအနီးသို့ ရောက်ရှိသွားလေသည်။ မှင်စာလေးက လှေနံရံအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားပြီး ပေါင်းမိုးထဲသို့ ချောင်းကြည့်လိုက်လေသည်။

ပေါင်းမိုးထဲ၌ အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိ မိန်းကလေးတစ်ယောက်က ကျုံ့ကျုံ့လေးထိုင်ကာ တရှုပ်ရှုပ်ငိုကြွေးနေသည်ကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



မြင်ရလေသည်။ ထိုမိန်းကလေးမှာ ငယ်ရွယ်နုပျိုပြီး ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေသည့်တိုင် ချောမောလှပသည့် ရုပ်သွင်ကလေး အထင်းသား ပေါ်လွင်နေပါတော့သည်။

လှေပေါင်းမိုးအတွင်း၌ မင်္ဂလာပွဲကျင်းပလျှင် ပြင်ဆင်လေ့ရှိသည့်အတိုင်း အိပ်ရာခမ်းနား ပြင်ဆင်ထားလေသည်။ တကယ့်အိပ်ခန်းတစ်ခုပမာ အဖိုးတန် အကောင်းစားကော်ဇောမွေ့ရာများဖြင့် ပြင်ဆင်ထားခြင်းဖြစ်သည်။

မှင်စာလေးက သေသေချာချာကြည့်လိုက်မှ ငိုကြွေးနေသောမိန်းကလေးသည်လည်း သတို့သမီးတစ်ယောက်ပမာ ဝတ်စားပြင်ဆင်ထားသည်ကို တွေ့ရလေသည်။

မှင်စာလေး မျက်မှောင်ကုတ်သွားလေသည်။

"ဘယ်လိုဖြစ်တာလဲ ... လှေထဲမှာ မင်္ဂလာဆောင်မယ့် အခမ်းအနားပြင်ဆင်ထားတယ်၊ လှပချောမောတဲ့ မိန်းကလေးတစ်ယောက်လည်း ရှိနေတယ်၊ တောထဲတောင်ထဲမှာ လာပြီး မင်္ဂလာဆောင်ကြမလို့လား"

ဟု စိတ်ထဲ ရေရွတ်လိုက်သည်။ မင်္ဂလာပွဲအခမ်းအနားဆိုလျှင် ပျော်ပျော်ရွှင်ရွှင် ရှိရချေပြီ။ ထိုမိန်းကလေးကား ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေသည်။

အဘယ့်ကြောင့်နည်း။

မှင်စာလေး ခေါင်းခါယမ်းလိုက်သည်။



"တစ်ခုခုတော့ မှားနေပြီ"

ယခုတစ်ကြိမ် သူက အသံထွက်ကာ လွှတ်ခနဲ ရေရွတ်မိလိုက်ခြင်းဖြစ်သည်။ အသံထွက်သွားသည့် မှင်စာလေးက ပါးစပ်ကို လက်ဝါးဖြင့် ကပျာကယာ ပိတ်လိုက်သော်လည်း မရတော့ပါ။ မိန်းကလေး ကြားသွားပြီး လှမ်းကြည့်ရာ မှင်စာလေးကို တွေ့လျှင် ...

"အမယ်လေး"

အထိတ်တလန့်အော်ကာ ပက်လက်လန်လဲကျသွားလေတော့သည်။

မှင်စာလေး ထိတ်လန့်သွားသည်။ မိန်းကလေး၏အော်သံကြောင့် ကပျာကယာ ထွက်ပြေးရန် လှေနံရံကို လက်လွှတ်လိုက်ရာ ...

"ပလုံ"

ခန္ဓာကိုယ်ဟန်ချက်မထိန်းနိုင်ဘဲ ရေထဲပြုတ်ကျသွားလေတော့သည်။

*

မှင်စာလေးသည် လူပုလေးတစ်ယောက်ဖြစ်သလို နှာခေါင်းပွပွ၊ မျက်လုံးပြူးပြူး၊ နားရွက်ကားကား လွန်စွာမှပင် ကြည့်ရ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသူဖြစ်သည်။ နာမည်နှင့်လိုက်အောင် တကယ့်မှင်စာလေးတစ်ကောင်နှင့် တူသူဖြစ်လေသည်။

ယခု ... မှင်စာလေး၏တစ်ကိုယ်လုံး ရေစွဲရွဲစိုနေသည်။ သို့သော် မှင်စာလေးသည် ကိုယ့်ကိုယ်ကိုယ်ထက် သတိ့သမီး မိန်းကလေးကို ဂရုစိုက်နေပါတော့သည်။

ယင်ကျင်းသည်လည်း လှေပေါ်သို့ရောက်လာပြီး ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် မိန်းကလေးအနီး၌ စိုးရိမ်ပူပန်စွာ ရှိကြစဉ်မှာပင် ...

'အင့်'

မိန်းကလေးသည် မသဲမကွဲညည်းညူရင်း သတိရလာလေသည်။ မှင်စာလေးက ...

"ဟော ... သတိရလာပြီ"

ယင်ကျင်းကလည်း ...

"တော်ပါသေးရဲ့"

ယခုမှ သူတို့သက်ပြင်းချနိုင်လေတော့သည်။

မိန်းကလေးကား ဝမ်းမသာနိုင်ပါချေ။ လူသေအလောင်းပမာ ဖြူရော်ရော်၊ ပြာနှမ်းနှမ်းရှိနေသော ယင်ကျင်းကိုလည်းကောင်း၊ ပုံဆိုးဆိုးမှင်စာလေးကိုလည်းကောင်း တွေ့လိုက်ရလျှင် ထိတ်လန့်သွားကာ ...

"အမယ်လေး ... သရဲ သရဲ"



စူးစူးဝါးဝါး အော်ဟစ်လိုက်လေသည်။ လူးလိမ့်ထရင်း ထွက်ပြေးရန် ကြိုးစားလေတော့သည်။ မှင်စာလေးက ...

"မိန်းကလေး ... မကြောက်ပါနဲ့၊ ကျုပ်တို့ဟာ မကောင်းဆိုးဝါးတွေ မဟုတ်ပါဘူး ... လူတွေပါ"

ယင်ကျင်းက ...

"ဟုတ်ပါတယ် ... ကျုပ်ဟာ ဒုက္ခရောက်နေတဲ့ မြင်းလှည်းသမားပါ။ ညီမလေးကို ဒုက္ခမပေးပါဘူး၊ ငိုသံကြားလို့ ကူညီနိုင်ရင် ကူညီဖို့ လာခဲ့တာပါ"

နှစ်ယောက်သား ကပျာကယာ ပြောလိုက်ကြလေသည်။

မိန်းကလေးသည် ပေါင်းမိုးနံရံနှင့် ကပ်သွားသည့်အထိ နောက်ဆုတ်လိုက်ပြီး ကြောက်ရွံ့စွာ ကြည့်နေမိ၏။

ယင်ကျင်းနှင့် မှင်စာလေးတို့မှာ မိန်းကလေးအကြောက်ပြေသွားရလေအောင် ပြုံးပြလိုက်ကြ၏။ သူတို့ပြုံးပြလိုက်မှ ဖြဲခြောက်သည်နှင့် တူသွားလေတော့သည်။ မိန်းကလေးက ...

"ရှင် ... ရှင်တို့"

"ကျုပ်တို့ လူတွေပါ ... မကောင်းဆိုးဝါး နာနာဘာဝတွေ မဟုတ်ပါဘူး"

ယင်ကျင်းတို့ ပြိုင်တူပြောလိုက်ကြလေသည်။

မိန်းကလေးသည် သူမအား အန္တရာယ်မပြုသည့်အပြင် သူမ ကြောက်လန့်သွားမည်ကို စိုးရိမ်ကာ ပျာယာခတ်နေသည်တို့ကိုတွေ့

www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် အံ့ဩသွားသည်။

"ရှင်တို့ဟာ မကောင်းဆိုးဝါးတွေ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး"

"ဒါဖြင့်"

မှင်စာလေးက ...

"ကျုပ်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် ခုလို ပုံဆိုးပန်းဆိုးဘဝမျိုး ရောက်နေရတယ်လို့ပဲ မှတ်ထားလိုက်ပါကွယ်၊ မိန်းကလေးကို ဒုက္ခမပေးဘူးဆိုတာတော့ ယုံပါ"

မိန်းကလေး သက်ပြင်းချလိုက်သည်။

"ကျွန်မ ယုံပါပြီရှင် ... တောထဲတောင်ထဲမှာ ရုတ်တရက်တွေ့လိုက်ရတယ်ဆိုတော့ ထိတ်လန့်မိသွားတာပါရှင်"

ယင်ကျင်းနှင့်မှင်စာလေးတို့သည် ယခုမှ ရင်အေးသွားကြပြီး ပြုံးနိုင်ရယ်နိုင်ကြလေသည်။ မှင်စာလေးက ...

"မိန်းကလေး ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်လာတာလဲ၊ ကျုပ်တို့က မိန်းကလေး ငိုကြွေးသံကြားလို့ ကူညီနိုင်မလားဆိုပြီး လာခဲ့ကြတာပါ"

ဟု ရှင်းပြရင်း မေးလိုက်လေသည်။ မိန်းကလေး မျက်နှာညိုးသွားလေသည်။

"ကျွန်မရဲ့ဘဝ ကံဆိုးလှတာရယ်၊ ကျွန်မရဲ့မိဘတွေကို လွမ်းတာရယ်ကြောင့် ငိုနေမိတာပါရှင်"



ဟု ပြောလာလေသည်။ မှင်စာလေးက ...

"မိန်းကလေးမှာ အခက်အခဲတစ်ခုရှိနေပုံရတယ်၊ ကျုပ်တို့ကို ပြောပြနိုင်မလား"

ဟု မေးလိုက်ပြန်သည်။ မိန်းကလေးသည် ခိုကိုးရာမဲ့ဘဝရောက်နေပုံရှိပြီး မှင်စာလေး၏အမေးကြောင့် အားတက်သွားပုံ ရှိလေသည်။

"ကျွန်မဟာ မချစ်မနှစ်သက်တဲ့သူနဲ့ လက်ထပ်ရမှာမို့ ဝမ်းနည်းပြီး ငိုကြွေးနေမိတာပါရှင်"

ဟု ပြောလာလေသည်။

"ဩော်"

ယင်ကျင်းနှင့်မှင်စားလေတို့ ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်ကြလေသည်။ မိန်းကလေးက ...

"ကျွန်မနာမည် မေနန်းလို့ ခေါ်ပါတယ်၊ ကျွန်မရဲ့ဖခင်ဟာ မေအောက်ရွယ်ပါ၊ ဖေဖေဟာ ဒီချောင်းရိုးတစ်လျှောက်မှာ ငါးဖမ်းပြီး အသက်မွေးဝမ်းကျောင်းနေတဲ့ တံငါသည်တစ်ယောက်ပါ၊ ဒီချောင်းထဲမှာ ငါး အလွန်ပေါပါတယ်၊ ဖေဖေတစ်ယောက်တည်း သိထားတဲ့နေရာပါ၊ တခြားတံငါသည်တွေနဲ့ လမ်းခွဲပြီး ဒီမှာလာရှာတာအဆင်ပြေလို့ ကျွန်မတို့သားအဖ ငွေပိုငွေလျှံတောင် ရှိခဲ့ကြပါတယ်"

ယင်ကျင်းနှင့်မှင်စာလေးတို့ ဦးခေါင်း တဆတ်ဆတ်ညိတ်ကြပြန်သည်။ မေနန်းဆိုသော မိန်းကလေးက ဆက်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ ... ဖေဖေ ငါးဖမ်းနေတုန်း ရေဘီလူးဆိုတဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့ရပါတယ်၊ ရေဘီလူးဟာ သူပိုင်တဲ့နယ်မြေထဲကို ကျူးကျော်ဝင်ရောက်လာတဲ့အတွက် ဖေဖေ့ကို အန္တရာယ်ပြုခဲ့ပါတယ်၊ ဖေဖေဟာ သူ့ကို အသက်ချမ်းသာပေးပါ ... လိုချင်ရာကို ပေးပါ့မယ်လို့ တောင်းပန်မှ ..."

သူမ၏စကားမဆုံးမီ မှင်စာလေးက ကြားဖြတ်ပြောလိုက်လေသည်။

"ရေဘီလူးက မိန်းကလေးကို တောင်းခဲ့တာပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ်ရှင် ... ရေဘီလူးဟာ အိမ်ကိုလိုက်လာပြီး ကျွန်မကိုတွေ့တော့ သူနဲ့လက်ထပ်ပေးရမယ်ပြောပြီး ကျွန်မကို လှေနဲ့တင်ပြီး ချောင်းရိုးအတိုင်း မျှောလိုက်ရမယ်လို့ ဖေဖေ့ကို အကျပ်ကိုင်ခဲ့ပါတယ်"

မှင်စာလေးက ...

"မင်းရဲ့အဖေက သဘောတူလိုက်တာပဲလား"

မေနန်း ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေ သဘောမတူပါဘူး၊ ရေဘီလူးက ဖေဖေ့ကို အမျိုးမျိုးနှိပ်စက်ညှဥ်းပန်းခဲ့တာကြောင့် ကျွန်မ မကြည့်ရက်တာနဲ့ သူ့ရဲ့ဆန္ဒကို လိုက်လျောလိုက်ရတာပါ"

မှင်စာလေးက ...



"မင်းဟာ မိဘကျေးဇူးသိတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ မင်းရဲ့လှေက ဘယ်လိုလုပ်ပြီး ဒီနေရာမှာ ဆိုက်ကပ်ထားရတာလဲ၊ ရေဘီလူးက ဒီမှာ လာခေါ်မှာလား"

မေနန်းက ...

"မဟုတ်ပါဘူးရှင် ... ချောင်းရိုးအတိုင်း အောက်ဘက်ကို စုန်ဆင်းသွားရမှာပါ၊ ကျွန်မ မသွားချင်သေးလို့ လှေကို ဒီနေရာမှာ ဆိုက်ကပ်ထားပြီး ငိုကြွေးနေမိတာပါရှင်"

ဟု ရှင်းပြလေသည်။ မှင်စာလေးက ...

"မင်းမသွားရင် ရေဘီလူးက ဒုက္ခပေးမှာပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ်၊ ရေဘီလူးဟာ ဓားပြကြီးတစ်ယောက်ပါ၊ သူဟာ ချောင်းအောက်ဘက်မှာနေထိုင်ပြီး ဒီအရပ်ပတ်ဝန်းကျင် အရပ်ဒေသမှာ လုည့်လည်ဓားပြတိုက်နေပါတယ်၊ အာဏာသားတွေနဲ့ သိုင်းသမားတွေက သူ့ကို ဖမ်းဆီးနှိမ်နင်းဖို့ ကြိုးစားခဲ့ကြပေမယ့် ခုထိ မအောင်မြင်သေးပါဘူး၊ ရေဘီလူးကတော့ ပိုပြီးတောင် သောင်းကျန်လာပါသေးတယ်ရှင်"

မေနန်းသည် ရေဘီလူးအကြောင်း ရှင်းပြလေသည်။ မှင်စာလေးက ယင်ကျင်းအား လှည့်ကြည့်လိုက်ပြီး ...

"ငါတော့ ရေဘီလူးဆိုတဲ့ကောင်ကို ဆုံးမချင်တယ်၊ မင်းရော ဘယ်လိုသဘောရသလဲ"

ဟု မေးလေသည်။ ယင်ကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပ့ါမလားဗျာ"

လေသံပျော့လေးဖြင့် ပြော၍၊ ရေဘီလူး၏မတရားမှုကို မနှစ်မြို့သော်လည်း ရင်ဆိုင်ရမည်ကို စိုးရွံ့မိပါသည်။ ရေဘီလူးသည် လူဆိုးကြီးတစ်ယောက်ဖြစ်ပြီး သူက သာမန်မြင်းလှည်းမောင်းသမား တစ်ယောက်ဖြစ်သည် မဟုတ်ပါလား။

လူဆိုးကြီးတစ်ယောက်ကိုတွေ့လျှင် ဝေးဝေးရှောင်ပြေးရမည်ဟု နားလည်ထားလေတော့သည်။ မှင်စာလေးက ...

"မင်းကလည်း ကြောက်တတ်လိုက်တာ ... လောကပေါ်မှာ မင်းဟာ ခွန်အားအသန်မာဆုံး လူတစ်ယောက်ဖြစ်နေပြီဆိုတာ နားလည်ထားစမ်းပါ၊ မင်းလက်သီးနဲ့ တစ်ချက်ထုလိုက်ရင် ရေဘီလူး ဇက်ပုသွားမှာပါ"

ယင်ကျင်းက ...

"ဖြစ်ပ့ါမလားဗျာ"

ဟု ထပ်ပြောလေသည်။ မှင်စာလေးက ...

"မင်းက ဘာကြောင့် ဒီလောက်တောင် ကြောက်တတ်နေတာလဲ"

"ကျွန် ... ကျွန်တော်"

"ငါတစ်ယောက်လုံး ရှိတာပဲ၊ ငါဟာ ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ဆိုတာ မှတ်ထားစမ်းပါ"

ယင်ကျင်း ဘာမှမပြောဘဲ နေလိုက်လေသည်။ မှင်စာလေးက ...



"လူဆိုးတစ်ယောက် မတရားအနိုင်ကျင့်နေတာကို တွေ့လျက်နဲ့ တို့က လက်ပိုက်ကြည့်နေရမှာလား၊ ဘာမှမပူနဲ့ ... တို့ သွားပြီးဆုံးမကြမယ်"

ဟု တက်တက်ကြွကြွ ပြောလေသည်။ ယင်ကျင်းက စိတ်မပါချေ။ မှင်စာလေးသည် ကိုယ်တိုင်ခံစားနေရသောဒုက္ခများကို မေ့နေသည်ဟု တွေးနေမိလေသည်။ မှင်စာလေးက ...

"မိန်းကလေး ... ဘာမှမပူနဲ့၊ ကျုပ်တို့ ရေဘီလူးကို နှိမ်နင်းပေးကြမယ်"

ဟု ရဲရဲကြီး အာမခံလိုက်လေသည်။ မေနန်း ဝမ်းသာသွားလေသည်၊ ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်ပြီး...

"ဦးတို့ရဲ့ ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

ဟု ပြောလေသည်။ မှင်စာလေး ရယ်မောလိုက်လေသည်။

"ဟဲ ဟဲ ဟဲ ... ကိစ္စမရှိဘူး၊ ကျုပ်တို့က ရုပ်ဆိုးပေမယ့် စိတ်ထားကောင်းပါတယ်၊ မတရားတာတွေ့ရင် ဘယ်တော့မှ လက်ပိုက်ကြည့်မနေတတ်ပါဘူး၊ ကဲ ... ရေဘီလူးဆီကို သွားကြရအောင်"

ဟု ပြောလိုက်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကလေးသည် ကျယ်ဝန်းရာမှ တစ်စထက်တစ်စ ကျဉ်းမြောင်းသွားလေသည်။ ရေစီးကလည်း အလွန်လျင်မြန်လာပြီး ကျောက်တောင်ကြီးတစ်လုံး၏အောက်ဘက်ရှိ ကျောက်ဂူပေါက်ကြီး တစ်ခုအတွင်းသို့ စီးဝင်သွားသည်ကို တွေ့ရလေသည်။

မေနန်းမှာ တံငါသည်တစ်ယောက်၏သမီးပီပီ လှေကို ကျွမ်းကျင်စွာ ထိန်းသိမ်းနိုင်လေသည်။ သူမသည်ပင် ပဲ့ကိုင်ကာ ရေစီးအတိုင်း မျှောလိုက်သွားခြင်း ဖြစ်လေသည်။

ကျောက်ဂူကြီးနှင့် တစ်စထက်တစ်စ နီးကပ်လာလေသည်။ မေနန်းက လှေကို အရှိန်လျှော့ကာ ...

"ကျွန်မတို့ ရှေ့ဆက်သွားလို့ ဖြစ်ပါ့မလားရှင်"

ဟု မဝံ့မရဲဖြင့် ပြောလာလေသည်။ မှင်စာလေးက အာမခံပါသည်။

"ဖြစ်ပါတယ် ... သွားမှာသာသွားစမ်းပါ"

"ကောင်းပါပြီရှင်"

လှေကလေးသည် ကျောက်ဂူကြီးအတွင်းသို့ ရေစီးနှင့်အတူ ရောက်သွားလေတော့သည်။

ကျောက်ဂူအတွင်းသို့ ရောက်သွားသောအခါ ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွား၏။ ဝင်ရောက်လာခဲ့ကြသော ဂူပေါက်မှ အလင်း



ရောင်ကို ကွက်ကွက်ကလေးသာ တွေ့ရ တော့သည်။ ဂူထဲ၌ ရေစီး အလွန်လျင်မြန်နေပါသည်။ တစ်ခဏအတွင်းမှာပင် ဘာဆိုဘာမှ မမြင်ရအောင်ဖြစ်သွား၏။ ထိုစဉ် ...

"အမယ်လေး"

မေနန်း၏အထိတ်တလန့်အော်သံ ထွက်ပေါ်လာ၏။ လှေပေါ်တွင် ငြိမ်ငြိမ်ကလေးထိုင်ကာ လိုက်ပါလာကြသော ယင်ကျင်းနှင့် မှင်စာလေးတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

ဟု မေးလိုက်ကြလေသည်။

ထိုအချိန်မှာပင် အရှေ့ဘက်မှ အလင်းရောင်များ ဘွားခနဲ ထွက်ပေါ်လာသည်ကိုတွေ့ရပြီး ဂူတစ်ဖက်ထွက်ပေါက်မှ လျှောထွက်သွားကာ ရေကန်တစ်ခုအလယ်သို့ ရောက်သွားတော့သည်။

ရေကန်ထဲ၌ ရေအီသွားပြီး ရေစီးမမြန်တော့သဖြင့် လှေကလေးမှာ တဝဲလည်လည်ဖြစ်သွား၏။ ဝန်းကျင်တစ်ခုလုံးလည်း လင်းလင်းကျင်းကျင်း ဖြစ်သွားလေသည်။

ဂူထဲမှထွက်လာသော ရေများသည် အနိမ့်ပိုင်းတစ်နေရာတွင် စုသော ရေကန်တစ်ခုဖြစ်ပေါ်လာပြီးမှ အခြားတစ်ဖက်သို့ ဆက်လက်စီးဆင်းသွားခြင်း ဖြစ်လေသည်။ ရေကန်ပတ်လည်တွင် စိမ်းလန်းသောသစ်ပင်များ ဖုံးလွှမ်းထားပါသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့မှာ ပတ်ဝန်းကျင်ကိုပင်အမှုမ

www.burmeseclassic.com

www.burmeseclassic.com



ကားနိုင်အားဘဲ မေနန်းကို ကြည့်လိုက်ကြလေသည်။

မေနန်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အလွန်ကြောက်ရွံ့ထိတ်လန့်နေသည့်သဘော ရှိလေသည်။ မှင်စာလေးက

"မိန်းကလေး ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။ မေနန်းသည် ယင်ကျင်းအား လက်ညှိုးညွှန်ပြရင်း ...

"သူ ... သူ ..."

"သူ ဘာဖြစ်လို့လဲ"

"သူ့ဆီက အလင်းရောင်ထွက်လာလို့"

ယင်ကျင်းနှင့် မှင်စာလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ မှင်စာလေးသည် အဖြစ်မှန်ကိုပြောပြလျှင် မေနန်း ပိုပြီး ထိတ်လန့်သွားမည်ကို တွေးမိလိုက်သဖြင့် ...

"ဪ ... ဒါလား၊ သူ့ရဲ့အင်္ကျီက အရောင်ထွက်တာလေ၊ အင်္ကျီမှာ ဆေးတစ်မျိုးသုတ်ထားတော့ အမှောင်ထဲရောက်ရင် အရောင်ထွက်လာတာပေါ့ ... ဟဲ ဟဲ"

ယင်ကျင်းက ...

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

ဟု ကပျာကယာ ထောက်ခံလိုက်လေသည်။ ထိုအခါမှ မေနန်း စိတ်သက်သာရာ ရသွားလေသည်။ ထိုစဉ် ...

"သတို့သမီး ရောက်လာပြီကိုး"



အသံဝါကြီးတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်လေသည်။

ယင်ကျင်းတို့ လှမ်းကြည့်လိုက်သောအခါ တောအုပ်ထဲမှ လူရိုပ်တစ်ခု ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုလူရိပ်သည် လှစ်ခနဲ လှစ်ခနဲ ပြေးလာပြီး ရေအိုင်ထဲ ဝုန်းခနဲခုန်ဆင်းကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

*

"ရွှေကျုံး"

မေနန်းက လွှတ်ခနဲ ရေရွတ်လိုက်သည်။ သူမသည် ယင်ကျင်းနှင့်မှင်စာလေးတို့အနီးသို့ ချဉ်းကပ်လာပြီး ...

"ရေဘီလူးရွှေကျုံး ရောက်လာပြီ၊ ကျွန်မတို့ ဒုက္ခရောက်တော့မယ် ထင်ပါရဲ့ရှင်"

ဟု ပြောလာလေသည်။ မှင်စာလေးက ...

"ဘာကြောင့် ဒုက္ခရောက်ရမှာလဲ ... ကျုပ်တို့ရှိသားပဲ"

ဟု အားပေးစကား ပြောလိုက်၏။ ယင်ကျင်းက ...

"သူပြောတာ မှန်တယ်ဗျ၊ တော်ကြာ ကျွန်တော်တို့ပါ ဒုက္ခပေးလာရင် ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စွာပြော၏။ မှင်စာလေး မျက်လုံးပြူးသွားသည်။

"မင်း ဘယ်လိုဖြစ်သွားတာလဲ ... အပြောင်းအလဲ မြန်လှ ချည်လား၊ စောစောကတော့ မတရားလုပ်တဲ့လူကို နှိမ်နင်းဖို့ မင်း သဘောတူခဲ့တယ် မဟုတ်လား"

"ကျွန်တော်က"

"ဘာမှမပူစမ်းပါနဲ့ကွာ ... ငါတစ်ယောက်လုံး ရှိပါတယ်၊ မင်းသာ ငါ့စကားနားထောင်၊ ရေဘီလူးရွှေကျုံးဆိုတဲ့လူကို ကောင်း ကောင်းကြီး ဆုံးမနိုင်ပါလိမ့်မယ်"

ပြောနေ၍လည်း ထူးတော့မည်မဟုတ်ကြောင်း သဘော ပေါက်လိုက်မိသဖြင့် ယင်ကျင်း ဘာမှမပြောဘဲ နေလိုက်လေသည်။ ထိုစဉ် ...

"ဟိုမှာ ... ဟိုမှာ"

မေနန်းက ရေကန်ထဲသို့ ညွှန်ပြကာ ပြောလာလေသည်။ ယင်ကျင်းနှင့် မှင်စာလေးတို့ လှမ်းကြည့်လိုက်ကြည့်လိုက်ကြလေ သည်။

ထိုအခါ ... ရေကန်ထဲ၌ ရေများ ပလုံစီထလာသည်ကို တွေ့မြင်လိုက်ရ၏။ ရေပူပေါင်းကလေးများသည် လှေကလေးဆီသို့ လျင်မြန်စွာ ရွေ့လျားလာလေသည်။

ရွှေကျုံးသည် ရေအောက်မှနေပြီး လှေကလေးဆီသို့ လာ နေပြီဖြစ်ကြောင်း မှင်စာလေး ရိပ်မိလိုက်လေသည်။



သူက ဟိုဟိုသည်သည်ကြည့်လိုက်ပြီး လှော်တက်ကိုတွေ့ မြင်သွားလေသောအခါ ကပျာကယာ ဆွဲယူလိုက်လေသည်။

ထိုအချိန်မှာပင် ...

'ဝုန်း'

ရေများ ဖွားခနဲ လွင့်စဉ်ကာ ရေအောက်မှ ဦးခေါင်းတစ်လုံး ထွက်ပေါ်လာလေသည်။ ရွှေကျုံး ဘွားခနဲပေါ်လာခြင်းဖြစ်လေ သည်။ မှင်စာလေးသည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ ...

"ကဲဟာ"

လှော်တက်ဖြင့် ရိုက်ချလိုက်၏။

ရွှေကျုံးသည် လှေပေါ်တွင် သတို့သမီးသာ လိုက်ပါလာမည် ဖြစ်ပြီး ဒုက္ခပေးနိုင်သူ ပါလာမည်မဟုတ်ဟု ယူဆထားပုံရသည်။ ရေထဲမှ ဘွားခနဲပေါ်ထွက်လာပြီး လှေပေါ်တက်ရန် လှေနံရံကို လက် နှစ်ဖက်ဖြင့် လှမ်းဆွဲလိုက်ချိန်၌ အရိုက်ခံလိုက်ရသည်ဖြစ်ရာ မရှောင် နိုင်ဘဲ ဖြစ်သွားလေတော့သည်။

'ခွပ်'

"အား"

ရွှေကျုံး လွှတ်ခနဲ အော်လိုက်ပြီး ရေအောက်သို့ ပြန်လည် ငုပ်လျှိုးသွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေး၏လက်စွမ်းကို တွေ့ရလျှင် ယင်ကျင်းနှင့်မေနန်းတို့ ဝမ်းသာသွားကြလေသည်။

ရွှေကျိုးသည် ကမန်းကတန်း ရေအောက်သို့ ပြန်လည်ငုပ်လျှိုးသွားပြီး မြင်ကွင်းမှ ပျောက်ကွယ် သွားလေသည်။

'ဟား .. ဟား .. ဟား'

မှင်စာလေးက သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဒီကောင်တော့ မှတ်သွားပြီ"

သူ၏စကား မဆုံးသေး ... လှေဝမ်းတွင် အပေါက်တစ်ပေါက် ဖြစ်ပေါ်လာလေသည်။ ငါးမန်းစွယ်ကဲ့သို့ လက်နက်တစ်ခုသည် လှေဝမ်းကို ထိုးဖောက်ကာ ထိုးထွက်လာ၏။

ယင်ကျင်းနှင့် မှင်စာလေးတို့နှစ်ယောက်ကြား၌ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကံကောင်းထောက်မသဖြင့် နှစ်ယောက်စလုံး ထိနိုက်ဒဏ်ရာမရကြခြင်းဖြစ်၏။

"ဟ ... မြန်မြန်ရှောင်ပါဟ"

မှင်စာလေးက အော်ပြောပြီး နောက်ဆုတ်လိုက်သည်။ ယင်ကျင်းလည်း နောက်ဆုတ်လိုက်လေသည်။

'ဗွပ် .. ဗွပ် .. ဗွပ်'

လှေဝမ်း၌ အပေါက်ကလေးများ တရစပ်ဖြစ်ပေါ်လာလေ



သည်။ ငါးမန်းစွယ်လက်နက်ဖြင့် ရေအောက်ထဲမှနေပြီး ထိုးနှက်တိုက်ခိုက်နေခြင်းဖြစ်လေသည်။

ရွှေကျိုးသည် ရေကို အလွန်ကျွမ်းကျင်ပြီး လှေနစ်မြုပ်သွားကာ ရေအောက်သို့ ရောက်သွားမည်ဆိုပါက ရွှေကျိုး၏လက်ချက်ဖြင့် ဒုက္ခရောက်ရမည်ဖြစ်ကြောင်း ယင်ကျင်း နားလည်လိုက်၏။

ပေါက်ပြဲသွားသော လှေဝမ်းဗိုက်မှ ရေများ ဒလဟော တိုးဝင်လာပါသည်။ လှေကလေးမှာ ဆန်ခါပေါက်ဖြစ်ကာ မကြာမီ နစ်မြုပ်သွားတော့မည် ဖြစ်လေသည်။

မှင်စာလေးသည် အခြေအနေမဟန်မှန်းသိလျှင် –

"ယင်ကျင်း ရှေ့ ... လှေကို မြန်မြန်လှော်"

လှော်တက်ကို ပစ်ပေးကာ ပြောလေသည်။ ယင်ကျင်းသည် လှော်တက်ကို ကပျာကယာ ဖမ်းယူပြီး လှော်ခတ်လိုက်လေသည်။

ကမ်းစပ်သို့ရောက်လျှင် ကုန်းပေါ်သို့ တက်ပြေးကာ လွတ်မြောက်နိုင်သည်ဟူသောအတွေးဖြင့် ကပျာကယာ လှော်ခတ်လိုက်ခြင်း ဖြစ်သည်။ ယင်ကျင်းက အားစိုက်လိုက်သည်နှင့် ...

'ဝုန်း .. ဝုန်း'

ကန်ရေပြင်တစ်ခုလုံး လှိုင်းတံပိုး ထသွားတော့သည်။ လှေကလေးသည်လည်း လေးညှို့မှ ပစ်လွှတ်လိုက်သည့် မြားတစ်စင်းပမာ ကမ်းစပ်သို့ ရောက်ရှိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လာ"

မှင်စာလေးက ကမ်းပေါ်ခုန်တက်လိုက်၏။ ယင်ကျင်းသည်လည်း လှော်တက်ကိုလွှင့်ပစ်ကာ ခုန်တက်လိုက်၏။ မေနန်းကလည်း လိုက်လာရာ ကုန်းမြေပေါ်သို့ ရောက်သွားကြလျှင် ဆန်ခါပေါက်ဖြစ်နေသော လှေကလေးသည် ရေထဲသို့ စုန်းစုန်းမြုပ်သွားလေတော့သည်။ မှင်စာလေးက ...

"ဟူး ... တော်ပါသေးရဲ့"

ဟု ညည်းတွားလိုက်သလို ယင်ကျင်းက ...

"သူက ကုန်းပေါ်တက်လိုက်လာရင် ဘယ်လိုလုပ်မလဲ"

ဟု ကြောက်လန့်တကြား မေးလေသည်။ မေနန်းသည်ကား ယင်ကျင်းကို တအံ့တသြကြည့်နေပါသည်။ ယင်ကျင်းကဲ့သို့ ခွန်အားကောင်းလှသူအား မတွေ့ဖူးခြင်းကြောင့် ဖြစ်လေသည်။ ထိုစဉ် ...

"ပြေးလို့လွတ်မယ် မထင်နဲ့"

အော်ငေါက်သံနှင့်အတူ ရွှေကျုံးက ရေထဲမှ ဝုန်းခနဲ ခုန်တက်လာလေသည်။

ယင်ကျင်းနှင့်မေနန်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။ မှင်စာလေးကား ရွှေကျုံးနှင့် ရင်ဆိုင်လိုက်လေသည်။

"မင်း မတရားလုပ်ချင်တိုင်း လုပ်လို့မရဘူး၊ မင်းကို ဆုံးမမယ့်လူတွေ ရှိတယ်ဆိုတာ မှတ်ထား"

ရွှေကျုံးက စတင်တိုက်ခိုက်လိုက်လေသည်။



မှင်စာလေးကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ် လာလေတော့သည်။

*

ရွှေကျုံးနှင့် မှင်စာလေးတို့ ရင်ဆိုင်တိုက်ခိုက်ကြ၏။ ရွှေကျုံးသည် မှင်စာလေး၏လက်ချက်ကြောင့် ထိပ်ပေါက်၊ ခေါင်းကွဲဖြစ်ခဲ့ရကား ဒေါသထွက်နေပြီး ငါးမန်းစွယ်လက်နက်ဖြင့် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေပါတော့သည်။

'ဝိုး .. ဝိုး .. ဝိုး'

ငါးမန်းစွယ်လက်နက်သည် ရိပ်ခနဲ ရိပ်ခနဲ မှင်စာလေး၏တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။ မှင်စာလေးက အရုပ်ကလေးတစ်ရုပ်ကဲ့သို့ ဖြစ်နေ၏။ ခုန်ပေါက်ရှောင်တိမ်းရင်း သေးငယ်သော လက်သီးလေးနှစ်လုံးဖြင့် ပြန်လည်တိုက်ခိုက်နေသည်။

ယင်ကျင်းနှင့်မေနန်းတို့ကား ကြောက်ကြောက်လန့်လန့်ဖြင့် နောက်ဆုတ်လိုက်ကြလေသည်။

မှင်စာလေးနှင့် ရွှေကျုံးတို့သည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် ထိခိုက်အောင် တိုက်ခိုက်နိုင်ကြခြင်း မရှိသေးချေ။ ထိမိခိုက်မိလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ချက်ချင်းအသက်ပျောက်သွားမည်မှာ သေချာလှပေတော့သည်။

ယင်ကျင်းသည် ပြင်းထန်သော တိုက်ပွဲကိုကြည့်ရင်း မှင်စာလေးအတွက် စိုးရိမ်လာလေသည်။ မေနန်းက ...

"ရှင် သွားကူလိုက်ပါလား"

ဟု ပြောလာသည်။ ယင်ကျင်းသာ ဝင်ရောက်ကူညီလိုက်လျှင် ရွှေကျိုးအား အမြန်ဆုံး အနိုင်ရလိမ့်မည်ဟု သူမ ယုံကြည်ထားပုံ ရှိလေသည်။

ယင်ကျင်းက ရှေ့သို့လှမ်းထွက်လိုက်ပြီး ကပျာကယာ ခြေလှမ်းရပ်လိုက်လေသည်။ မေနန်းက ...

"ရှင် ဘာဖြစ်လို့လဲ"

ယင်ကျင်း ထိတ်လန့်နေသည်။

"ကျုပ် ... ကျုပ်သွားလို့ ဖြစ်ပါ့မလား"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ရှင်တို့နှစ်ယောက် တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြရင် ရောဘီလူးရွှေကျိုးတို့ အနိုင်ရမှာ သေချာပါတယ်ရှင်"

"ကျုပ်က"

ယင်ကျင်းသည် ယှဉ်ပြိုင်တိုက်ပွဲဝင်ရန် မဆိုထားနှင့် ငယ်စဉ်ကပင် ရန်ဖြစ်ခဲ့ဖူးသူတစ်ယောက် မဟုတ်ပါချေ။ ထို့ကြောင့် ဝင်ရောက်တိုက်ခိုက်ရန် တွေး၍မရအောင် ဖြစ်နေ၏။



ယင်ကျင်း ငူငူကြီးရပ်နေရာ ...

"ရှင် ဘာဖြစ်နေတာလဲ"

မေနန်းက အော်လိုက်လေသည်။ ထိုစဉ် ...

"အမယ်လေးဗျ"

မှင်စာလေး၏အထိတ်တလန့်အော်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်ကျင်း လှည့်ကြည့်လိုက်သောအခါ ရွှေကျိုး၏လက်ချက်ကြောင့် မှင်စာလေး၏မုတ်ဆိတ်မွေးအချို့ ပြတ်သွားကာ ကြက်မွေးများပမာ လေထဲပလူပျံသွားသည်ကို တွေ့လိုက်ရ၏။

မှင်စာလေးသည် ဆက်လက်တိုက်ခိုက်ရန် မဝံ့ရဲတော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ ရွှေကျိုးက ...

"လူစဉ်မမီတဲ့လူ ... ဘယ်ပြေးမလဲ"

ဟု အော်ငေါက်ကာ မှင်စာလေးနောက်သို့ လိုက်လံတိုက်ခိုက်လေသည်။ မှင်စာလေးသည် သစ်ပင်များကို လှည့်ပတ်ပြေးလွှားရင်း ယင်ကျင်းအနီးသို့ ရောက်ရှိလာလေသည်။

"ယင်ကျင်း ... လုပ်ပါဦးကွ"

ဟုလည်း အော်ပြောလိုက်လေသည်။ ယင်ကျင်း ကပျာကယာ နောက်ဆုတ်ဖို့ ဟန်ပြင်လိုက်၏။ ထိုအချိန်မှာပင် ...

"သေပေတော့"

ရွှေကျိုးသည် အနီးသို့ရောက်ရှိလာပြီး တိုက်ခိုက်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ မှင်စာလေးက ယင်ကျင်းအား အကာအကွယ်ယူလိုက်သလို ရှိနေခြင်းကြောင့်လည်းကောင်း၊ ယင်ကျင်းက မှင်စာလေးရှေ့၌ မားမားမတ်မတ်ရပ်ကာ အကာအကွယ်ပြုထားသကဲ့သို့ ရှိနေခြင်းကြောင့်လည်းကောင်း ...

"ယား"

ရွှေကျုံးသည် ယင်ကျင်းအား တိုက်ခိုက်လိုက်လေတော့သည်။ ယင်ကျင်း ထိတ်လန့်သွားသည်။

"အမယ်လေးဗျ"

စူးစူးဝါးဝါး အော်ဟစ်ကာ လက်နှစ်ဖက်ဖွေ့ယမ်းပြီး ကာထားလိုက်၏။ မျက်လုံးအစုံလည်း မှိတ်ထားလိုက်လေသည်။

ရွှေကျုံး၏တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်တော့မည်ဟု မှတ်ကာ မျက်လုံးမှိတ်ပြီး လက်ကာလိုက်ခြင်းဖြစ်သော်လည်း သူ၏ လက်နှစ်ဖက်ကို ဖွေ့ယမ်းလိုက်သောအခါ ...

'ဟူး'

ပြင်းထန်သော လေပွေလှိုင်းတစ်ခုဖြစ်ပေါ်လာကာ ရွှေကျုံးထံသို့ တိုးဝင်သွားလေတော့သည်။ ရွှေကျုံးမှာ ရှေ့တိုး၍မရအောင် ပြင်းထန်သောအင်အားကြီးတစ်ခုက ဟန့်တားလိုက်သကဲ့သို့ ဖြစ်သွားသည်သာမက တအားရိုက်ထုတ်လိုက်ခြင်း ခံရလေသောကြောင့် ...

'ဝုန်း'

"အား"



စူးရှကျယ်လောင်စွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားလေသည်။ ရွှေကျုံး ကံဆိုးသည်မှာ မလှမ်းမကမ်းရှိ ကျောက်တုံးကြီးတစ်တုံးနှင့် ဝင်ဆောင့်မိလိုက်သလို သူ၏လက်ထဲမှ ငါးမန်းစွယ်သည် သူ၏ဝမ်းဗိုက်၌ ပြန်လည်ထိုးစိုက်မိသွားခြင်းဖြစ်သည်။

ကန်ကျောက်ခံလိုက်ရသဖြင့် လိမ့်သွားသည့် စဥ့်အိုးတစ်ခု ကျောက်တုံးနှင့်ဝင့်ဆောင့်မိပြီး ကွဲသွားသည်နှင့်ပင် တူနေတော့သည်။ ရွှေကျုံးသည် မမျှော်လင့်ဘဲ အရှုံးကြီးရှုံးသွားလေတော့သည်။

*

ရွှေကျုံးသည် မြေပေါ်တွင် မှောက်လျက်လဲကျနေ၏။ သူ၏ခန္ဓာကိုယ်မှ စီးကျလာသော သွေးများကား မြေပေါ်၌ စွန်းထင်းပေကျံသွားသည်။

ရွှေကျုံး အသက်ပျောက်နေပြီ ဖြစ်ပါသည်။ ယင်ကျင်းသည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်နေ၏။ ထိုစဉ် ...

"ဟေး ... တို့အနိုင်ရပြီကွ"

မှင်စာလေး၏ ဝမ်းသာအားရ အော်ဟစ်လိုက်သောအသံထွက်ပေါ်လာလေသည်။ မေနန်းလည်း ဝမ်းသာအားရဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ယင်ကျင်းအနီးသို့ ရောက်ရှိလာကြလေသည်။ မှင်စာလေးသည် မြေပေါ်တွင် ခုန်ပေါက်ရင်း ...

"ယင်ကျင်း ... မင်း သိပ်တော်တယ်၊ ရေဘီလူးကို မင်း ဆုံးမလိုက်ပြီပေါ့"

ဟု ပြောလေသည်။ မေနန်းက ...

"ရှင်ဟာ သူရဲကောင်းတစ်ယောက်ပါပဲ"

ဟု ချီးကျူးလိုက်လေသည်။ ယင်ကျင်းသည် သေဆုံးနေသော ရွှေကျိုးကို ငူငူကြီးကြည့်နေ၏။

မှင်စာလေးနှင့် မေနန်းတို့က ဝိုင်းဝန်းချီးကျူးလိုက်ကြသော အခါ ဝမ်းသာဂုဏ်ယူရမည့်အစား ရုတ်တရက် မြေပေါ်ထိုင်ချကာ တဟီးဟီး ငိုကြွေးလိုက်လေတော့သည်။

*

ယင်ကျင်းသည် မြေပေါ်တွင် ခြေဆင်းထိုင်ကာ ငိုကြွေးနေလေသည်။ မှင်စာလေးနှင့် မေနန်းတို့ အံ့သြသွားကြလေသည်။ မှင်စာလေးက ...

"မင်း ဘာဖြစ်လို့ ငိုနေရတာလဲ"

ဟု မေးလေသည်။ ယင်ကျင်းက ...



"ကျွန် ... ကျွန်တော့်ကြောင့် လူတစ်ယောက် သေသွားပြီဗျ"

ဟု ပြောလေသည်။ မှင်စာလေးက ...

"ဘာ ... မင်းက ရွှေကျိုးသေသွားတာကြောင့် ဝမ်းသာပြီး ငိုကြွေးနေတာလား"

"ဟုတ်တယ်"

'ဟား .. ဟား .. ဟား'

မှင်စာလေးက ရယ်မောလိုက်လေသည်။ ယင်ကျင်း မကျေမနပ်ဖြစ်သွားပြီး ...

"ဘာဘာက ဘာရယ်တာလဲ"

ဟု အော်လိုက်သည်။ မှင်စာလေးက ...

"သဘောကျလို့ပေါ့ကွ"

"ဗျာ ... လူတစ်ယောက် သေသွားတာ သဘောကျစရာလား"

"အေး ... မင်းကတော့ ကိုယ်နဲ့နှိုင်းပြီး ပြောတာကိုး ... တကယ်ဆိုရင် ရွှေကျိုးလိုလူစားမျိုးဟာ လူတစ်ယောက်လို့ သတ်မှတ်ဖို့ ခက်ခဲတဲ့လူတစ်ယောက်ပဲ"

ယင်ကျင်းက ...

"လူတစ်ယောက်လို့ သတ်မှတ်ဖို့ခက်တာ သူက တိရစ္ဆာန်မို့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မေနန်းက ကြားဝင်ပြောလာလေသည်။

"သူဟာ တိရစ္ဆာန်ထက်တောင် ဆိုးပါသေးတယ်ရှင်"

ယင်ကျင်းက သူမအား မျက်လုံးလှန်ကြည့်လိုက်လေသည်။ မေနန်းက ...

"ရွှေကျုံးဟာ လူဆိုးဓားပြတစ်ယောက်ပါ၊ လူသတ်၊ ဓားပြတိုက်၊ သူတစ်ပါး သားပျိုသမီးပျိုကိုဖျက်ဆီး၊ သူ့ကြောင့် မျက်ရည်ပေါက်ကြီးငယ်ကျရသူတွေ၊ သေဆုံးသွားရသူတွေ ရေတွက်လို့တောင် ကုန်နိုင်မှာမဟုတ်ပါဘူးရှင်"

ဟု ရှင်းပြလေသည်။ မှင်စာလေးက ...

"ဒီလိုလူစားမျိုး ဆက်ပြီး အသက်ရှင်နေရင် ဒုက္ခရောက်မယ့်လူ ဘယ်နှယောက်များလာဦးမလဲဆိုတာ တွေးကြည့်ပါလား၊ ပြီးတော့ သူက တို့ကိုသတ်ပစ်ဖို့ကြိုးစားခဲ့တယ်၊ မင်းက သူ့ကို ဒုက္ခရောက်သွားအောင် တမင်ရည်ရွယ်တာမဟုတ်ဘဲ သူ့ရဲ့လက်ချက်နဲ့ ဒုက္ခမရောက်အောင် ကာကွယ်ရင်း ခုလိုဖြစ်သွားတာ မဟုတ်လား၊ ကဲ ... သူသာ အသက်ရှင်နေကြည့်စမ်း၊ မင်းတို့ ငါတို့ ခုလို နေလို့ရပါတော့မလား"

ယင်ကျင်း ငိုင်သွားသည်။ မေနန်းက ...

"ဟုတ်ပါတယ် ... ရွှေကျုံး သေဆုံးသွားတဲ့အတွက် အားလုံးက ဝမ်းသာနေကြမှာပါ၊ ရှင် မယုံရင် ကျွန်မတို့ရွာကို လိုက်ခဲ့ပါ၊ လူတွေက ရှင့်ကို အပြစ်တင်မလား၊ ချီးကျူးမလား၊ ရှင် လက်တွေ့



သိရပါလိမ့်မယ်"

ယင်ကျင်းမှာ မည်သို့သောလူငယ်တစ်ယောက်ဖြစ်ကြောင်း မှင်စာလေး နားလည်ထားလေသည်။

အတွေ့အကြုံမရှိသူ၊ စိတ်ထားကောင်းသူ၊ မကောင်းမှု ဒုစရိုက်ကို ရှောင်ကြဉ်သူ၊ ကြင်နာသနားတတ်သူမဟုတ်ပါလား။

သူတို့က ရှင်းပြနေရုံဖြင့် ယင်ကျင်း နားလည်သဘောပေါက်ဖို့ ရုတ်တရက် မလွယ်မှန်း ရိပ်မိသည်။

ထို့ကြောင့် လက်တွေ့ပြရန် ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ် ... တို့ဟာ ဒီမိန်းကလေးကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးဖို့ တာဝန်ရှိတယ်၊ ကဲ ... ထသွားကြရအောင်"

ဟု ပြောလိုက်လေသည်။

ယင်ကျင်း စိတ်ထိခိုက်နေသည့်တိုင် တစ်ယောက်တည်း နေရစ်ခဲ့လို့ မဖြစ်နိုင်သဖြင့် ထိုင်ရာမှ မထ ချင်ထချင် ထလိုက်ရသည်။

ထို့နောက် ... မြေပေါ် လဲကျနေသည့် ရွှေကျုံး၏အလောင်းကို မကြည့်မိအောင် သတိထားပြီး နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် မှင်စာလေးတို့နောက်သို့ လိုက်သွားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## လူတော့လူပါ

ဝမ်ပါကျေးရွာ ...။

ဝမ်ပါကျေးရွာသည် အိမ်ခြေတစ်ရာကျော်မျှရှိသော ကျေးရွာတစ်ခုဖြစ်သည်။

ကျေးရွာသူကျေးရွာသားများသည် လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ အမဲလိုက်လုပ်ငန်း၊ တံငါလုပ်ငန်း၊ တောထွက်ပစ္စည်းရှာဖွေရောင်းချသည့်လုပ်ငန်း စသည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရင်း အေးချမ်းစွာ နေထိုင်ခဲ့ကြပေသည်။

ဝမ်ပါရွာကလေး၏ အေးချမ်းသာယာမှုကို ရေဘီလူးရွှေကျိုးက ဖျက်ဆီးပစ်ခဲ့သည်။ ရွှေကျိုးသည် လာရောက်လုယက်တိုက်ခိုက်သည်။ မိန်းကလေးများအား ဖမ်းဆီးခေါ်ဆောင်သွားသည်။

ရွှေကျိုး၏လုပ်ရပ်ကြောင့် ဝမ်ပါကျေးရွာမှ လူများ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရ၊ ကျီးလန့်စာစားဘဝသို့ ရောက်ခဲ့ရလေသည်။

မကြာသေးမီက တံငါသည် မေအောက်ရွာကို အကျပ်ကိုင်ကာ သမီးဖြစ်သူ မေနန်းအား သူနှင့်လက်ထပ်ပေးရမည်ဟု ရွှေကျိုးက တောင်းဆိုခဲ့လေသည်။



မေနန်းသည် ဝမ်ပါရွာ၏ ကွမ်းတောင်ကိုင် အလှမယ်လေးဖြစ်ပါသည်။ မေနန်းတို့သားအဖအတွက် တစ်ရွာလုံး စိတ်မကောင်းဖြစ်ခဲ့ရလေသည်။ မျက် ရည်လည်ရွဲဖြစ်နေသော မေအောက်ရွယ်ကို အားလုံးက ဝိုင်းဝန်းဖျောင်းဖျရသည်။

ထိုအချိန်တွင် မေနန်းသည် ဘေးမသီရန်မခဘဲ ရွာသို့ ပြန်လည်ရောက်ရှိလာလေသည်။ ရေဘီလူးရွှေကျိုး သေဆုံးသွားပြီဟူသော သတင်းကိုလည်း သယ်ဆောင်လာလေသည်။

ရွှေကျိုးအား သူရဲကောင်းနှစ်ယောက်က သုတ်သင်လိုက်ခြင်းဖြစ်ပြီး မေနန်းက ဂုဏ်ပြုရန် ခေါ်ဆောင်လာသည်ဟု သတင်းကြားရသောအခါ တစ်ရွာလုံး ဝမ်းသာအားရဖြစ်သွားကြလေသည်။

လူဆိုးကြီး ရွှေကျိုးအား ချေမှုန်းသုတ်သင်လိုက်ခြင်းသည် ဝမ်းပါကျေးရွာတစ်ရွာလုံးအား ကယ်တင်လိုက်ခြင်းဖြစ်သည်ဟု သဘောထားကြလေသည်။

ထို့ကြောင့် ... ရွာသူရွာသားများသည် သူရဲကောင်းနှစ်ယောက်အား ကျေးဇူးတင်စကားပြောရန်နှင့် လက်ဆောင်ပစ္စည်းများပေးအပ်ရန် မေနန်း၏အိမ်သို့ စုရုံးရောက်ရှိလာကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံအသံများ ထွက်ပေါ်နေ၏။ ရယ်သံများ၊ နှုတ်ဆက်သံ၊ ကြိုဆိုဖိတ်ခေါ်သံများလည်း အတိုင်းသား ကြားနေရသည်။

ယင်ကျင်းနှင့် မှင်စာလေးတို့သည် မေနန်း၏အိမ်၌ ရောက်ရှိနေကြပြီး သီးသန့်အခန်းတစ်ခုအတွင်း၌ ထိုင်နေကြ၏။ သူတို့ ခရီးပြင်းနှင်လာခဲ့ရာ နေဝင်ခါနီးမှ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

မေနန်း၏ဖခင် မေအောက်ရွယ်သည် ယင်ကျင်းတို့အား ဂုဏ်ပြုကျွေးမွေးရန် ချက်ချင်း စီစဉ်ချက်ပြုတ်ခဲ့သည်။ မေနန်းက လာရောက်သတင်းမေးသူများအား ဧည့်ခံနေရသဖြင့် မအားမလပ်နိုင်အောင် ဖြစ်နေ၏။

သီးသန့်ခန်းအတွင်း၌ ယင်ကျင်းနှင့်မှင်စာလေးတို့ နှစ်ယောက်သာလျှင် ရှိကြလေသည်။ စားပွဲပေါ်တွင် ဖယောင်းတိုင်ကြီးသုံးတိုင် ထွန်းညှိထားသဖြင့် လင်းလင်းကျင်းကျင်းဖြစ်နေပါသည်။ အရက်တစ်အိုးနှင့် ငါးကြော်များလည်း ရှိနေသည်။

မှင်စာလေးက အရက်သောက်လိုက်၊ ငါးကြော်မြည်းလိုက်ဖြင့် ဟန်ကျနေသော်လည်း ယင်ကျင်းက ငိုင်နေ၏။ သေဆုံးသွားသော ရွှေကျိုး၏ပုံရိပ်သည် သူ၏မျက်လုံးထဲမှ မထွက်နိုင်အောင် ရှိနေ၏။ မှင်စာလေးက ...

"ယင်ကျင်း ... မင်း နားထောင်စမ်း ... အပြင်ဘက်မှာ ပြောဆိုနေကြတဲ့ စကားသံတွေကို မင်း ကြားတယ်မဟုတ်လား"



ဟု မေးလေသည်။ ယင်ကျင်းက ...

"ဟုတ်ကဲ့ ... ကြားပါတယ်"

မှင်စာလေးက ...

"သူတို့က မင်းကို အပြစ်တင်နေကြသလား၊ ချီးကျူးနေကြသလား"

ယင်ကျင်း ဘာမှမပြောဘဲ နေလိုက်လေသည်။ မှင်စာလေးက ...

"လူတိုင်းက မင်းကို သူရဲကောင်းလေးတစ်ယောက်လို့ ချီးကျူးနေကြပြီ၊ အဲဒါ ဘာကြောင့်လဲ"

ယင်ကျင်း ငြိမ်နေဆဲ။ မှင်စာလေးက ...

"ခွန်အားကြီးတဲ့လူက ငယ်တဲ့လူအပေါ် အနိုင်ကျင့်မယ်၊ ချမ်းသာကြွယ်ဝသူက ဆင်းရဲနွမ်းပါးသူအပေါ် အမြတ်ထုတ်မယ်၊ သိုင်းပညာတတ်တဲ့လူက မတတ်တဲ့လူအပေါ် ဗိုလ်ကျစိုးမိုးမယ်၊ မင်းဟာ လူအများနဲ့ တွေ့ဆုံဆက်ဆံခဲ့ရတဲ့ မြင်းလှည်းသမားဘဝမှာ ကျင်လည်ခဲ့တာပဲ မဟုတ်လား၊ မတရားမှုတွေဟာ မြင်ရတဲ့နေရာမှာရော၊ မမြင်ကွယ်ရာမှာရော ရှိနေတာကို မင်းသိမှာပါ"

ယင်ကျင်း သက်ပြင်းချလိုက်လေသည်။ မှင်စာလေး၏ စကား မှန်ကန်နေပါသည်။ မကောင်းသူများ၊ မသမာသူများ၊ ဆိုးသွမ်းသူများသည် နေရာအနှံ့၌ ရှိနေ၏။ မှင်စာလေးက ...

"အေး ... သာမန်လူတွေထက် သိုင်းသမားဆိုးတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးကြောက်စရာကောင်းတယ်၊ သူတို့ဟာ သိုင်းပညာတတ်ထားတော့ ပညာအားကိုးနဲ့ ဘယ်သူ့ကိုမှ မမှုကြတော့ဘူး၊ လုပ်ချင်ရာလုပ်တယ်၊ ထင်ရာစိုင်းကြတယ်၊ သူတို့ကို ဟန့်တားနိုင်ဖို့လည်း မလွယ်ဘူးမဟုတ်လား၊ ဒါကြောင့် သိုင်းလောကမှာတောင် မကောင်းတာလုပ်ခဲ့တဲ့ အနက်ရောင်သိုင်းသမားနဲ့ ကောင်းတာလုပ်တဲ့ အဖြူရောင်သိုင်းသမားဆိုပြီး ကွဲပြားခဲ့တာပေါ့"

ယင်ကျင်းက ငိုင်နေဆဲ။ မည်သို့ဆိုစေ မှင်စာလေးပြောသည့် စကားများအား အလေးအနက်ထားကာ နားထောင်နေကြောင်း ထင်ရှားလေသည်။ မှင်စာလေး အားတက်လာလေသည်။

"ရေဘီလူးရွှေကျုံးဟာ အနက်ရောင်သိုင်းသမား တစ်ယောက်ပဲဖြစ်တယ်၊ သူ့ကို ဆုံးမနိုင်လိုက်တာ အများသူငါ ဝမ်းသာစရာပဲ၊ မင်းရဲ့စိတ်ထဲမှာ ဘာမှကြောင့်ကြနေစရာမလိုဘူး၊ အားလုံးက မင်းရဲ့လုပ်ရပ် မှန်ကန်တယ်လို့ တညီတညွတ်တည်း ထောက်ခံနေကြတာတောင်မှ မင်းကိုယ်မင်း မှားပြီလို့ ယူဆနေတုန်းပဲလား"

ယင်ကျင်းက ...

"ကျွန်တော့်ပယောဂကြောင့် သူသေသွားရတာ၊ အဲဒါ"

သူ၏စကားမဆုံးမီ မှင်စာလေးက ကြားဖြတ်ပြောလိုက်လေသည်။

"ပယောဂကြောင့်ထက် သုတ်သင်ရှင်းလင်းပစ်ဖို့ ကြိုးစားအားထုတ်သင့်သေးတယ်ဆိုရင်ရော"



ယင်ကျင်း ငြိမ်ကျသွားလေသည်။ မှင်စာလေးက ...

"ယင်ကျင်း ... လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်က ငါဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တယ်၊ ကောင်းတာဆိုးတာ ဂရုမထားဘဲ ငါ့စိတ်ထဲ ထင်ရာလုပ်ခဲ့တယ်၊ ငါ့ရဲ့လုပ်ရပ်တွေဟာ ကောင်းတာရှိသလို မကောင်းတာတွေလည်း ရှိခဲ့တယ် ...၊

အထူးသဖြင့် ငါဟာ လူစဉ်မမီတဲ့ လူပုလေးတစ်ယောက်ဖြစ်ပြီး ငါ့ရဲ့ရုပ်သွင်ဟာ ဘီလူးသရဲလို ကြောက်စရာကောင်းနေတာလို့ ကဲ့ရဲ့လှောင်ပြောင်ရင်၊ အမနာပပြောရင် ဆတ်ဆတ်ထိမခံနိုင်အောင် ဖြစ်ခဲ့ပြီး တိုက်ခိုက်ပစ်ဖို့ ကြိုးစားခဲ့တာချည်းပဲ ...၊

ဒါကြောင့် သိုင်းလောကမှာ ငါကျင်လည်နေစဉ်က ရန်သူများခဲ့တယ်၊ ငါနဲ့ပြိုင်ဘက်ဖြစ်လာသူတွေအပေါ် အနိုင်ယူချင်ဇောနဲ့ သိုင်းလောကရဲ့ ဒဏ္ဍာရီတစ်ပုဒ်လို ဖြစ်နေတဲ့ မရဏတောင်ကြားကို မရမနေ ရှာဖွေခဲ့တာပဲ"

အဘယ်ကြောင့် မရဏတောင်ကြားသို့ မှင်စာလေးရောက်ရှိခဲ့ရသည့်အဖြစ်ကို ယင်ကျင်း သိလိုက်ရလေသည်။ မှင်စာလေးက ဆက်ပြောသည်။

"ငါဟာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ နန်းတွင်းစာပေပညာရှင်ကြီး 'ဟိုစွမ်း'ရဲ့တပည့်ဖြစ်ခဲ့တယ်၊ ဆရာကြီးဆီက စာပေပညာနဲ့ သိုင်းပညာကို သင်ယူခဲ့တယ်၊ ဆရာကြီးနဲ့ နေရင်း အတွေ့အကြုံတို့ သုတတွေ အများကြီးရခဲ့တယ်၊ မရဏတောင်ကြားအကြောင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးပြောပြလို့ သိခဲ့ရတာ၊ ဆရာကြီးဟာ ရှေးဟောင်း ပေပုရပိုက်တွေထဲမှာ မရဏတောင်ကြားအကြောင်းကို ဖတ်ရှုလေ့လာခဲ့ရလို့ ငါ့ကို တစ်ဆင့်ပြန်ပြောပြခဲ့တာပဲ ...၊

အစကတော့ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်လိုပဲ ငါ သဘောထားခဲ့တာ၊ ဆရာကြီးကွယ်လွန်သွားပြီး ငါလည်း သိုင်းလောကထဲရောက်လာမှ ငါ့ရဲ့ရုပ်သွင်ကြောင့် ပြဿနာတွေဖြစ်၊ အပြိုင်ဖြစ်လာသူတွေအပေါ် ကျော်ဖြတ်ချင်တာ၊ မမျှော်လင့်ဘဲ မရဏတောင်ကြားနဲ့ပတ်သက်တဲ့ သဲလွန်စတစ်ခုရခဲ့ရာက ဆိုက်ဆိုက်မြိုက်မြိုက် အရောက်သွားနိုင်ခဲ့တာပေါ့ ...၊

နောက်ပိုင်းတော့ မိစ္ဆာမယ်နဲ့ ကြွက်ပျင်းက ငါ့ကို သစ္စာဖောက်ခဲ့တယ်၊ ဒါတွေကို မင်းသိသလောက် သိပြီးပါပြီလေ၊ အခွင့်အခါသင့်ရင် ငါရှင်းပြပါဦးမယ်၊ အခု ငါပြောချင်တာက မင်းဟာ သာမန်လူတစ်ယောက် မဟုတ်တော့ဘူးဆိုတာပဲ”

ယင်ကျင်းက ...

“ကျွန်တော် ဒုက္ခရောက်နေတာပဲ မဟုတ်လား”

ဟု ညည်းတွားလိုက်လေသည်။ မှင်စာလေးက ...

“ဒုက္ခရောက်တယ်ထင်ရင်တော့ ဒုက္ခရောက်တာပေါ့၊ ငါ့အမြင်တော့ မင်းရဲ့ဘဝဟာ အောင်မြင်မှုအထွတ်အထိပ်ရောက်လာတဲ့အချိန်ပဲ”

“ဗျာ”



ယင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ သူ၏အယူအဆနှင့် မှင်စာလေး၏အယူအဆမှာ ဆန့်ကျင်ဖက်ဖြစ်နေသည် မဟုတ်ပါလား။ မှင်စာလေးက ဆက်ပြောလေသည်။

“မင်းဟာ ဘယ်လိုမှမမျှော်လင့်နိုင်တဲ့ အာယုဒိဗ္ဗသစ်သီးကို စားသုံးခဲ့ရတယ်၊ လောကပေါ်မှာ ခွန်အားအကြီးမားဆုံးသူတစ်ယောက် ဖြစ်လာတယ်၊ တကယ်လို့သာ မင်းဟာ သိုင်းပညာတတ်မြောက်ခဲ့မယ်ဆိုရင် မင်းကိုယှဉ်နိုင်မယ့်သူ ရှိတော့မှာမဟုတ်ဘူး၊ ပြိုင်ဘက်ကင်းတဲ့ သိုင်းထိပ်သီးတစ်ယောက် ဖြစ်လာမှာပဲ”

“ဗျာ”

ယင်ကျင်းကား အံ့သြခြင်းမက အံ့သြနေပါတော့သည်။ မှင်စာလေးက ...

“သိုင်းလောကမှာ သိုင်းပညာရပ်အသီးသီးရှိနေကြပေမယ့် ယေဘူယျသဘောတော့ သဘာဝတရားကို အခြေခံပြီး တီထွင်ထားကြတာပဲ၊ လူတွေရဲ့ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းတွေ လှုပ်ရှားမှု၊ တိရစ္ဆာန်တွေရဲ့သဘာဝ၊ တောတောင်ရေမြေတွေရဲ့အခြေခံအကြောင်းတရား၊ လောကသဘာဝတရားကို အခြေခံပြီး စိတ်ကူးသန်ရာ ဉာဏ်ကွန့်ပြီး တီထွင်ခဲ့ကြတာချည်းပဲဖြစ်တယ်၊

သိုင်းပညာရပ်အသီးသီးရဲ့ စွမ်းရည်ထက်မြက်မှုကို အဓိကအထောက်အကူပြုတာကတော့ ခွန်အားပဲ၊ ခွန်အား နှစ်မျိုးရှိတယ်”

ယင်ကျင်းသည် မှင်စာလေးအား ငေးကြည့်နေသည်။ မှင်

www.burmeseclassic.com

www.burmeseclassic.com



စာလေးပြောသော စကားများသည် စိတ်ဝင်စားဖွယ်ကောင်းနေသည် မဟုတ်ပါလား။ သူ တစ်ကြိမ်တစ်ခါမှ မကြားဖူးခဲ့သော သိပ္ပံလောကနှင့် သိပ္ပံပညာ၏သဘောတရားများကို သိလာရခြင်း ဖြစ်လေသည်။

မှင်စာလေးကလည်း ယင်ကျင်း စိတ်ဝင်စားနေမှန်း သိရှိ၍ စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။

"ခွန်အားကို နှစ်မျိုးနှစ်စား ပိုင်းခြားလို့ရတယ်၊ ပထမတစ်မျိုးကတော့ အပြင်အားပဲ၊ ခွန်အားဗလကောင်းတာကို လူတိုင်း သိထားတတ်တယ်၊ တချို့ လူသန်ကြီးတွေကို ကြည့်ပါ၊ ဘယ်လောက်အားကောင်းသလဲ၊ သူများမ,မနိုင်တဲ့ အလေးအပင်တွေကို လွယ်လွယ်လေးနဲ့ မ,နိုင်တယ်"

ယင်ကျင်းက ...

"ဟုတ်တယ် ... ကျွန်တော်ကရော အဲဒီလိုမျိုးပဲလား"

ဟု မေးလိုက်သည်။ မှင်စာလေး လက်ကာပြလိုက်လေသည်။

"နေဦး ... နောက်တော့ ငါပြောမယ်၊ အခု ဒုတိယခွန်အားအမျိုးအစားကို ရှင်းပြမယ်၊ ဒုတိယအမျိုးအစားဟာ အတွင်းအားလို့ခေါ်တယ်၊ သာမန်လူတွေထက် သိပ္ပံလောကသားတွေဟာ အတွင်းအားအကြောင်းကို ပိုသိကြတယ် ...၊

လူတိုင်း ခန္ဓာကိုယ်ထဲမှာ မမြင်ရတဲ့စွမ်းအားတွေ ရှိနေ



တယ်၊ အဲဒီစွမ်းအားတွေကို ပြင်ပက အထောက်အပံ့ပစ္စည်းနဲ့ဖြစ်စေ၊ လေ့ကျင့်မှုနဲ့ဖြစ်စေ တိုးပွားလာအောင်ပြုလုပ်ပြီး အသုံးပြုတယ်၊ ကိုယ်တွင်းစွမ်းအားကို လိုသလို ထိန်းချုပ်ဖော်ထုတ်အသုံးပြုနိုင်တဲ့ ပညာကို အတွင်းအားပညာလို့ ခေါ်တယ်"

ယင်ကျင်းသည် မိမိ၏ခြေလက်များကို ပြန်ပြီးငုံ့ကြည့်လိုက်မိ၏။ မှင်စာလေးသည် ယင်ကျင်း၏အတွေးကို သိနေသည့်အလား ပြုံးလိုက်လေသည်။

"ဘာလဲ ... မင်းဟာ လူသန်ကြီးတွေလို ခန္ဓာကိုယ်ထွားကျိုင်းသန်မာခြင်းမရှိဘဲ ဘာကြောင့်သန်စွမ်းနေရသလဲ တွေးနေတာ မဟုတ်လား"

ယင်ကျင်းက ...

"ဟုတ်ပါတယ်"

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေသည်။ မှင်စာလေးက ...

"အေး ... မင်းဟာ အာယုဒိဗ္ဗသစ်သီးကို စားသုံးခဲ့ရတာကြောင့် ခုလိုသန်စွမ်းနေတာပဲ၊ မင်းရဲ့ခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ အင်အားတွေကို လိုသလိုထိန်းချုပ် ဖော်ထုတ်အသုံးချနိုင်မယ်ဆိုရင် ဘယ်လိုနေမလဲ၊ မင်းဟာ သိပ္ပံပညာပါ တတ်မြောက်ထားမယ်ဆိုရင် ဘယ်လိုနေမလဲ၊ ကဲ ... တွေးကြည့်လို့ရပြီလား"

ယင်ကျင်းမှာ မှင်စာလေးဆိုလိုသည့် သဘောတရားကို တဖြည်းဖြည်းနားလည်သဘောပေါက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာလေးက ...

"သိုင်းသမားဆိုတာ သာမန်လူတစ်ယောက်ထက် ပိုပြီး အရည်အချင်းမြင့်မားတဲ့သဘောရှိတယ်၊ ကိုယ်တတ်ထားတဲ့ပညာနဲ့ မကောင်းသူပယ် ကောင်းသူကယ်နိုင်မယ်၊ အများကောင်းကျိုး ဆောင်ရွက်နိုင်မယ်၊

ကဲ ... မင်းစဉ်းစားကြည့်ပါ၊ သာမန်မြင်းလှည်း သမားဘဝနဲ့ တစ်သက်လုံး နေသွားမလား၊ အခွင့်အရေးပေးတုန်း ရတဲ့အခွင့်အရေး ကို အသုံးချပြီး သိုင်းသမားဖြစ်အောင် ကြိုးစားသွားမလား"

ဟု မေးလေသည်။ ယင်ကျင်းက ...

"ကျွန်တော့်ကို သိုင်းသမားလုပ်ဖို့ ဦးက ပြောနေတာလား ဗျာ"

ဟု ပြန်မေးလိုက်လေသည်။ မှင်စာလေးက ...

"မင်းဟာ အတွင်းအား လုံးဝမရှိတဲ့ မြင်းလှည်းသမားလေး ဆိုရင် ငါ မပြောပါဘူး၊ အခု ဒီလိုမဟုတ်တော့ဘူးလေ"

ယင်ကျင်းသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ သက်ပြင်း ချကာ ...

"သိုင်းသမားလုပ်ဖို့ ကျွန်တော် စိတ်မပါပါဘူးခင်ဗျာ"

ဟု ပြောလိုက်လေသည်။ ထိုစကားကြားလျှင် မှင်စာလေး စိတ်ပျက်သွားလေတော့သည်။ စိုးရွံ့အားငယ်တတ်သော ယင်ကျင်း အား တွဲတိုးပြောပြသိမ်းသွင်း၍ ရနိုင်မည်မဟုတ်ကြောင်း ရိပ်မိ



လိုက်သည်။ ထို့ကြောင့် ...

"အေးလေ ... မင်းက သိုင်းသမား မလုပ်ချင်ဘူးဆိုရင် လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ တစ်ခုတော့ရှိတယ် ... တို့တစ်တွေ လက် ဗလာသမားတော်ကို လိုက်ရှာတဲ့အခါ ရေဘီလူး ရွှေကျုံးလိုလူမျိုး တွေနဲ့ ထပ်ပြီးမတွေ့ရဘူးလို့ မပြောနိုင်ဘူး ...၊

ဒီတော့ အန္တရာယ်နဲ့ကြုံလာရင် ငါက မင်းကို အကာအကွယ် ပေးနိုင်မယ်လို့ အာမခံ နိုင်ဘူး၊ မင်းကိုယ်မင်း ကာကွယ်နိုင်အောင် ရှောင်တိမ်းနိုင်အောင် သတိတော့ထားမှဖြစ်မယ်"

ဟု ပြောလိုက်သည်။ မှင်စာလေးက ...

"အေး ... မင်းကိုယ်မင်း လွတ်အောင်ရှောင်နိုင်ဖို့ ကာ ကွယ်နိုင်ဖို့ ငါ အကြံပေးမယ်၊ ဥပမာ လူဆိုးက မင်းကို လက်သီးနဲ့ ထိုးတယ်ဆိုပါတော့"

ပြောရင်း အားမလိုအားမရဖြစ်လာသည့်အလား စားပွဲပေါ် သို့ တက်ထိုင်လိုက်လေသည်။ ထိုအခါမှ ယင်ကျင်းနှင့် အရွယ်ချင်း ညီမျှကာ မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွားလေတော့သည်။

မှင်စာလေးသည် ခြေဟန်လက်ဟန်ဖြင့် မည်သို့ရှောင်တိမ်း ရမည်၊ မည်သို့ခုခံရမည်ကို ရှင်းပြလေသည်။

"လက်သီးနဲ့မဟုတ်ဘဲ ဓားနဲ့ခုတ်တယ်ဆိုပါတော့ကွာ၊ ဒါမှ မဟုတ် ခြေထောက်နဲ့ကန်တယ်"

တစ်ဆင့်ပြီးတစ်ဆင့် သင်ပြလိုက်သည်။ ယင်ကျင်း စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားနေခိုက် တွန်းတွန်းတိုက်တိုက်ဖြင့် သင်ပြပေးခြင်းဖြစ်သည်။ မှင်စာလေးမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

ယင်ကျင်းသည် အမှုမဲ့အမှတ်မဲ့ဖြင့် မှင်စာလေးသင်ပေးသည့် သိုင်းကွက်များကို မှတ်သားနာယူနေလိုက်မိတော့၏။ နှစ်ယောက်သား ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့သွားကြလေသည်။

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ ရှောင်တိမ်းသည့် သိုင်း သုံးကွက်၊ ခုခံသည့်သိုင်း သုံးကွက်နှင့် ပြန်လည်တိုက်ခိုက်သည့် သိုင်း သုံးကွက်ကိုပါ သင်ကြားပြသခဲ့ပြီးနောက် မှင်စာလေးက အရှိန်သတ်လိုက်လေသည်။ ယင်ကျင်းကို စိုက်ကြည့်ကာ ...

"ငါပြောပြတာတွေကို မင်း မှတ်မိရဲ့လား"

ဟု မေးလိုက်၏။ ယင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... မှတ်မိပါတယ်ခင်ဗျာ"

မှင်စာလေးက ...

"အေး ... ဘယ်တော့မှ မမေ့စေနဲ့၊ အချိန်ရတိုင်း စိတ်ထဲကနေပြီး အဖန်တလဲလဲ လေ့ကျင့်မှတ်သားနေရမယ်၊ စိတ်ထဲ စွဲနေပြီဆိုရင် ခန္ဓာကိုယ် ခြေလက်တွေကို စိတ်နဲ့တစ်သားတည်းကျအောင် စေခိုင်းနိုင်တဲ့အထိ ကြိုးစားရမယ် ... ဖြစ်ပါ့မလား"

ယင်ကျင်းက ...

"ကျွန်တော် ကြိုးစားပါ့မယ်"

ဟု ကတိပေးပြီးသား ဖြစ်သွားလေသည်။ သူက သိုင်း



ပညာသင်ဖို့ စိတ်မပါချေ။ သို့သော် ... မှင်စာလေးက ဉာဏ်ကူလိုက်သဖြင့် သိုင်းကိုးကွက်ကို သင်ယူမိပြီးသား ဖြစ်သွားလေတော့သည်။

ယင်ကျင်းသည် မှင်စာလေးကိုကြည့်လိုက်သောအခါ နဖူးပေါ်၌ ချွေးများစို့နေပြီး မောဟိုက်နွမ်းနယ်နေသည့်အသွင်ရှိသည်ကို တွေ့ရသည်။

"ဦး ... မောနေတယ်မဟုတ်လား"

ဟု မေးလိုက်လေသည်။ မှင်စာလေးက ...

"ငါက အဆိပ်မိထားလို့ အတွင်းအားကို အသုံးပြုဖို့ ခက်နေတယ်၊ ဒါကြောင့် ရေဘော်လူးနဲ့ ရင်ဆိုင်တုန်းက ကံကောင်းလို့ ဒုက္ခမရောက်တာ၊ ငါသာ အဆိပ်မိမထားဘူးဆိုရင် သူ့လိုလူစားမျိုးကို ဘယ်မှုပါ့မလဲ"

ဟု ပြောလေသည်။ ယင်ကျင်း စိတ်မကောင်းဖြစ်သွားလေသည်။

"ကျွန်တော်တို့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေထဲ ဝင်မရှုပ်ဘဲ လက်ဗလာသမားတော်ကို လိုက်ရှာကြတာ ပိုကောင်းမယ်"

ဟု ပြောလိုက်လေသည်။ သူ၏သဘောထားကို မှင်စာလေး နားလည်လိုက်လေသည်။

"အေးပါကွာ ... တို့ သွားကြတာပေါ့"

ထိုစဉ် ... အပြင်ဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ကောင်းနှစ်ဖော်ကို ချီးကျူးပါတယ်"

သံပြိုင်ဟစ်ကြွေးလိုက်သောအသံများ ကြားရပြီး အခန်းတံခါးပွင့်သွားလေတော့သည်။

*

ရွာသူရွာသားများသည် ရေဘီလူးရွှေကျိုးအား သုတ်သင်ရှင်းလင်းပေးသဖြင့် ယင်ကျင်းနှင့်မှင်စာလေးတို့အား ကျေးဇူးတင်နေကြလေသည်။ ကျေးရွာထွက်ပစ္စည်းများ ယူလာကာ လက်ဆောင်ပေးကြသည်။ ချီးကျူးဂုဏ်ပြုစကားပြောကြလေသည်။

သို့သော် ... ယင်ကျင်းတို့အား မတွေ့သေးသဖြင့် တွေ့လိုစိတ်များ ဖြစ်ပေါ်နေကြသည်။ တွေ့ခွင့်ပေးရန် ပိုင်းဝန်းတောင်းဆိုကြသည်။ ထို့ကြောင့် မေနန်းက ရွာသူရွာသားများအား ယင်ကျင်းတို့ရှိနေသည့် အခန်းဆီသို့ ခေါ်သွားလိုက်သည်။

ရွာသူရွာသားများက ကျွက်ကျွက်ညံအောင် တစ်ယောက်တစ်ပေါက်ပြောရင်း လိုက်လာကြသည်။ အခန်းတံခါး ဖွင့်လိုက်လျှင် အပြင်ဘက်မှ လေစိမ်းများသည် အခန်းတွင်းသို့ တိုးဝင်တိုက်ခတ်သွားပြီး ...

"ဟင်"



စားပွဲပေါ် ထွန်းထားသော ဖယောင်းတိုင်သုံးတိုင်အနက် နှစ်တိုင်မှာ ငြိမ်းသွားတော့သည်။ ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်သာ ကျန်ရစ်ခဲ့တော့သဖြင့် အခန်းတွင်း၌ အလင်းရောင်မလုံလောက်တော့ဘဲ ပိုးတဝါး ဖြစ်သွား၏။

လေကြောင့် ဖယောင်းတိုင်မီးစာက ယိမ်းနွဲ့နေသည်။ ရှည်လျားသော အရိပ်မည်းကြီးများ ဖြစ်ပေါ်လာသည်။ စားပွဲပေါ်၌ မှင်စာလေးက ထိုင်နေ၏။ တံခါးပွင့်သွား၍ လှည့်ကြည့်လာခြင်းကြောင့် သူ၏မျက်လုံးများသည် ဖယောင်းတိုင်အလင်းရောင်တွင် ဝင်းလက်တောက်ပြောင်နေလေသည်။ သူ၏အသွင်သည် ပကတိမှင်စာလေးတစ်ကောင်အလား ရှိနေ၏။

ထို့အတူ ... မှင်စာလေး၏နံဘေး၌ထိုင်နေသော ယင်ကျင်း၏ခန္ဓာကိုယ်လည်း စိမ်းဖန့်ဖန့်အရောင်များ ထွက်ပေါ်နေသည်။ ထိုအလင်းရောင်ကြားထဲ၌ သွေးရောင်ကင်းမဲ့သော ဖြူရော်ရော်ရုပ်သွင်သည် ကြောက်မက်ဖွယ်ကောင်းနေသည်။

မှင်စာလေးနှင့် ယင်ကျင်းတို့၏အသွင်ကို တွေ့ရလျှင် ရွှင်လန်းတက်ကြွရောက်ရှိလာသော ရွာသူရွာသားများ တုံ့ခနဲရပ်တန့်သွားကြ၏။ အခန်းတွင်းသို့ စုပြုံတိုးဝှေ့ဝင်ရန် အနေအထားအတိုင်း ရပ်တန့်သွားကြခြင်းဖြစ်သည်။ ဆူဆူညံညံအသံများ ရုတ်ခြည်းပျောက်ကွယ်သွားသည်။ တဒင်္ဂအားဖြင့် အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ယင်ကျင်းနှင့် မှင်စာလေးတို့အား မျက်လုံးပြူးကာ ကြည့်နေကြပြီး ယင်ကျင်းတို့ကလည်း မျက်လုံးပြူးကာ ကြည့်နေကြလေသည်။ ရုတ်တရက် ...

"သရဲ"

မည်သူက အော်လိုက်မှန်းမသိ ကျယ်လောင်သောအသံထွက်ပေါ်လာလေသည်။ ဤတွင် ...

"အမယ်လေး"

"ကယ်တော်မူကြပါ"

"သရဲတွေ ... မှင်စာတွေ"

"ပြေး ... ပြေး"

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်ကြသော အသံများသည် ကမ္ဘာပျက်သလို ဆူညံစွာ ထွက်ပေါ်လာလေသည်။

ထို့နောက်တွင် ... ရွာသူရွာသားများသည် ဝရုန်းသုန်းကားဖြင့် သုတ်ထက်ဝါ အလုအယက် ထွက်ပြေးသွားကြလေတော့သည်။

* * *



## ယုံမိများသူ

လေငြေ့ယမ်းတိုက်ခတ်နေသည်။

ဝါးရွက်များသည် လေတိုးသဖြင့် တရှဲရှဲမြည်ကာ လေချွန်သံပေးနေ၏။ အရပ်လေးမျက်နှာ ဘယ်ဝယ်ဘယ်ဆီကြည့်ကြည့် ဝါးပင်များကိုသာ တွေ့ရမည်ဖြစ်လေသည်။

အချို့သောဝါးပင်များက စိမ်းနေသည်။ အချို့သော ဝါးပင်များက အဝါရောင်သန်းနေသည်။ ဖြောင့်တန်းနေသော ဝါးများ၊ ကွေးကောက်နေသော ဝါးများ၊ ကြီးသောဝါးများ၊ ငယ်သောဝါးများ၊ ဝါးအမျိုးပေါင်းများစွာ စုံလင်စွာဖြင့် ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားလေတော့သည်။

မည်သည့်နေရာမှ ဤနေရာလောက် ဝါးပင်များ စုံစုံလင်လင် တွေ့မြင်ရမည်မဟုတ်ပေ။ ယခု ... ထူထပ်လှသော ဝါးတောကြီးဆီသို့ လူတစ်ယောက် ဒယီးဒယိုင်ဖြင့် ပြေးလွှားသွားနေသည်။

ထိုလူမှာ မိစ္ဆာမယ်ကွေ့ဖုံး ဖြစ်လေသည်။

ကွေ့ဖုံးသည် မရဏနယ်မြေမှ အသက်ရှင်လျက် လွတ်မြောက်လာခဲ့သည်မှာ ကံကောင်းလှပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဝါးတောကြီးကိုတွေ့ရလျှင် ဝမ်းသာသွား၏။ သူမ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။ ဝါးတောထဲသို့ ခပ်သွက်သွက် ဝင်သွားလေသည်။

များမကြာမီ သူမအား ဝါးတောကြီးက ဝါးမျိုလိုက်သကဲ့သို့ အရပ်လေးမျက်နှာတွင် ဝါးပင်များ၏ဖုံးလွှမ်းခြင်း ခံလိုက်ရလေသည်။ သူမ မည်သည့်နည်းနှင့် ဝါးတောထဲသို့ ရောက်လာသည်ကိုပင် မသိရနိုင် အောင် ဖြစ်လေသည်။

သို့သော် ... ကွေ့ဖုံး စိတ်မပူပါ။

သူက ဤနေရာသို့ရောက်ဖူးပြီး ဝါးပင်များသည် ဝက်ပါ အသွင်ဖြင့် စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိထား၍ ဖြစ်လေသည်။

ဤနေရာ၌ သိုင်းလောက၏ ကြောက်စရာကောင်းသော လူထူးဆန်းတစ်ယောက် နေထိုင်လျက် ရှိပါသည်။ ထိုလူကို ကွေ့ဖုံးက သိရှိထား၏။

ယခု ... ကွေ့ဖုံးက ရောက်လာခဲ့သည်မှာ ဤနေရာပိုင်ရှင် ကြောက်စရာကောင်းသော လူထူးဆန်းအား လာရောက်တွေ့ဆုံခြင်း ဖြစ်ပါတော့သည်။

ကွေ့ဖုံးက ဟိုဟိုသည်သည် ကြည့်လိုက်သည်။ ထို့နောက်...

"မမ ... ကျွန်မ ကွေ့ဖုံးက မမကိုလာပြီး ဂါရဝပြုပါတယ် ရှင်"

ဟု အော်ပြောလိုက်လေသည်။



သူမ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင် ...

"ကွေ့ဖုံး ... ညည်းရောက်လာတယ် ... ဟုတ်လား၊ အတော်ပဲ ... မြန်မြန်လာခဲ့၊ ညည်းကို ပြစရာရှိတယ်"

ဝါးတောထဲမှာ အမျိုးသမီးကြီးတစ်ယောက်၏အသံ ပြန်လည်ထွက်ပေါ်လာလေသည်။

ကြက်တူရွေးလေးတစ်ကောင်သည် ဝါးတောထဲမှ ပျံသန်းလာသည်။ ကွေ့ဖုံးနှင့် မလှမ်းမကမ်းရှိ ဝါးပင်တစ်ပင်ပေါ်၌ ရပ်နားလိုက်၏။

ကွေ့ဖုံးက ကြက်တူရွေးလေးကို တွေ့ရလျှင် ပြုံးလိုက်လေသည်။ ကြက်တူရွေးလေးက ထပျံသန်းသည်။ ကြက်တူရွေးလေးက သူမအား လမ်းပြခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

ဝါးတောထဲမှ ဖြတ်သွားပြီး မကြာမီ သာယာလှပသော တောင်ကုန်းလေးတစ်ခုသို့ ရောက်ရှိသွားလေသည်။ တောင်ကုန်းလေးပေါ်၌ နန်းတော်ကြီးနှင့်တူသော ဝါးများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ကြက်တူရွေးလေးသည် ထိုအဆောက်အအုံကြီးဆီသို့ ဦးတည် ပျံသန်းသွားလေသည်။ ကွေ့ဖုံးက တောင်ကုန်းလေးပေါ်သို့ တက်သွားလေသည်။

တောင်ကုန်းပေါ်သို့ တက်ရာလမ်းမှာ ကျောက်ဆောင်ကား

www.burmeseclassic.com

www.burmeseclassic.com



ထစ်များကို ညီညီညာညာ ဖောက်လုပ်ထားလေသည်။ လမ်းဘေးတစ်ဖက်တစ်ချက်၌ ရောင်စုံပန်းပင်များ ရှိနေသည်။

ကွေ့ဖုံးသည် ကျောက်လှေကားထစ်များအတိုင်း ခပ်သွက်သွက်တက်သွားရာ မကြာပါချေ ... တောင်ကုန်းလေးပေါ်သို့ ရောက်ရှိသွားလေသည်။

တောင်ကုန်းပေါ်၌ ကြီးမားခန့်ညားသော အဆောက်အအုံကြီးရှိနေပြီး အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးများ သွားလာလှုပ်ရှားနေကြသည်ကို တွေ့မြင်ရလေသည်။

အဆောက်အအုံရှေ့တွင် သိုင်းလေ့ကျင့်သည့် မြေကွက်လပ်ရှိသည်။ ထိုမြေကွက်လပ်နံဘေး၌ ပြုပြင်ဖန်တီးထားသော ပန်းဥယျာဉ်ကြီးတစ်ခုရှိ၏။

ကြက်တူရွေးလေးသည် ထိုပန်းဥယျာဉ်အတွင်းသို့ ပျံသန်းဝင်ရောက်သွားခြင်း ဖြစ်လေသည်။ ကွေ့ဖုံးသည် ပန်းဥယျာဉ်ရှိရာသို့ လှမ်းသွားလိုက်၏။

လမ်းတစ်လျှောက်တွင် တွေ့ရသော အနီရောင်ဝတ် မိန်းကလေးများသည် ကွေ့ဖုံးအား ဦးညွတ်အရိုအသေပေးကြလေသည်။

ကွေ့ဖုံး အမှုမထားချေ။

ပန်းဥယျာဉ်ထဲသို့ ဝင်သွားလိုက်ရာ အနီရောင်မိန်းကလေးတစ်စုနှင့်အတူ ရှိနေသော အမျိုးသမီးတစ်ယောက်အား တွေ့မြင်ရလေသည်။



ကြက်တူရွေးလေးသည် ထိုအမျိုးသမီး၏ပခုံးပေါ်၌ နားနေ၏။ အမျိုးသမီး၏မျက်နှာ ပြုံးရွှင်နေသည်။ ကွေ့ဖုံးကိုတွေ့လျှင် ဝမ်းသာအားရ လှမ်းခေါ်လိုက်လေသည်။

"ညီမလေးကွေ့ဖုံး ... ညည်းရောက်လာတာနဲ့ အတော်ပဲ၊ ညည်းကို ပြစရာရှိသေးတယ်"

ဟု ပြောလေသည်။ ကွေ့ဖုံးက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်အရိုအသေပြုလိုက်သည်။

"ဟုတ်ကဲ့ ... ဘာများလဲ မမရှောင်ရဲ"

ရှောင်ရဲဆိုသော အမျိုးသမီးက မျက်နှာတပြုံးပြုံးဖြင့်...

"ညည်းကြည့်ရမယ်"

သူမသည် အနီရောင်ဝတ်မိန်းကလေးများအား လက်ဖွေ့ယမ်းပြလိုက်လေသည်။ မိန်းကလေးများသည် ချက်ချင်းပင် လူတစ်ယောက်အား ဆွဲခေါ်လာကြ၏။

သူတို့ခေါ်လာသူမှာ ခန္ဓာကိုယ် ထွားကျိုင်းသန်မာသော လူငယ်တစ်ယောက်ဖြစ်ပါသည်။ ထိုလူငယ်၏ခန္ဓာကိုယ်အပေါ်ပိုင်း၌ အင်္ကျီမပါ ဗလာကျင်းလျက်ရှိပြီး ဖုထစ်နေသော ကြွက်သားများဖြင့် သန်မာထွားကျိုင်းသူတစ်ယောက် ဖြစ်လေသည်။

မိန်းကလေးများသည် ထိုလူရွယ်အား ကျောက်တုံးကြီးတစ်တုံးဆီသို့ ခေါ်သွားကြ၏။ ကျောက်တုံးကြီးပေါ်၌ သံကွင်းများ ရှိနေသည်။ သူ၏ခြေလက်များကို သံကွင်းဖြင့်စွပ်ကာ ချုပ်နှောင်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြလေသည်။

လူငယ်မှာ ကြောက်လွန့်ထိတ်လန့်သွားသဖြင့် စကားလည်း မပြောနိုင်၊ အော်ဟစ်ရုန်းကန်ခြင်းလည်း မပြုနိုင်ဘဲ ကြောင်တောင်ကြီး ဖြစ်နေသည်။

လူငယ်အား ဖမ်းဆီးချုပ်နှောင်လိုက်ပြီး မိန်းကလေးများက နောက်ဆုတ်လိုက်ကြလေသည်။ ရှောင်ရဲဆိုသော အမျိုးသမီးက ...

"ကွေ့ဖုံး လာခဲ့"

ဟု လက်ယပ်ခေါ်ကာ ကျောက်တုံးကြီးနောက်ဘက်သို့ ကွေ့ပတ်ခေါ်ဆောင်သွားလေသည်။ ကွေ့ဖုံးလည်း လိုက်သွားလေသည်။ နှစ်ယောက်သား ကျောက်တုံးကြီးအနောက်သို့ ရောက်သွားကြလျှင် ...

"ကွေ့ဖုံး ... ညည်းကြည့်ထား"

ရှောင်ရဲက ပြောကာ မြေပေါ်တွင် ခြေနှစ်ဖက်ခွဲ၍ ရပ်လိုက်ပြီး ကျောက်တုံးကြီးဆီသို့ မျက်နှာမူလိုက်သည်။ ကွေ့ဖုံးက ရှောင်ရဲ၏လုပ်ဆောင်ချက်ကို အသာစောင့်ကြည့်နေလိုက်လေသည်။

ရှောင်ရဲသည် လက်တစ်ဖက်ကို အသာအယာဝှေ့ယမ်းလိုက်ပြီး လက်ဝါးကို ကျောက်တုံးကြီးဆီသို့ တွန်းထုတ်လိုက်လေသည်။

သူမသည် ကျောက်တုံးကြီးနှင့် ခြေခုနစ်လှမ်းခန့်အကွာတွင် ရပ်တန့်နေခြင်း ဖြစ်သည်။ သူမ၏လက်ဝါးကို ကျောက်တုံးကြီးဆီသို့ ဦးတည်ကာ ရိုက်ထုတ်လိုက်သောအခါ ...



"အား"

ကျောက်တုံးကြီးတစ်ဖက်မှ လူငယ်၏စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်ရဲက ကွေ့ဖုံးဘက်သို့လှည့်ကာ ပြုံးပြရင်း ...

"ညီမ ... ကျောက်တုံးပေါ်မှာ ကြည့်လိုက်စမ်းပါ၊ ဘာများ ထူးခြားတာ တွေ့ရသလဲ"

ဟု မေးလေသည်။

အကြောင်းရှိရမည်ဟု ဆင်ခြင်မိသဖြင့် ကွေ့ဖုံးသည် ကျောက်တုံးအနီးသို့ လှမ်းသွားပြီး စစ်ဆေးကြည့်လိုက်လေသည်။ ကျောက်တုံးကြီးမှာ မည်သို့သောထူးခြားချက်မှ မရှိဘဲ ပကတိအနေအထားအတိုင်း ရှိသည်ကို တွေ့ရလေသည်။ ကွေ့ဖုံးက ...

"ဘာများ ထူးခြားလို့လဲ မမရဲ့"

ဟု မေးလိုက်လေသည်။ ရှောင်ရဲက ...

"လိုက်ခဲ့"

သူမသည် ကွေ့ဖုံးအား ကျောက်တုံးကြီးရှေ့ မြေကွက်လပ်သို့ ပြန်လည်ခေါ်ဆောင်သွားလေသည်။ ကွေ့ဖုံးလည်း လိုက်သွားလေသည်။ မြေကွက်လပ်သို့ ရောက်သွားလျှင် ရှောင်ရဲက ...

"ကဲ ... ကြည့်စမ်းပါဦး"

ကျောက်တုံးကြီးတွင် ချုပ်နှောင်ထားသည့် လူငယ်ကို လက်ညှိုးညွှန်ပြလိုက်၏။ ကွေ့ဖုံးက လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ... လူငယ်မှ ဇက်ကျိုးကျကာ သေဆုံးနေပြီဖြစ်သည်ကို တွေ့ရလေသည်။

"ဟင်"

ကွေ့ဖုံး အံ့ဩသွားသည်။

'ဟင်း .. ဟင်း .. ဟင်း'

ရှောင်ရဲက ရယ်မောလိုက်လေသည်။

"သေသေချာချာ ကြည့်စမ်းပါဦး"

ဟု ပြောလေသည်။

ကွေ့ဖုံးက လူငယ်အနီးသို့ ချဉ်းကပ်သွားပြီး သေသေချာချာ စစ်ဆေးကြည့်လိုက်လေသည်။ လူငယ်၏နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေ၏။ ရင်အုပ်ကြွက်သားပေါ်တွင် နီရဲသောလက်ဝါးရာတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ကွေ့ဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။ ရှောင်ရဲ ဘက်သို့လှည့်ကာ ...

"မမ ...ဒါဟာ အသက်ခြွေလက်ဝါးလား"

ဟု တအံ့တဩ မေးလိုက်လေသည်။

ရှောင်ရဲက ရယ်မောလိုက်လေသည်။

သူမ၏လက်ဝါးရိုက်ချက်သည် ကြားတွင် ကျောက်တုံးကြီး တစ်တုံး ခံနေသည်ကို ကျောက်တုံးကြီး၌ မည်သို့သော ထူးခြားချက်မှ ဖြစ်ပေါ်မလာဘဲ ကျောက်တုံးတစ်ဖက်၌ ရှိနေသော လူတစ်ယောက်



ထံသို့ သက်ရောက်ကာ အသက်ခြွေပစ်လိုက်နိုင်သည်မှာ ထူးဆန်းအံ့ဩဖွယ်ကောင်းနေပါတော့သည်။ ရှောင်ရဲက ...

"ဆရာ့ရဲ့အသက်ခြွေလက်ဝါးသိုင်းကို ငါက လေ့ကျင့်အောင်မြင်ခဲ့တာ သိပ်မကြာသေးဘူး၊ ညည်းရောက်လာတာနဲ့ အတော်ပဲ၊ ငါက ညည်းကို ကြွားချင်နေတာ၊ ဘယ့်နှယ်လဲ ... ငါ့ရဲ့ ပညာဟာ ဆရာ့ကို မီရဲ့လား"

ဟု မေးလေသည်။ ကွေ့ဖုံး မျက်နှာပျက်သွားသည်။ သို့သော် ... သူမ၏မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားလေသည်။

"မမ သိပ်တော်တာပဲ ... ဆရာ့ခြေရာကို နင်းနိုင်တယ်၊ သိုင်းလောကမှာ မမကို မော်ကြည့်ဝံ့တဲ့လူ ရှိတော့မှာမဟုတ်ဘူး"

ဟု ချီးကျူးလိုက်လေသည်။

'ဟင်း .. ဟင်း .. ဟင်း'

ရှောင်ရဲက ရယ်မောလိုက်လေသည်။ မျက်နှာက ရယ်နေသော်လည်း မျက်လုံးများက ရယ်မောခြင်းမရှိပါ။ သူမ၏မျက်လုံးများသည် အေးစက်မာကျောကာ အရောင်တဖိတ်ဖိတ်တောက်ပနေပါတော့သည်။

ကွေ့ဖုံး အမှတ်တမဲ့ဖြစ်ကာ သတိမပြုမိခဲ့ချေ။

ရှောင်ရဲက ...

"ဆရာက တို့ညီအစ်မနှစ်ယောက်စလုံးကို ဒီပညာ သင်ကြားပေးခဲ့တာပဲ၊ မမက ဆရာ့ခြေရာကို နင်းနိုင်ပြီး ညီမလေးက

www.burmeseclassic.com

www.burmeseclassic.com



မရခဲ့တဲ့ အဖော်ကို ဝမ်းနည်းစရာကောင်းတယ်"

အလွန်ကြင်နာယုယပြီး စိတ်မကောင်းဖြစ်နေပုံမျိုး ရှိ၏။ စိတ်ထဲက ပါသည်၊ မပါသည်ကိုမူ သူမသာလျှင် သိနိုင်လိမ့်မည် ဖြစ်လေသည်။ ကွေ့ဖုံးက ...

"ညီမ မှားခဲ့ပါတယ် မမရယ်"

ဟု ကြေကွဲစွာ ပြောလေသည်။ ရှောင်ရဲက ...

"တချို့အမှားတွေဟာ ပြင်ရခက်တယ်၊ မှားမှန်းသိတဲ့အချိန်မှာ ပြင်ဖို့နောက်ကျနေပြီ၊ ညီမလေးက ဆရာ့စကားမှ နားမထောင်ခဲ့တာကိုး"

ကွေ့ဖုံး ခေါင်းငုံ့ထားလိုက်လေသည်။ ထိုစဉ် ...

'ဒေါင် ဒေါင် .. ဒေါင် ဒေါင်'

အချက်ပေးသံချောင်းခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အနီရောင်ဝတ် မိန်းကလေးများ ရုတ်ရုတ်သဲသဲဖြစ်ကာ ပြေးလွှားနေကြသည်ကိုလည်း တွေ့လိုက်ရ၏။ ပြဿနာတစ်စုံတစ်ရာ ပေါ်လာပြီဖြစ်ကြောင်း ထင်ရှားပါတော့သည်။

* * *



## အသက်ခြွေမယ်

'ဒေါင် ဒေါင် .. ဒေါင် ဒေါင်'

အချက်ပေးခေါင်းလောင်းသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အနီရောင်မိန်းကလေးတစ်ယောက် ပြေးလွှားရောက်ရှိလာသည်။

သူမသည် ရှောင်ရဲ၏ရှေ့တွင် ဒူးထောက်လိုက်ပြီး ...

"သခင်မရှင့် ... သိုင်းပညာလေ့ကျင့်ရာမှာ အသုံးပြုဖို့ ဖမ်းဆီးထားတဲ့ လူသုံးယောက် ထွက်ပြေးလွတ်မြောက်သွားပါတယ်"

ဟု အစီရင်ခံလေသည်။

"ဘာ"

ရှောင်ရဲ မျက်နှာ ကျမနပ်ဖြစ်သွားလေသည်။ သူမ၏မျက်နှာ အေးစက်ခက်ထန်သွားပြီး ...

"အစောင့်တာဝန်ကျတဲ့သူတွေ ဘာလုပ်နေသလဲ"

ဟု ငေါက်လိုက်လေသည်။ အနီရောင်ဝတ်မိန်းကလေးက

"အစောင့်ငါးယောက်ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရဲက သူ၏စကားမဆုံးမီ ကြားဖြတ်ပြောလိုက်လေသည်။

"ငါသိပြီ ... သူတို့ဟာ ဖမ်းထားတဲ့လူငယ်တွေကို သဘောကျနေကြတယ် မဟုတ်လား၊ လစ်ရင်လစ်သလို အကျဉ်းသားခန်းထဲကို သွားသွားနေကြတယ်ဆိုတာ ငါရိပ်မိထားပြီးပြီ၊ ဒါမျိုးကို ငါလက်မခံဘူး ... ပြတ်ပြတ်သားသား အရေးယူရမှာ"

ပြောရင်း ကွေ့ဖုံးအား လှမ်းကြည့်လိုက်၏။ ကွေ့ဖုံး ပို့ပြီးခေါင်းငုံ့ထားလိုက်၏။

ယခုအဖြစ်အပျက်သည် တစ်ချိန်က သူမ၏အဖြစ်အပျက်နှင့် ခပ်ဆင်ဆင်တူနေသည် မဟုတ်ပါလား။ ရှောင်ရဲက ...

"အစောင့်ငါးယောက် ဘယ်မှာလဲ"

"သူတို့ကို ဖမ်းထားလိုက်ပါပြီ"

"ကောင်းပြီ ... သူတို့ငါးယောက်စလုံးကို ကြွက်ကျင်းခေါ်သွား"

"ဟုတ်ကဲ့ သခင်မ"

အနီရောင်ဝတ်မိန်းကလေးက ဦးညွှတ်ပြီး ချက်ချင်းထွက်ခွာသွားလေသည်။ ရှောင်ရဲက ကွေ့ဖုံးဘက်သို့လှည့်ကာ ...

"ညီမလေး ... မမနဲ့လိုက်ခဲ့၊ သူတို့ထွက်ပြေးသွားကြတယ်ဆိုပေမယ့် ဝါးတောဝက်ပါထဲက လွတ်အောင် ပြေးနိုင်ကြမှာ မဟုတ်ဘူး၊ တဝဲလည်လည်ဖြစ်နေကြလိမ့်မယ်၊ တို့ လိုက်သွားရအောင်"



ဟု ပြောလိုက်သည်။

"ကောင်းပါပြီ မမ"

ကွေ့ဖုံးက သဘောတူလိုက်လေသည်။ ထို့နောက် နှစ်ယောက်သား ကိုယ်ဖော့ပညာ အသုံးပြုကာ ရိပ်ခနဲ ရိပ်ခနဲ ပြေးထွက်သွားကြလေသည်။

*

လေဖွေ့ယမ်းတိုက်ခတ်လာသောအခါ ဝါးပင်များ တရှဲရှဲမြည်ကာ ယိမ်းနွဲ့သွားကြလေသည်။

ကွေ့ဖုံးနှင့်ရှောင်ရဲတို့သည် ဝါးတောထဲသို့ ရောက်လာကြပြီဖြစ်လေသည်။ သူတို့သည် ထွက်ပြေးသွားသော အကျဉ်းသားသုံးယောက်အား လိုက်လံရှာဖွေနေကြခြင်း ဖြစ်လေသည်။

ကြာကြာ မရှာလိုက်ရပါချေ။ ဝါးတောဝက်ပါ၌ ပိတ်မိကာ တဝဲလည်လည်ဖြစ်နေသော လူငယ်သုံးယောက်အား တွေ့လိုက်ရလေသည်။

ထိုလူငယ်သုံးယောက်မှာ အသက်နှစ်ဆယ်ပင် မပြည့်တတ်သေးဘဲ ကြံ့ခိုင်သန်စွမ်းသူများ ဖြစ်ကြလေသည်။

ရှောင်ရဲနေထိုင်သော တောင်ကုန်းပေါ်မှ နန်းတော်မှာ တ

www.burmeseclassic.com

www.burmeseclassic.com



ချိန်က သိုင်းလောကအား ရင်တထိတ်ထိတ်ဖြစ်ရလေအောင်၊ စိုးရွံ့ထိတ်လန့်နေရအောင် ကိုင်လှုပ်ခဲ့သော ဝိညာဉ်နုတ်ဘွားဘွား နေထိုင်ခဲ့သောနေရာ ဖြစ်လေသည်။

ဝိညာဉ်နုတ်ဘွားဘွားသည် ယောကျ်ားများကို အလွန်မုန်းတီးသလို ရက်စက်ကြမ်းကြုတ်သူ ဖြစ်လေသည်။ သိုင်းလောက၌ထင်ရာစိုင်းခဲ့ပြီး သူမ ရောက်လေရာအရပ်တိုင်း၌ သွေးရောင်လွှမ်းသွားခဲ့သည်ချည်း ဖြစ်လေသည်။

သူမကြောင့် သိုင်းလောကတစ်ခုလုံး ပျက်စီးမလိုဖြစ်ခဲ့ရပြီး ပြည်မသိုင်းလောကအား ဖျက်ဆီးရန် အားခဲထားသည့် အရှေ့ကျွန်းမှ 'ပလွေရှင်' နှင့် ခေတ်ပြိုင်ဖြစ်ခဲ့လေသည်။

ဝိညာဉ်နုတ်ဘွားဘွားသည် ထင်တိုင်းကြဲခဲ့သည့်တိုင် ပလွေရှင်နှင့်မူ လက်တွဲခဲ့ခြင်း မရှိပါချေ။ ကိုယ့်သဘောနှင့်ကိုယ် မည်သူ့ကိုမှ ဆရာမထင်၊ မိတ်မဖွဲ့၊ အမှုလုံးဝမထားခဲ့သူ ဖြစ်သည်။

ဝိညာဉ်နုတ် ဘွားဘွားနှင့် ပလွေရှင်တို့သာမက သိုင်းလောကအား ဖျက်ဆီးမည့် အနက်ရောင်ထိပ်သီးအချို့လည်း ပေါ်ထွက်ခဲ့သေးသဖြင့် သိုင်းလောကကြီး အမှောင်ကျခဲ့သည့်အချိန်ကာလတစ်ခုဟု ဆိုနိုင်ပါ၏။

နောက်ပိုင်းတွင် အဖြူရောင်သိုင်းသမားများသည် အချင်းချင်းလက်တွဲပြီး စည်းလုံးညီညွတ်စွာဖြင့် သိုင်းလောက၏အန္တရာယ်များကို ရင်ဆိုင်ချေမှုန်းလာသောအခါ အခြေအနေ ရှုပ်ထွေးသွားခဲ့



သည်။ တိုက်ပွဲများ နေ့စဉ်ရက်ဆက် ဖြစ်ပေါ်ခဲ့သည်။

သိုင်းလောကသားများ၏ စွန့်လွှတ်စွန့်စားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကြောင့် သူတစ်လူငါတစ်မင်းဖြစ်နေကြသော အနက်ရောင်သိုင်းသမားများ ကိုယ်ရှိန်သတ်သွားကြလေသည်။

ပလွေရှင်က အရှေ့ကျွန်းသို့ ပြန်သွားသကဲ့သို့ ဝိညာဉ်နုတ်ဘွားဘွားကလည်း သူ၏ဝါးနန်းတော်သို့ပြန်လာကာ ဇာတ်မြှုပ်နေလိုက်တော့သည်။

ဝိညာဉ်နုတ်ဘွားဘွား့တွင် တပည့်နှစ်ယောက်ရှိသည်။ တပည့်မအကြီးမှာ အသက်ခြွေမယ် ရှောင်ရဲဖြစ်သည်။ တပည့်မအငယ်မှာ မိစ္ဆာကွေ့ဖုံးဖြစ်လေသည်။

ဝိညာဉ်နုတ်ဘွားဘွားသည် သူမ၏ အသက်ခြွေလက်ဝါးသိုင်းပညာအား တပည့်မနှစ်ယောက်စလုံးအား သင်ကြားပေးခဲ့ပါသည်။

ထိုပညာကို ရှောင်ရဲက တတ်မြောက်ထားပြီး ကွေ့ဖုံးကလေ့ကျင့်အောင်မြင်ခဲ့ခြင်း မရှိပါ ချေ။

တပည့်ချင်းအတူတူ ရှောင်ရဲက တတ်မြောက်ပြီး ကွေ့ဖုံးကတတ်မြောက်ခြင်းမရှိသည်မှာ အဘယ်ကြောင့်ပါနည်း။

ကွေ့ဖုံးသည် အချိန်မတိုင် ဝါးနန်းတော်မှ ထွက်သွားခဲ့ခြင်းကြောင့် ဖြစ်ပါတော့သည်။

ယခု ... ကွေ့ဖုံးနှင့်ရှောင်ရဲတို့ ဝါးတောထဲသို့ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာကြသောအခါ ထွက်ပြေးရန် ကြိုးစားနေသော်လည်း ဝင်္ကပါထဲ တဝဲလည်လည်နေနေကြသည့် လူငယ်သုံးယောက်အား တွေ့မြင်လိုက်ရလေသည်။

ရှောင်ရဲက ရယ်မောလိုက်သည်။

"မင်းတို့ ပြေးလို့လွတ်မယ်ထင်သလား"

ဟု အော်ငေါက်ကာ လေထဲသို့ လက်ဝါးဖြင့် သုံးချက်ဆက်တိုက်ရိုက်ထုတ်လိုက်လေသည်။ သူမသည် အသက်ခြွေလက်ဝါးပညာကို အသုံးပြုလိုက်ခြင်း ဖြစ်ပါတော့သည်။

လူငယ်သုံးယောက်သည် ပြေးလမ်းပိတ်ထားသော ကွေ့ဖုံးနှင့်ရှောင်ရဲတို့အား တွေ့ရလျှင် ထိတ်လန့်ပြီး နောက်ကြောင်းပြန်လှည့်ပြေးကြလေသည်။

ထူထပ်စွာရှိနေသည့် ဝါးပင်များကြားသို့ အတင်းတိုးဝှေ့ပြေးသွားကြ ပြီး ချက်ချင်းမြင်ကွင်းမှ ပျောက်သွား၏။

မည်သို့ဆိုစေ ... ရှောင်ရဲက အသက်ခြွေလက်ဝါးကို အသုံးပြုလိုက်ပြီဖြစ်၍ မည်သည့်နည်းနှင့်မျှ ပြေးလွတ်တော့မည်မဟုတ်ကြောင်း ကွေ့ဖုံး သဘောပေါက်ထားလေသည်။

ရှောင်ရဲက အသက်ခြွေလက်ဝါးကို အသုံးပြုလိုက်သည်နှင့်

'ဟူး .. ဟူး .. ဟူး'

လေတိုးသံများ ထွက်ပေါ်လာသည်။

"အား"



"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။ ထို့နောက် ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ဝါးပင်များ လေယူရာယိမ်းနွဲ့နေဆဲ။ ရှောင်ရဲက ကွေ့ဖုံး အားပြုံးပြလိုက်ပြီး ...

"ညီမလေး ... ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်၏။ ထွက်ပြေးဖို့ ကြိုးစားနေသည့် လူငယ်သုံးယောက်စလုံး သေဆုံးသွားကြပြီဖြစ်ကြောင်း ကွေ့ဖုံး နားလည်လိုက်လေသည်။

"မမပညာဟာ အံ့မခန်းပါပဲရှင်"

ဟု ချီးကျူးလိုက်လေသည်။ ရှောင်ရဲ ရယ်မောလိုက်သည်။

"ညီမလေး ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့၊ နန်းတော်ထဲကို သွားရအောင်"

ဟု ပြောလိုက်လေသည်။ ကွေ့ဖုံးက ...

"ကောင်းပါပြီရှင်"

သူတို့နှစ်ယောက်သည် ဝါးတောကိုကျောခိုင်းကာ ဝါးနန်းတော်ဆီသို့ ထွက်ခွာသွားကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဝါးနန်းတော်သည် ဗိညာဉ်နတ်ဘွားဘွား၏လက်ထက်က တည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်သည့်တိုင် မပျက်မစီး အကောင်းပကတိရှိနေသေး၏။

ရှောင်ရဲနှင့် ကွေ့ဖုံးတို့သည် လေသာဆောင်တစ်ခုသို့ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာ များ၊ အရက်များ အလျှံပယ်ရှိနေ၏။

ရှောင်ရဲက ...

"ကဲ ... ငါ့ညီမ,ရောက်လာတုန်း ကျွေးရတာ စား၊ ဘာမှ အားနာစရာမလိုဘူး"

ဟု ပြောလေသည်။ ကွေ့ဖုံးက ...

"ကျေးဇူးပါပဲ မမရယ်"

သူမသည် အနည်းငယ်မျှ စားသောက်နိုင်လေသည်။ ရှောင်ရဲက ကွေ့ဖုံးအား အကဲခတ်ကြည့်လိုက်ပြီး ...

"ညီမလေး ဘယ်လိုဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

ဟု မေးလာသည်။ ကွေ့ဖုံး ခေါင်းခါယမ်းလိုက်သည်။

"နေကောင်းပါတယ် မမ"

"မဟုတ်သေးပါဘူး ... ငါ့ညီမကိုကြည့်ရတာ တစ်ခုခုဖြစ်နေ ပုံပဲ"



သူမသည် ကွေ့ဖုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက် ပြီးလျှင် ...

"ညီမ ဒဏ်ရာများ ရလာသလား"

ဟု မေးလာလေသည်။ ကွေ့ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ် ... ဟုတ်ပါတယ် မမ"

ရှောင်ရဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ပြောစမ်း ... ငါ့ညီမကို ဘယ်သူစော်ကားလိုက်သလဲ၊ မမ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမှ ကျေနပ်မယ်၊ ကဲ ... ဘယ်သူလဲပြော"

သူမ၏စကားကြောင့် ကွေ့ဖုံး အားတက်သွားလေသည်။

"ကျွန်မ ... ကျွန်မ"

"ဘယ်သူလဲဆိုတာ ရဲရဲပြောစမ်း၊ ဘာလဲ ... ရှမ်းကျုံးလား၊ သင်းကများ"

"မဟုတ်ဘူး မမ ... သူ မဟုတ်ဘူး"

ကွေ့ဖုံး ကပျာကယာ ခေါင်းခါယမ်းလိုက်လေသည်။

"ရှမ်းကျုံးလည်း သေသွားပြီ"

"ဘာ"

"မှင်စာလေးရဲ့လက်ချက်ကြောင့် ရှမ်းကျုံး သေသွားတယ်၊ ကျွန်မလည်း ဒဏ်ရာရခဲ့တယ်"

သူမသည် ယင်းကျင်းကို မသိသဖြင့် မှင်စာလေးအား

www.burmeseclassic.com

www.burmeseclassic.com



အမည်တပ်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ရှောင်ရဲ မျက်မှောင်ကုတ်သွားလေသည်။

"နန်းတော်ထဲက လာတယ်ဆိုတဲ့ မှင်စာလေးကို ပြောတာလား"

"ဟုတ် ... ဟုတ်ပါတယ်"

"မှင်စာလေးဟာ တကယ့်ကို လူ့ခွစာပဲ၊ အန္တရာယ်ရှိတဲ့ လူတစ်ယောက်ဆိုတာ ညီမလေး မသိဘူးလား"

ရှောင်ရဲက အပြစ်တင်လိုက်လေသည်။ သူမ၏သိုင်းပညာ အံ့မခန်းထက်မြက်နေသော်လည်း မှင်စာလေးကိုမူ မပေါ့ဆဝံ့သောသဘောဖြစ်လေသည်။ ကျေ့ဖုံးက ...

"ကျွန်မတို့သာ အယုဒိဗ္ဗသစ်သီးနဲ့ပတ်သက်ပြီး မမျှော်လင့်ဘဲ ပတ်သက်မိခဲ့ကြတာပါ"

"ဟင်"

ရှောင်ရဲ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ အာယုဒိဗ္ဗသစ်သီးနှင့် ပတ်သက်လာလျှင် သိုင်းလောကသားတိုင်း ဂနာမငြိမ်ဖြစ်သွားတတ်ကြသည်မှာ ယခုမှမဟုတ်ပါ။ ရှေးပဝေသဏီကတည်းက ဖြစ်လေသည်။

"အာယုဒိဗ္ဗသစ်သီး ... ဟုတ်လား ညီမ၊ မမကို ပွင့်ပွင့်လင်းလင်းပြောရင် ကောင်းမယ်"

ကျေ့ဖုံးက ...



"ပြောပြပါ့မယ် မမရယ် ... အဖြစ်က ဒီလိုပါ"

ဟု အစချီကာ သူမ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အပြစ်များနှင့်ငနီးမောင်နံ

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်လေသည်။

ဆည်းဆာရောင်ခြည်အောက်တွင် သဘာဝတောတောင်ရေမြေ အလှအပများကား လွှမ်းမောဖွယ်ရာ တည်ရှိနေပါ၏။

စိမ်းလန်းသော တောအုပ်များ၊ မြင့်မားသော တောင်ကုန်းတောင်တန်းကြီးများ ဖုံးလွှမ်းထားသည့်အရပ်ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို အပေါ်စီးမှ တွေ့မြင်နိုင်သော တောင်ကုန်းလေးတစ်ခုပေါ်၌ ကွေ့ဖုံးနှင့် ရှမ်းကျုံးတို့ရှိနေကြလေသည်။

ကွေ့ဖုံး၏မျက်နှာလေး ညှိုးနွမ်းနေသည်။ စိုးရိမ်ပူပန်သည့်အသွင်လည်း ပေါ်လွင်နေသည်။

ရှမ်းကျုံးကား ခပ်ပြုံးပြုံးပင်ရှိနေ၏။ သူက လေကွယ်ရာအရပ်ဖြစ်သော ကျောက်တုံးကြီးတစ်တုံးအနီး၌ သစ်ကိုင်းခြောက်များကို စုပုံမီးရှို့ကာ ယုန်တစ်ကောင်ကို မီးကင်နေခြင်း ဖြစ်လေသည်။

ယုန်သားကင်မှ မွှေးကြိုင်သောအနံ့များ ထွက်ပေါ်လာလေ



သောအခါ ...

'ဟား .. ဟား .. ဟား'

ရှမ်းကျုံးက ရယ်မောလိုက်လေသည်။ တစ်ဖန် ...

"ကြည့်စမ်း ... သာယာလှပလိုက်တဲ့ ပတ်ဝန်းကျင်၊ စားစရာဆိုလည်း မပူရဘူး၊ ကျုပ်အနားမှာ ချောမောလှပတဲ့ ဇနီးသည်တစ်ယောက်လည်း ရှိနေပြီ ... ဘာများလိုဦးမှာလဲ"

ဟု ကျယ်လောင်စွာ ရေရွတ်လိုက်လေသည်။ ယုန်ကင်ကိုကိုင်ကာ ကွေ့ဖုံးအနီးသို့လည်း လှမ်းသွားလိုက်သည်။ ကွေ့ဖုံးက မလှုပ်မယှက်ရှိနေဆဲ။ ရှမ်းကျုံးက ...

"ညီမရေ ယုန်ကင်ကျက်ပြီ ... စားတော့မလား"

ဟု လှမ်းမေးလေသည်။ ကွေ့ဖုံး ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... ကျွန်မ မစားချင်ဘူး"

ရှမ်းကျုံး အံ့သြသွား၏။

"စောစောကပဲ ညီမ ဗိုက်ဆာနေပြီဆို"

"ဟုတ်တယ် ... အခုတော့ မဆာတော့ဘူး"

"ဘယ်လိုဖြစ်ရတာလဲ ညီမရယ်"

ရှမ်းကျုံးသည် ကွေ့ဖုံး မျက်နှာမသာမယာဖြစ်သွားသည်ကို သတိပြုမိသွားလေသည်။

"ညီမ ဘာလဲ ... ဝါးနန်းတော်ကို သတိရနေတာလား"

ဟု မေးလိုက်သည်။ ကွေ့ဖုံး သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သတိရတာ ဆရာနဲ့မမကို လွမ်းလို့မဟုတ်ပါဘူး၊ ဘယ်အချိန်များ ကျွန်မတို့ကို ရှာတွေ့သွားမလဲလို့ စိုးရိမ်ပူပန်နေမိတာပါ"

ဝိညာဉ်နတ်ဘွားဘွားသည် ရှောင်ရဲနှင့်ကွေ့ဖုံးတို့အား တပည့်မများအဖြစ် လက်ခံထားပြီး အလွန်ချစ်မြတ်နိုးလေသည်။

ယောကျ်ားများအား မုန်းတီးအောင်သွန်သင်ပြီး သိုင်းလောကကို ဖျက်ဆီးပစ်လိုစိတ်များ ကိန်းအောင်းနေအောင် ဆုံးမ၏။

သူမ၏ အသက်ခြွေလက်ဝါးပညာကို ဆရာစားမချန် သင်ကြားပေးခဲ့လေသည်။

ဝိညာဉ်နတ်ဘွားဘွား၏ အသက်ခြွေလက်ဝါးပညာသည် ကြောက်မက်ဖွယ်ကောင်းအောင် အစွမ်းထက်သည်ဖြစ်သော်လည်း အလွန်ရက်စက်ကြမ်းကြုတ်သည့် ပညာရပ်တစ်ခုဖြစ်သည်ကိုလည်း ငြင်းမရချေ။

ဝိညာဉ်နတ်ဘွားဘွားက အသက်ခြွေလက်ဝါးသိုင်းကို လေ့ကျင့်ရာ၌ သက်ရှိလူသားများအား လေ့ကျင့်ခံပစ္စည်းအဖြစ် အသုံးပြုခြင်းကြောင့် သိုင်းလောကတစ်ခုလုံးက လက်မခံဘဲ ဆန့်ကျင်ခဲ့ကြခြင်း ဖြစ်လေသည်။

ဝိညာဉ်နတ်ဘွားဘွားကမူ သိုင်းလောကသားများအား ဥပေက္ခာပြုထားခဲ့လေသည်။

သူမသည် သိုင်းလေ့ကျင့်ရန် ဖမ်းဆီးထားသော ယောကျ်ား



များတွင် ရှမ်းကျိုးသည်လည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့လေသည်။

ဝိညာဉ်နတ်ဘွားဘွား၏ဝါး နန်းတော်တွင် အစောင့်မှအစ အခိုင်းအစေ၊ ထမင်းချက်အားလုံး အမျိုးသမီးများသာ ရှိကြလေသည်။

ထိုအမျိုးသမီးအားလုံးသည် ဝါးတောဝက်ပါကို ဖြတ်သန်းနိုင်စွမ်း မရှိကြသဖြင့် ဝါးနန်းတော်၌ တစ်သက်လုံး အကျဉ်းချခံထားရသကဲ့သို့ ရှိတော့သည်။

လူသားတို့သည် လောကသဘာဝကို မလွန်ဆန်နိုင်ကြသည့်အလျောက် ဝါးတောင်ကုန်း၌ အနေကြာလာသော ကွေ့ဖုံးသည် ဖမ်းဆီးထားသည့် ယောကျ်ားများရှိရာ အကျဉ်းစခန်းအနီးသို့ အမှတ်မထင် ရောက်ရှိသွားသောတစ်နေ့တွင် ရှမ်းကျိုးနှင့်တွေ့ကာ မေတ္တာသက်ဝင်သွားခဲ့လေသည်။

အကျဉ်းသားယောကျ်ားများရှိသည့်နေရာသို့ မည်သူမျှ သွားခွင့်မရှိဘဲ သွားလျှင် ကြီးလေးသောအပြစ်ဒဏ်ခံရမည်ဟု ဝိညာဉ်နတ်ဘွားဘွားက တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ပြန်ထားလေသည်။

ကွေ့ဖုံးကား ရှမ်းကျိုးနှင့်ချစ်ကြိုက်မိပြီဖြစ်ရာ ဝိညာဉ်နတ်လက်ဝါးသိုင်းကို ဆက်လက်သင်ယူဖို့ စိတ်မဝင်စားတော့ဘဲ ရှမ်းကျိုးအားကယ်တင်ပြီး ထွက်ပြေးဖို့သာ ကြိုးစားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဆရာဖြစ်သူကို နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်ပြီး ဝါးတောထဲမှထွက်နိုင်မည့် လျှို့ဝှက်ချက်ကို စုံစမ်းခဲ့သည်။ စုံစမ်းသိရှိရသောအခါ တစ်ညတွင် ရှမ်းကျိုးအား ကယ်တင်ပြီး ထွက်ပြေးလာခဲ့လေသည်။

ကွေ့ဖုံးနှင့် ရှမ်းကျိုးတို့ လွတ်မြောက်သွားကြလျှင် ဝိညာဉ်နတ်ဘွားဘွားသည် ဒေါသခြောင်းခြောင်းထွက်ကာ သဲကြီးမဲကြီး လိုက်လံရှာဖွေခဲ့လေသည်။

မိမိတို့အား ရှာဖွေတွေ့ရှိလျှင် ဝါးနန်းတော်သို့ ပြန်လည်ဖမ်းဆီးခေါ်ဆောင်သွားပြီး ကြွက်ကျင်းထဲသို့ ပစ်ချကာ အပြစ်ဒဏ်ပေး၍ အဆုံးစီရင်မည်ကို ကွေ့ဖုံးသိထားလေသည်။

ထို့ကြောင့်လည်း လူသူဝေးလံပြီး တောတောင်ထူထပ်သည့် ဟွမ်တောင်ကြား၌ လာရောက်ပုန်းအောင်နေခဲ့ခြင်းဖြစ်လေသည်။

ဟွမ်တောင်ကြားသည် တောင်ကုန်းတောင်တန်း ပေါများသည်။ သစ်ကြီးဝါးကြီး ပေါများသည်။ မည်သည့်အရပ်ဒေသ၌မှ မရှိသော သစ်ပင်များ၊ ပန်းပင်များ၊ တောတောင်များကို တွေ့ရနိုင်သည်ဟု ထင်ရှား၏။

ကွေ့ဖုံးသည် ဟွမ်တောင်ကြား၌ ပုန်းအောင်းနေရသော်လည်း တစ်နေ့မှ စိတ်မချမ်းမြေ့နိုင်ခဲ့ပါ။ ဝိညာဉ်နတ်မယ်တော် တစ်နေ့ ရှာဖွေတွေ့သွားမည်ဟု တွေးကာ မပျော်ပိုက်နိုင်အောင် ဖြစ်နေခဲ့လေသည်။



ရှမ်းကျိုးသည်လည်း ဝိညာဉ်နတ်ဘွားဘွားအား ကြောက်ရွံ့လေသည်။ သို့သော် ... ဟွမ်တောင်ကြား၌ သူတို့အား ရှာမတွေ့နိုင်ဟု ယုံကြည်ထား၏။

"ညီမရယ် ... သူက ဒီနေရာအထိ လိုက်လာနိုင်မှာ မဟုတ်ပါဘူး၊ တကယ်လို့ လိုက်လာပြီး အစ်ကိုတို့ကို ရှာတွေ့သွားရင်လည်း အစ်ကိုဟာ ညီမရှေ့ကနေ အသေခံပြီး ရင်ဆိုင်သွားမှာပါ"

ဟု ပြောလိုက်လေသည်။ ကွေ့ဖုံး သက်ပြင်းချလိုက်လေသည်။

"အစ်ကို့ကို ကျွန်မ ယုံကြည်ပါတယ်ရှင်"

ဟု ပြောလိုက်သည်။ သူမသည် ရှမ်းကျိုးအား ချစ်လွန်း၍ ဆရာ၏ဒေါသအမျက်ကိုပင် လျစ်လျူရှုကာ ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်း မဟုတ်ပါလား။ ရှမ်းကျိုးက ...

"ဒီနေရာကို တော်ရုံတန်ရုံ ဘယ်သူမှ ရောက်မလာနိုင်ဘူး၊ ဘာမှမပူပါနဲ့ ညီမရယ်၊ ကဲ ... ယုန်ကင်စားပြီးရင် အနားယူလိုက်ကြတာပေါ့"

ဟု ပြောလေသည်။

"ကောင်းပါပြီရှင်"

ကွေ့ဖုံးကလည်း သဘောတူလိုက်လေသည်။ ထိုစဉ် ...

'ဝေါင်း'

ကျားဟိန်းသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဖုံးနှင့်ရှမ်းကျုံးတို့ ကပျာကယာ လှမ်းကြည့်လိုက်ကြ၏။ ထိုအခါ … မလှမ်းမကမ်းတစ်နေရာ၌ သမင်တစ်ကောင်သည် ရှေ့မှ အသက်လုပြေးနေပြီး ကျားကြီးတစ်ကောင်က အစာအလို့ငှာ သဲကြီးမဲကြီး လိုက် လံဖမ်းဆီးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကွေ့ဖုံး သက်ပြင်းချလိုက်၏။

သူမတို့အဖြစ်သည်လည်း ကျားကိုကြောက်၍ အသက်လုပြေးနေရသည့် သမင်လေးနှင့် တူလှသည်ဟု တွေးလိုက်မိလေသည်။ သမင်လေး လွတ်မြောက်သွားပါစေဟုလည်း ဆုတောင်းမိလေသည်။

သမင်လေးကား မည်သည့်နည်းနှင့်မျှ လွတ်မြောက်နိုင်မည် မဟုတ်ပါ။ သမင်လေးပြေးသွားသည့်လမ်း၏အရှေ့ဘက်တွင် ကျောက်တောင်ကြီးများ ကာဆီးနေသည် မဟုတ်ပါလား။

ကျောက်တောင်ကြီး နှစ်လုံးသည် ပခုံးချင်းယှဉ်ကာ ရှိနေ၏။ ထိုကျောက်တောင်နှစ်လုံးကြား၌ တောင်ကြားလမ်းအသွင် ရှိရမည်ဖြစ်သော်လည်း ထူးထူးခြားခြား အစိမ်းရောင်နံရံကြီးတစ်ခုက ကာဆီးနေ၏။

တောင်နှစ်လုံးကြား၌ အစိမ်းရောင်ကျောက်များ အစီအရီ ထပ်ကာ ပိတ်ဆို့ထားသည့်သဘောမျိုး ဖြစ်သည်။ ရှမ်းကျုံးက …

"သမင်လေးတော့ ကျားစာဖြစ်တော့မယ်"

ဟု ပြောလေသည်။ ကွေ့ဖုံးက …



"ကျွန်မတို့လည်း ဘယ်တော့ ဆရာ့လက်ချက်မိမလဲ မပြောနိုင်ဘူး"

ဟု ရေရွတ်လိုက်၏။ ရှမ်းကျုံးက …

"ခက်ပါလား ညီမရယ်"

ဟု ညည်းတွားလိုက်လေသည်။ ထိုအချိန်တွင် …

'ဝေါင်း … ဝေါင်း'

ကျားဟိန်းသံများ ထွက်ပေါ်လာလေသည်။ သမင်လေးသည် အစိမ်းရောင်နံရံအနီးသို့ ရောက်ရှိသွားပြီး ပြေးပေါက်မရှိတော့သဖြင့် ကြောက်လန့်နေ၏။ ကျားကြီးကလည်း တဝေါင်းဝေါင်း မာန်ဖီကာ ခုန်အုပ်ရန် ဟန်ပြင်နေ၏။

ကွေ့ဖုံးနှင့်ရှမ်းကျုံးတို့ လှမ်းကြည့်လိုက်လေသည်။ ရုတ်တရက် … သမင်လေးသည် အစိမ်းရောင် ကျောက်နံရံအတွင်းသို့ တိုးဝင်သွားသည်ကို တွေ့လိုက်ရ၏။ ရှမ်းကျုံးတို့ကြည့်နေစဉ် မျက်စိအောက်၌ပင် ပျောက်ကွယ်သွားခြင်း ဖြစ်ပါတော့သည်။

"ဟင်"

"ဟာ"

ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့ အံ့သြသွားကြလေသည်။ အစိမ်းရောင်ကျောက်နံရံအတွင်းသို့ သမင်လေးထိုးဖောက်ဝင်သွားကာ ပျောက်ကွယ်သွားသည်ကို မယုံနိုင်အောင် ဖြစ်နေကြပါတော့သည်။

'ဝေါင်း'

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးလည်း မာန်ဗီကာ ခုန်ဝင်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ ကွေ့ဖုံးက ...

"အစ်ကို တွေ့လိုက်ရပါတယ်နော်"

ဟု ပြောလေသည်။ ရှမ်းကျုံး ခေါင်းညိတ်လိုက်သည်။

"တွေ့တယ် ညီမ"

"အစ်ကို ဘယ်လိုသဘောရသလဲ"

"အတော်ထူးဆန်းတာပဲ"

ဤမျှသာ ရှမ်းကျုံး ပြောနိုင်တော့သည်။ အလင်းရောင်များ တစ်စထက်တစ်စ အားနည်းသွားသည်။ အမှောင်ရိပ်များ ကြီးစိုးလာသည်။ ကွေ့ဖုံးက ...

"မနက်မိုးလင်းရင် ကျွန်မတို့သွားကြည့်ကြတာပေါ့"

ဟု ပြောလေသည်။ ရှမ်းကျုံးလည်း သဘောတူလိုက်သည်။

ထိုနေ့ည ကွေ့ဖုံးနှင့်ရှမ်းကျုံးတို့နှစ်ယောက်စလုံး ကောင်းစွာ အိပ်မပျော်နိုင်ကြပါတော့ချေ။ မိုးလင်းသောအခါ၌လည်း သူတို့သွားမကြည့်ဖြစ်ခဲ့ကြပါ။ ကွေ့ဖုံးက အအေးမိကာ အပြင်းဖျားခဲ့ခြင်းကြောင့် ဖြစ်သည်။

ရှမ်းကျုံးသည် ဆေးမကုတတ်သဖြင့် ဝိညာဉ်နုတ်ဘွားဘွား၏အန္တရာယ် ရှိနေသော်လည်း မတတ်သာဘဲ ကွေ့ဖုံးအား ခေါ်



ဆောင်ကာ မြို့ကလေးတစ်မြို့သို့ ထွက်လာခဲ့ရလေသည်။ ဤတွင် ... သူတို့သည် မှင်စာလေးနှင့်တွေ့ဆုံခဲ့ကြခြင်း ဖြစ်ပေတော့သည်။

*

မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေလေသည်။

ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့သည် မြို့ကလေးဆီသို့ ရောက်ရှိလာကြပြီးဖြစ်သော်လည်း သမားတော်ရှာမရသဖြင့် တဝဲလည်လည် ဖြစ်နေကြပါတော့သည်။

သူတို့သည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်နေလိုက်ကြ၏။ ချောင်ကျကျစားပွဲတစ်လုံး၌ နေရာယူကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြလေသည်။

ကွေ့ဖုံးသည် ချွေးများထွက်လာကာ အဖျားကျလာသည်။ သို့သော် သူမအတွက် ဆေးကုဖို့ လိုအပ်နေသေးကြောင်း ရှမ်းကျုံး ယူဆထားလေသည်။ ဆိုင်လုလင်များထံ၌ စုံစမ်းကြည့်လိုက်သောအခါ ဤမြို့ကလေး၌ သမားတော်တစ်ယောက်ရှိပြီး ခရီးထွက်သွားကြောင်း သိရလေသည်။

"အခုမှဒုက္ခပဲ"

ရှမ်းကျုံး ညည်းတွားလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဖုံးက …

"ကျွန်မလည်း အဖျားကျသွားပြီပဲ၊ မပူပါနဲ့တော့ရှင်၊ ကျွန်မတို့ ပြန်ရအောင်"

ဟု ပြောလေသည်။ သူမသည် ဆရာဖြစ်သူအား ကြောက်လန့်နေပြီး တောထဲတောင်ထဲသို့ အမြန်ဆုံးပြန်သွားလိုကြောင်း ထင်ရှားနေပါတော့သည်။ ရှမ်းကျုံးက …

"ညီမရယ် သိပ်လည်းမလောပါနဲ့၊ ကျုပ်တို့တောထဲမှာ အနေကြာလို့ ညီမရထားတာ ငှက်ဖျားရောဂါပဲ ဖြစ်လိမ့်မယ်၊ ငှက်ဖျားရောဂါရဲ့သဘောဟာ အဖျားတက်လိုက် ကျလိုက်နဲ့ တော်ရုံနဲ့ မပျောက်နိုင်ဘူး၊ ကျုပ်တို့တောတောင်ထဲမှာ နေကြရဦးမယ်ဆိုတော့ မြို့ကို ခဏခဏလာလို့လည်း မဖြစ်ဘူး၊ ဒီတော့ သမားတော်ကြီး ပြန်ရောက်လာတဲ့အထိစောင့်ပြီး တစ်ခါတည်း ဆေးကုသွားကြတာ ကောင်းမယ်"

ဟု ဖျောင်းဖျလိုက်လေသည်။ ကွေ့ဖုံးက …

"ကျွန်မက သမင်နဲ့ကျား ထူးထူးဆန်းဆန်းတိုးဝင်ပျောက်ကွယ်သွားတဲ့ အစိမ်းရောင်ကျောက်နံရံကြီးရဲ့ လျှို့ဝှက်ချက်ကို သိချင်နေတာ၊ ပြန်ကြပါစို့ရှင်"

ထိုစဉ် …

"သမားတော်ရှာနေတယ်ဆိုရင် ကျုပ်က ကုသပေးနိုင်ပါတယ်"



စကားသံတစ်ချက် ထွက်ပေါ်လာပြီး လူတစ်ယောက်ရောက်ရှိလာ၏။ ထိုလူမှ မှင်စာလေးဖြစ်လေသည်။

*

ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့သည် လူစဉ်မမီသော ရုပ်ဆိုးလူပုလေး (ဝါ) မှင်စာလေးအား သဘောမကျကြပါချေ။ သို့သော် …

"ကျုပ်က ငှက်ဖျားရောဂါပျောက်အောင် ဆေးကုပေးနိုင်တယ်၊ ပြီးတော့ အင်မတန်ထူးခြားတဲ့ကိစ္စတစ်ခုလည်း သိချင်တယ်"

ဟု အစချီလာသဖြင့် ကွေ့ဖုံးတို့က လက်ခံခဲ့ကြခြင်းဖြစ်လေသည်။ ရှမ်းကျုံးက …

"ခင်ဗျား ဘာသိချင်သလဲ"

ဟု တွဲတိုးပင် ပြန်မေးလိုက်လေသည်။ မှင်စာလေးက …

"ထိုးဖောက်ဝင်ရောက်သွားနိုင်တဲ့ ကျောက်စိမ်းနံရံကြီးဆီကို ကျုပ်ကို လိုက်ပို့ပေးရမယ်"

ဟု တောင်းဆိုလေသည်။

ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့သည် အကင်းပါးသူများဖြစ်ကြလေသည်။ ထိုကျောက်စိမ်းနံရံကြီးသည် အလွန်လျှို့ဝှက်ဆန်းကြယ်နေကြောင်း ရိပ်မိထားကြသဖြင့် မှင်စာလေး၏တောင်းဆိုမှုကို လက်

www.burmeseclassic.com

www.burmeseclassic.com



မခံဘဲ နေလိုက်ကြ၏။ ရှမ်းကျုံးက ...

"ဝမ်းနည်းပါတယ်ဗျာ ... ကျုပ်တို့ လက်မခံနိုင်ပါဘူး"

မှင်စာလေးက ...

"ဘာဖြစ်လို့လဲ"

ဟု မေးလေသည်။ ရှမ်းကျုံးက ...

"ဒီလိုထူးဆန်းတဲ့နေရာ လောကပေါ်မှာ မရှိနိုင်ပါဘူး၊ ကျုပ်တို့ပဲ သိထားကြတာ ကောင်းမယ်လို့ ယုံကြည်ထားလို့ပါ"

မှင်စာလေးက ...

"ကျောက်စိမ်းနန်းရံအကြောင်း သိရင် မင်းတို့အတွက် ဘာများထူးခြားမှာလဲ"

"ခင်ဗျားကရော သိလို့လား"

"သိတာပေါ့"

"ဒါဖြင့် ပြောဗျာ"

ရှမ်းကျုံးက အငိုက်ဖမ်းကာ မေးလိုက်လေသည်။ မှင်စာလေးကလည်း မခေပါ။

"ကျုပ်ကိုလိုက်ပို့ပေးမယ်ဆိုရင် ပြောပြပါ့မယ်"

ဟု အခွင့်အရေး တောင်းလေသည်။ ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ ရှမ်းကျုံးက

"ဝမ်းနည်းပါတယ်ဗျာ ... ကျုပ်တို့ ဘယ်မှာနေတယ်ဆိုတာကို လူသိမခံနိုင်ပါဘူး၊ ဒါကြောင့် မပြောနိုင်ပါဘူး"



ဟု ငြင်းလိုက်၏။ မှင်စာလေးက ...

"အင်း ... မင်းတို့မပြောရင်တော့ သိုင်းလောကသားတိုင်း လိုချင်မက်မောနေကြတဲ့ အခွင့်အရေးတစ်ခုကို ဆုံးရှုံးလိုက်ရမှာပေါ့၊ ဒီလိုကိစ္စမျိုးဆိုတာ တိုက်ဆိုင်ဖို့ အတော်ခက်ပါတယ်၊ မင်းတို့က ကျောက်စိမ်းနန်းရံကိုတွေ့ထားတယ်၊ ကျုပ်က အဲဒီနန်းရံအကြောင်းကို သိတယ်၊ ကျုပ်သိထားတဲ့နန်းရံဟာ မင်းတို့တွေ့ခဲ့တဲ့နန်းရံပဲဆိုရင်တော့ လက်ခမောင်းခတ်လို့ ရပြီပေါ့၊ နှစ်ပေါင်းသုံးရာအတွင်း ဘယ်သူမှ ရှာမတွေ့ခဲ့တဲ့ လျှို့ဝှက်ချက်ထုစ်ခုကို ကျုပ်တို့တွေ့ရတော့မှာပဲ"

ကွေ့ဖုံးက ...

"ကျွန်မတို့တွေ့ထားတဲ့နန်းရံဟာ ရှင်သိထားတဲ့ နန်းရံမဟုတ်ဘူးဆိုရင်ရော"

ဟု မေးလိုက်လေသည်။ မှင်စာလေးက ...

"ဒါတော့ ကံတရားပေါ့၊ ကျောက်စိမ်းနန်းရံ နောက်တစ်ခုကို လိုက်ရှာရဦးမှာပေါ့"

ကွေ့ဖုံးက ...

"ရှင်က ဘာကြောင့်ရှာနေရသလဲဆိုတာရော ပြောပြနိုင်မလား"

ဟု မေးမြန်းသည်။ မှင်စာလေးက ...

"ကျုပ်က အာယုဒီဃသစ်သီးကို လိုချင်လို့ပါပဲ"

ထိုစကားကြားလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျုံးနှင့်ကွေ့ဖုံးတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

*

ရှမ်းကျုံးသည် ဝါးနန်းတော်၌ အကျဉ်းသားအဖြစ် ဖမ်းဆီးခံခဲ့ရသောအခါ ကွေ့ဖုံးကိုသိမ်းသွင်းကာ ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားခဲ့သည်။

ကွေ့ဖုံးနှင့်တောထဲတောင်ထဲ လိုက်ပြီးနေခဲ့သည်မှာ လည်း ချစ်လွန်း၍မဟုတ်ဘဲ ဝိညာဉ်နုတ်ဘွားဘွားကို ကြောက်၍ ရှောင်နေခြင်းဖြစ်သည်။

အခွင့်အရေးရသည်နှင့် ကွေ့ဖုံးအား ထားရစ်ခဲ့ကာ ကိုယ်လွတ်ရုန်းသွားဖို့ စိတ်ကူးထား၏။ ယခု အာယုဒိဗ္ဗသစ်သီးအကြောင်း ကြားလိုက်ရသောအခါ အခွင့်အရေးကို လက်လွှတ်မပေးလိုတော့ပါချေ။

"အာယုဒိဗ္ဗသစ်သီးအကြောင်း သိုင်းလောကသားတိုင်း သိထားကြတာပဲ၊ ခင်ဗျားက ဘာများပိုထူးပြီး သိနေမှာမို့လဲ"

ဟု မခံချင်အောင်ဆွပေးကာ မေးလိုက်လေသည်။ မှင်စာလေးက ...



"ကျုပ်က သူများတွေထက် ပိုထူးပြီး သိတာကတော့ ကျောက်စိမ်းတောင် နံရံကြီးအကြောင်းပါပဲ"

"ဘာဆိုင်လို့လဲဗျ"

"ဆိုင်တယ် ... ကျောက်စိမ်းနံရံကြီးဆီ ကျုပ်ကိုခေါ်သွားရင် ဘာထူးသလဲဆိုတာ ကျုပ် လက်တွေ့ပြနိုင်တယ်"

ရှမ်းကျုံးက ကွေ့ဖုံးအား လှမ်းကြည့်လိုက်သည်။ ကွေ့ဖုံးက ...

"ရှင်က ကျောက်စိမ်းနံရံကိုတွေ့ရင် အာယုဒိဗ္ဗသစ်သီးကို ရအောင်ယူနိုင်မယ်ပေါ့ ... ဟုတ်လား"

ဟု မေးလိုက်သည်။ မှင်စာလေးက ...

"ဟုတ်တယ် ... အာယုဒိဗ္ဗသစ်သီးကို ဘယ်လိုရှာရမယ်၊ ဘယ်အချိန်မှာ ခူးယူရမယ်၊ ဘယ်လိုအသုံးချရမယ်ဆိုတာကအစ ကျုပ် သိထားတယ်"

ကွေ့ဖုံးက ...

"အင်း ... အာယုဒိဗ္ဗသစ်သီးကို ရှင်တစ်ယောက်တည်း လိုချင်နေတာမဟုတ်ဘူး ... သိုင်းလောကသားတိုင်း လိုချင်နေကြတာ"

ဟု ညည်းလိုက်သည်။ မှင်စာလေး ရယ်မောလိုက်လေသည်။

"မင်းတို့လည်း လိုချင်ကြတာပဲ မဟုတ်လား"

ကွေ့ဖုံးလည်း ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

မှင်စာလေး ခေါင်းညိတ်လိုက်လေသည်။

"ရပါတယ် ... ကျုပ်တို့တစ်ယောက်ချင်း ရနိုင်ဖို့မှ အခွင့်အရေး မရှိတာ၊ ကံစပ်လို့ရတာ တစ်ယောက်တစ်ခြမ်းယူမယ်ဆိုရင်ရော"

"အို ... မရတာထက်စာရင် တစ်ခြမ်းဆိုလည်း မနည်းပါဘူး"

ကွေ့ဖုံး သဘောတူလိုက်လေသည်။ ရှမ်းကျုံးကမူ ...

"သုံးယောက်ရှိတာ တစ်ခြမ်းစီယူလို့ ဘယ်ဖြစ်မှာလဲ၊ သုံးပုံ အညီအမျှဝေခြမ်းပြီး ယူသင့်တာပေါ့"

အခွင့်အရေးသမားပီပီ ဝင်ပြောလိုက်လေသည်။ မှင်စာလေးသည် ရှမ်းကျုံးကို တစ်ချက်ကြည့်လိုက်ပြီး မအီမလည်ဖြင့် သဘောတူလိုက်ရလေသည်။

"ကောင်းပြီလေ ... သုံးယောက် အညီအမျှဝေယူကြတာပေါ့၊ တစ်ခုတော့ရှိတယ် ... ကျောက်စိမ်းနံရံဟာ ကျုပ်ရှာနေတဲ့ နံရံဖြစ်နေပြီး အာယုဒိဗ္ဗသစ်သီး ရှိတဲ့နေရာကို တွေ့ရပြီဆိုရင်လည်း ကျုပ်စကားကို တစ်သဝေမတိမ်းနားထောင်ဖို့တော့ လိုလိမ့်မယ်၊ မင်းတို့ ကတိပေးမှ ဖြစ်မယ်"

ကွေ့ဖုံးက ...

"ဘာဖြစ်လို့လဲဆိုတာ ပြောစမ်းပါဦးရှင့်"

ဟု မေးလေသည်။ မှင်စာလေးက ...



"အာယုဒိဗ္ဗသစ်သီးဟာ အတော့်ကို ထူးဆန်းတယ်၊ ဝင်းမှည့်ချိန်ရောက်မှ အာနိသင်ရှိတယ်၊ အပင်ကိုမထိရဘူး၊ မကိုင်ရဘူး၊ သစ်သီးမှည့်တဲ့အချိန်ထိ စိတ်ရှည်လက်ရှည်စောင့်ရမယ်၊ ကျုပ်တို့ရှာတွေ့တဲ့အချိန်မှာ မှည့်ဝင်းနေပြီဆိုရင် တစ်မျိုးပေါ့လေ"

ကွေ့ဖုံးက ...

"ဩော် ... သစ်သီးကိုခူးယူဖို့ လိုအပ်ချက်တွေကို ရှင် သိထားပြီး ရှင့်စကားကို နားထောင်ခိုင်းတာပေါ့ ... ဟုတ်လား"

မှင်စာလေးက ...

"ဟုတ်တယ် ... တခြားအရေးကြီးတာတော့ မရှိပါဘူး"

"ဒါများရှင် အရေးမကြီးပါဘူး၊ ကျွန်မတို့ ကတိပေးပါတယ်"

ရှမ်းကျုံးက ...

"ကျုပ်လည်း ကတိပေးပါတယ်ဗျာ"

ဟု ဝင်ပြော၏။ မှင်စာလေး ဝမ်းသာသွားသည်။

"ဒါဖြင့် ကျုပ်တို့သွားကြတာပေါ့"

"နေဦး"

ရှမ်းကျုံးက ဟန့်တားလိုက်ပြီး ...

"ကျုပ်မိန်းမနေမကောင်းဘူးဗျ၊ သူ့ကို ဆေးအရင်ကုပေးပါ၊ သူနေကောင်းသွားမှ သွားလို့ရမယ်"

ဟု အခွင့်အရေးတောင်းလိုက်လေတော့သည်။

*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းနံ့ရုံ ...။

ရှမ်းကျုံး၊ ကွေ့ဖုံးနှင့် မှင်စာလေးတို့သည် ကျောက်စိမ်းနံ့ရုံကြီးရှေ့သို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။ မှင်စာလေးသည် ကျောက်စိမ်းနံ့ရုံကြီးကို အကဲခတ်ကြည့်လိုက်ပြီး ...

'ဟား .. ဟား .. ဟား'

သဘောကျစွာ ရယ်မောလိုက်လေသည်။ ရှမ်းကျုံးက ...

"ခင်ဗျား ဘာရယ်တာလဲ"

ဟု မေးလိုက်လေသည်။ မှင်စာလေးက ...

"သဘောကျလို့ပါ ... ဒါဟာ ကျောက်စိမ်းနံ့ရုံ မဟုတ်ပါဘူး၊ ဘေးတစ်ဖက်တစ်ချက်မှာရှိတဲ့ တောင်နှစ်လုံးက ထွက်ပေါ်နေတဲ့ အလင်းရောင်တွေဟာ ရောထွေးသွားပြီး ရောင်ပြန်ဟပ်တဲ့သဘောပါ၊ အလင်းတန်းတွေ ထောင်သောင်းချီသွားပြီး အချင်းချင်းရောထွေးသွားတော့ သိပ်သည်းသွားပြီး နံ့ရုံကြီးတစ်ခုလိုဖြစ်သွားတာပါ၊ ဒါဟာ ကျုပ်ရှာနေတဲ့ ကျောက်စိမ်းနံ့ရုံပဲ၊ အာယုဒိဗ္ဗသစ်သီးရှိတဲ့ တောင်ကြားရဲ့ဝင်ပေါက်ပေါ့"

ဟု ရှင်းပြလေသည်။ ကွေ့ဖုံးက ...

"ရှင် သေချာရဲ့လား"

ဟု မဝံ့မရဲ မေးလေသည်။ မှင်စာလေးက ...



"မင်း မယုံရင်ကြည့်"

ဟု ပြောကာ ကျောက်စိမ်းနံ့ရုံအတွင်းသို့ တိုးဝင်သွား၏။ နံ့ရုံအစစ်မဟုတ်ဘဲ တောင်နှစ်လုံးမှ ရောင်ပြန်အလင်းတန်းများ သိပ်သည်းနေခြင်းကြောင့် နံ့ရုံကြီးဟု ထင်ရခြင်းဖြစ်ပေသည်။ မှင်စာလေးသည် ကွေ့ဖုံးတို့ရှေ့မှ ဖြုတ်ခနဲ ကွယ်ပျောက်သွားလေတော့သည်။

"ဟင်"

"ဟာ"

ကွေ့ဖုံးနှင့်ရှမ်းကျုံးတို့ လွှတ်ခနဲ ရေရွတ်လိုက်ကြလေသည်။ ကွေ့ဖုံးက ...

"သူပျောက်သွားပြီ"

"ဟုတ်တယ်"

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

"သူ့နောက်ကို လိုက်သွားကြတာပေါ့"

"ဖြစ်ပါ့မလားရှင်"

"ဖြစ်ပါတယ်၊ သူတောင် သွားလို့ရသေးတာပဲ၊ ကဲ ... လာ"

ရှမ်းကျုံးသည် ကွေ့ဖုံး၏လက်ကိုဆွဲကာ ကျောက်စိမ်းနံ့ရုံအတွင်းသို့ တိုးဝင်လိုက်လေသည်။

ရုတ်တရက် ... သူတို့နှစ်ယောက်၏ရင်ထဲ အေးခနဲ ဖြစ်သွားသည်။ ဝန်းကျင်တစ်ခုလုံး အစိမ်းရောင်များ ဖုံးလွှမ်းသွားသည်။ မိမိ၏ ခြေထောက်များကိုပင် ပြန်မမြင်ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျိုးက ကွေ့ဖုံး၏လက်ကိုဆွဲကာ ရှေ့ဆက်လျှောက်သွား၏။ သို့ဖြင့် ... ဆယ့်လေးငါးလှမ်းမျှ သွားလိုက်ပြီးသောအခါ အစိမ်းရောင်များသည် တစ်စထက်တစ်စ လျော့ပါးသွားပြီး ရှေ့၌ အလင်းရောင်အချို့ရှိနေသည်ကို ဝိုးတဝါး တွေ့လိုက်ရသည်။

နေရောင်ဖြစ်သည်။

ရှမ်းကျိုးတို့ ခပ်သွက်သွက်သွားလိုက်ကြရာ မကြာပါချေ ... အစိမ်းရောင်နယ်မြေအတွင်းမှ လွတ်မြောက်လာပြီး တစ်ဖက်တောင်ကြားအတွင်းသို့ ရောက်ရှိသွားကြလေသည်။

ဤ တွင် ...

အလွန်ထူးဆန်းတဲ့ အံ့သြဖွယ်ကောင်းသော ကမ္ဘာသစ်တစ်ခုသို့ ရောက်ရှိသွားကြသည်ဟု ခံစားလိုက်ကြရလေတော့သတည်း။

*ပထမပိုင်း ပြီး၏။*

*ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com